
www.burmeseclassic.com



www.burmeseclassic.com

# အသင်



# ပိုင်ချိုချိုလေး
# တစ်ခွက်

စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

## အသင်၏ဆက်လက်ထွက်ရှိလာမည့်စာအုပ်များ


၁။ ညဉ်၏ရစ်ပတ်နှောင်ဖွဲ့တတ်သော

၂။ မိုးပြောတဲ့နှင်းဆီပုံပြင်

ယခုလ

၃။ ဝိုင်ချိုချိုလေးတစ်ခွက်

ဆက်လက်၍

၄။ ကောင်းကင်ဘုံသို့တမ်းချင်းတစ်ပုဒ်

၅။ ကြင်ယာတော် ခခလေး

၆။ ပန်းနုရောင်သင်္ကေတလေးရဲ့အနားသတ်မှာ

၇။ ရင်သို့ကြွေလင်း လတစင်း

၈။ စံပယ်တခင်းပေးရန်ရှိသည်။

၉။ အကြင်နာတကယ်စစ်ရင်

၁၀။ အချစ်မှော်နှင်တဲ့အမုန်းယာဉ်




## ၁

မိန်းကလေးကျောင်းတစ်ကျောင်း၏ ရုံးခန်းထဲတွင် ဖြစ်သည်။ မျက်နှာပေါ်တွင် ရင့်တွင်းခံစားချက်မျိုးစုံ အရောင်ဟပ်နေသော ကျောင်းသူနှစ်ယောက်နှင့် သူမတို့၏အုပ်ထိန်းသူ မိခင်နှစ်ယောက်တို့ တိတ်ဆိတ်စွာ ထိုင်နေကြသည်။ ကျောင်းအုပ်



www.burmeseclassic.com

www.burmeseclassic.com



ဆရာမကြီး ဒေါ်စံထားသည် ထိုကျောင်းသူနှစ်ယောက်ကို အကဲခတ်ဟန်ဖြင့် ကြည့်လိုက်သည်။

"ဒီပုံအတိုင်းဆိုရင် ဘယ်လိုများတောင် လုပ်ရမယ်မသိဘူး။ ဝိုင်ချိုရီ ရုံးခန်းထဲရောက်ရတာ အကြိမ်ကြိမ်ရှိနေပြီ။ ထစ်ခနဲဆို ဘယ်သူနဲ့လဲလို့ မေးစရာမလိုဘူး ဝိုင်ချိုရီပဲ"

"အခုက တော်တော်ဆိုးပါတယ် ဆရာမကြီး၊ ကျွန်မသမီးလေး ဒီဆံပင်ရှည်အထိရောက်ဖို့ တော်တော်ကို ထားခဲ့ရတာ အခုတော့ကြည့်ပါဦး၊ သိပ်ကိုရိုင်းလွန်းတယ်၊ ဆရာမကြီး ထိုက်သင့်တဲ့အပြစ်ကိုပေးပါ"

ဒေါ်စံထားသည် ဆံပင်ကုပ်ဝဲဘဝသို့ ချက်ချင်းအသွင်ပြောင်းသွားသော ကျောင်း၏အလှတစ်ပါးဖြစ်သော စံမိုကျော့၏မိခင်စကားကြောင့် ခေါင်းတဆတ်ဆတ် ညိတ်နေမိသည်။

ဝိုင်ချိုရီ၏မိခင် ဒေါ်သီဂီသည် အလွန်တရာကို မျက်နှာပျက်နေပါသည်။ သမီးဖြစ်သူဆိုးသမျှ ပေသမျှကို နည်းမျိုးစုံဖြင့် လိုက်လံရှင်းခဲ့ရတာ အကြိမ်ပေါင်းလည်း မနည်းတော့ပေ။ ဒီတစ်ခါတော့ ကျောင်းအထုတ်ခံရဖို့ သေချာသလောက် ရှိနေပါသည်။





"ဝိုင်ချိုရီ ... ကျန်ခဲ့တဲ့နှစ်တွေရဲ့အမှုတွေတော့ ပြန်မပြောချင်တော့ဘူး။ ဒီတစ်နှစ်အတွင်းမှာ မင်းလုပ်ထားတာတွေ ပြန်အမှတ်ရအောင် ပြောပြမယ် ...

(၁) အခန်းထဲက ကောင်မလေးတစ်ယောက်က မင်းဖိနပ်ကို မတော်တဆ တက်နင်းမိတာကို မင်းက သူ့ဖိနပ်သဲကြိုးကို ခဲတံချွန်တဲ့ဓားနဲ့ လှီးပစ်ခဲ့တယ် ...

(၂) သန့်ရှင်းရေးမလုပ်လို့ အသင်းခေါင်းဆောင်က ဆူတာကို အလိုမကျဖြစ်ပြီး သူ့ကျောပိုးအိတ်ကို မုန့်စားဆင်းချိန်မှာယူပြီး တခြားအခန်းထဲမှာ သွားထားထားတယ် ...

(၃) အတန်းရှေ့က Whiteboard ပေါ်မှာ ကြက်တူရွေးပုံဆွဲပြီး တီချယ်အာချောင်(ခ)ဒေါ်လှင်းလင်းဝေလို့ ရေးခဲ့တယ် ...

အခု နံပါတ်(၄) စံမိုကျော်ရဲ့ဆံပင်နောက်ကျောကို ပီကေတွေနဲ့ကပ်ခဲ့တယ်"

ဝိုင်ချိုရီသည် နည်းနည်းလေးမှ မျက်နှာမပျက်ဘဲ ကျောင်းအုပ်ဆရာမကြီးက သူမအမှုများ ပြောကြားနေသည်ကို နားထောင်နေသည်။ သူမစိတ်ထဲတွင် ကျောင်းအုပ်ဆရာမကြီးကို



www.burmeseclassic.com

www.burmeseclassic.com



တရားသူကြီးတစ်ဦးဟု ထင်မြင်မိပြီး၊ သူမကတော့ ဝက်ခြံထဲမှာရောက်နေသော ရာဇဝတ်သားတစ်ဦးနှယ် မြင်ယောင်မိ၏။

"မင်းမှာ အပြစ်ရှိလား ဝိုင်ချိုရီ"

သူ့အတွေးစကို ဆရာမကြီးက ဖြတ်ပစ်လိုက်သည်။ ဝိုင်ချိုရီက ကမန်းကတန်း ခေါင်းခါလိုက်၏။ ပြီးတော့ ခပ်တည်တည်နှင့် လေသံအေးအေးလေးနှင့် ပြောလိုက်လေသည်။

"ချိုရီ့အပြစ်အားလုံးတော့မဟုတ်ပါဘူး ဆရာမကြီး၊ သရဖို ဖိနပ်ကို ဓားနဲ့ဖြတ်တယ်ဆိုတာက သူ နောက်တစ်ခါ ချိုရီ့ ဖိနပ်ကို တက်မနင်းတော့အောင် သတိထားစေချင်လို့ပါ ...

အသင်းခေါင်းဆောင် နီနီကျော်က သူဖြင့်ဘာမှမ လုပ်ဘဲ အသင်းသားတွေချည်း ဖိနိုင်းနေလို့ သူ့ကျောပိုး အိတ်ကို လိုက်ရှာရတဲ့အလုပ်လေး ပေးမိတာပါ ...

ဘိုင်အိုဆရာမနာမည်ကို ကြက်တူရွေးပုံအောက်မှာ ရေးမိတာကလည်း ကျောင်းသူအားလုံးရဲ့ကိုယ်စား ဆရာမကို သတိပေးမိတာ။ တစ်နေ့ တစ်နေ့ နိုင်ငံခြားမှာကျောင်းသွားတက်တဲ့သူ့သားအကြောင်းကို မိနစ်လေးဆယ်လောက် ပြောပြီး ငါးမိနစ်လောက်ပဲ စာသင်လို့ပါ"





"ဩော် ... တော်တော်လည်းကောင်းတဲ့ ဆင်ခြေပဲ၊ ကဲ ... ပြောစမ်းပါဦး၊ စံမိကျော့ရဲ့ဆံပင်ကို ဘာလို့ ပီကေနဲ့ကပ်ရတာလဲ"

ဒေါ်စံထားသည် မဟုတ်တရုတ် အကုန်လုပ်ပြီး သူ့အပြစ်မဖြစ်အောင် ရှောင်ကွင်းပြောတတ်သော ဝိုင်ချိုရီကို အငေါ်တူးသောလေသံဖြင့် မေးလိုက်သည်။

"ဒါကလည်း သူ့ကို ကောင်းစေချင်လို့ပါ။ ဆရာမကြီး မယုံရင် သူ့ကိုမေးကြည့်ပါ။ သူ့ဆံပင်အရှည်တွေကို အခန်းထဲက ကောင်မလေးတွေက အရမ်းလှတာပဲလို့ပြောတိုင်း 'ငါ ဒီဆံပင်တွေကို မေမေထားခိုင်းလို့ ထားရတာ၊ အရမ်းစိတ်ညစ်တာပဲ၊ စိတ်ညစ်တာပဲ"နဲ့ ညည်းညည်းညူညူကို ပြောနေတာ ...

သူက ချိုရီ့ရှေ့မှာ ထိုင်တာဆိုတော့ သူ့ရဲ့ဆံပင်နဲ့ ပတ်သက်ပြီး ညည်းညူနေတာ အမြဲကြားနေရပြီး သနားတာနဲ့ပဲ ဆံပင်ညှပ်ပစ်ရအောင် လုပ်ပေးလိုက်တာပါ"

ဝိုင်ချိုရီ၏စကားအဆုံးမှာတော့ အားလုံးရဲ့မျက်လုံးတွေက စံမိကျော့ဆီ ရောက်သွားပါတော့တယ်။ စံမိကျော့ကလည်း



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်စကားနဲ့ကိုယ်မို့ ဝိုင်ချိုရီကို ပြုံးမငြင်းရဲခဲ့ပါ။ တကယ်တော့ သူမ ဒီဆံပင်ရှည်ရှည်တွေကြောင့် ကျောင်းမှာ စကားဖြစ်နေရတာလေ။ ဒီဆံပင်တွေကို သူမ မဖြတ်နိုးဘဲ နေပါ့မလား။ တမင်ဟန်လုပ်ပြီး ပြောတာကို ဝိုင်ချိုရီ အမြင်ကတ်ပြီး ပညာပေးသည်ကို သူမ ကောင်းကောင်းသိသည်ပေါ့။

"ဘာပဲဖြစ်ဖြစ်လေ ဒီလိုလုပ်တာတော့ ဘယ်ကောင်းပါ့မလဲ။ ဒီတော့ ဒီခံဝန်ချက်မှာ လက်မှတ်ထိုးပါ ဝိုင်ချိုရီ၊ မသိဂ်ီလည်း လက်မှတ်ထိုးပေးပါ။ နောက်တစ်ခါ ဝိုင်ချိုရီကြောင့် ပြဿနာတစ်စုံတစ်ရာတက်ရင် ကျောင်းကနေထုတ်ပစ်တာကို လက်ခံပါ့မယ်ဆိုတာ လက်မှတ်ထိုးပေးပါ။ ဘယ်လိုပဲဖြစ်ဖြစ် စာမေးပွဲကလည်း နီးလာပြီဆိုတော့ ဝိုင်ချိုရီကို စာထဲမှာပဲ အာရုံစိုက်စေချင်တယ်"

ဝိုင်ချိုရီသည် ရှေ့မှာအဆင်သင့်ရှိသော ဘောလ်ပင်ကိုယူပြီး လက်မှတ်ထိုးလိုက်ကာ မိခင်ဖြစ်သူကို ခံဝန်စာရွက်လှမ်းပေးလိုက်လေသည်။ မေမေ့မျက်ဝန်းထဲတွင် မီးတောက်နေသည်ကို မြင်နေရသည်။ သို့သော် ချိုရီကတော့ မျက်နှာတစ်ချက်မညှိုးပေ။





သူများတကာတွေက ဆံပင်ကို ဖြောင့်လိုဖြောင့်၊ ကောက်လိုကောက် လုပ်နေကြချိန်တွင် ဝိုင်ချိုရီသည် ရှေ့ဆံမှုရိုင်း၊ နောက်ဆံပင်အကုပ်အဖောင်းလေးထားပြီး ဘီးကုပ်လှလှလေးတွေကို တစ်နေ့တစ်မျိုး မရိုးအောင်တပ်လေသည်။ မျက်လုံးဝိုင်းဝိုင်း၊ ရှုတူတူနှုတ်ခမ်းလေးနှင့် ပါးဖောင်းဖောင်းနှင့် သူမသည် ချောသည်ဟုလည်း နာမည်တပ်မရ၊ ချစ်စရာကောင်းသည်ဟုလည်း ယတိပြတ်ကြီး ပြောမရသော ခပ်ညစ်ညစ် ကလေးဆိုးကောင်မလေးတစ်ယောက်နှင့် တူနေသည်။

တစ်ဦးတည်းသောသမီးဖြစ်ပြီး အစွမ်းကုန် အလိုလိုက်ခံထားရကာ စိတ်ထင်ရာလုပ်တတ်သော သူမည၌ဆိုးကြောင့် အမြဲတစေ ခေါင်းကိုက်နေရသူက သူမမိခင် ဒေါ်သိဂ်ီပင်ဖြစ်သည်။ အမြဲပြဿနာကို မီးထွန်းရှာတတ်၍ (troublemaker)ဟု သူမကို တစ်ဆွေလုံးတစ်မျိုးလုံးက ကင်ပွန်းတပ်ပေးကြသည်။ ဆယ်တန်းစာမေးပွဲကို ချောချောမောမောဖြင့် ပြီးစီးအောင် ဖြေပေးခဲ့သည်ကိုပဲ သူ ထိုကလေးမကို ကျေးဇူးပြန်တင်နေရသည်။

"ချိုရီရေ တရုတ်ဆရာမ လာပြီဟေ့"

"ချိုရီရေ ... ကွန်ပျူတာဆရာမ လာပြီဟေ့"



www.burmeseclassic.com

www.burmeseclassic.com



"ချိုရီရေ … ပန်းချီဆရာမ လာနေပြီနော်၊ ပုံဆွဲစာအုပ်တွေ နဲ့ အောက်ထပ်ကိုဆင်းလာခဲ့တော့"

ဆယ်တန်းစာမေးပွဲဖြေပြီး၍ နားရမည်မကြံရသေး ဆရာမတွေ တစ်ယောက်ထွက်လိုက် တစ်ယောက်ဝင်လိုက်နှင့် ကြားထဲတွင် နာရီဝက်ပြည့်အောင်ပင် မနားရတာ ကြာတော့ ချိုရီ အလွန်တရာကို စိတ်ပျက်ရပါသည်။ ဖြစ်နိုင်လျှင် ဘာကိုမှ မသင်ချင်ပါ။

အိမ်ကိုပြောမရသည့်အဆုံးတွင် သူမကိုလာသင်သော ဆရာမများကို ပညာပြဖို့ ကြံစည်လေတော့သည်။

"နီလေးလား … ကိုယ်ပါ၊ မနက်ဖြန်ချိန်းထားတာ 'ကို' မလာဖြစ်တော့ဘူး။ နိုင်ငံခြားကဧည့်သည်တွေကို ဆိုက်ဒ် ထဲလိုက်ပြရမှာမို့လို့လေ၊ စကားလေး ဘာလေး ပြောပါဦး၊ စိတ်ကောက်နေတာလား၊ ကို့တကယ်အရေးကြီးနေလို့ပါ၊ မနက်ဖြန် အလုပ်ပြီးမှ ဖုန်းပြန်ဆက်လိုက်မယ်"

"ရပါတယ်၊ ကိစ္စမရှိပါဘူး နားလည်ပါတယ်"

ချိုရီသည် တရုတ်ဆရာမ ဒေါ်နီလာဆွေ၏အသံ ရှတတကို အတုခိုးကာပြောရင်း ဖုန်းချလိုက်လေသည်။





ဝိုင်ချိုရီသည် ဖုန်းချပြီးတာနှင့် ချက်ချင်းဆိုသလို ထိုဖုန်းအဝင်ကို delete လုပ်ပစ်လိုက်သည်။ စောင့်ပါလေစေ၊ ပြီးတော့ သူတို့ရည်းစားချင်း ပြဿနာတက်ကြ၊ နောက်တော့ သူမလက်ချက်မှန်းသိပြီး သူမကို လာမသင်ရင် သူမ ဒီတစ်ဘာသာ လွတ်လပ်ခွင့်ရပြီပေါ့။

"အန်တီ့ကိုပြောရမှာတော့ အားနာပါတယ်၊ အန်တီ့သမီး က ဘယ်လိုပြောမလဲ၊ အာရုံစူးစိုက်မှု သိပ်မရှိဘူး။ ဒီမှာ လေကြည့်ပါဦး သူဆွဲထားတဲ့ပုံ၊ ကျွန်မတပည့် တစ်တန်း ကလေးဆွဲတာတောင် သူ့ထက်လှတယ်၊ ကျွန်မကလည်း သင်ရင်တတ်မှကြိုက်တယ်။ စိတ်ဝင်တစားနဲ့ လိုက်ဆွဲရင် ဘယ်လိုပဲဖြစ်ဖြစ် သည်းခံပြီး သင်ပေးလို့ရသေးတယ်"

ပန်းချီဆရာမက မေမေ့ကို သူမ၏ပန်းချီတိုးတက်မှု မရှိပုံကို တိုင်တန်း၍နေသည်။

ဝိုင်ချိုရီက မျက်လုံးလေး ပေကလတ် ပေကလတ် လုပ်နေလေသည်။ ပုံစံက သူမ ဘာအပြစ်မှမလုပ်ထားသောပုံမျိုး ဖြင့်ဖြစ်သည်။ ဒေါ်သီဂီသည် သမီးဖြစ်သူကို ဘာဖြစ်လို့လဲလို့



www.burmeseclassic.com

www.burmeseclassic.com



မေးလည်းမမေးလိုတော့ပါ။ သူမမှာ ဖြေစရာအဖြေအဆင်သင့်ရှိနေမည်မှာ သေချာသောကြောင့်ဖြစ်သည်။

တခြားဘာသာစကားတော့ ဘယ်လိုနေသည်မသိ။ မြန်မာစကားတော့ ကောင်းကောင်းကို တတ်လေသည်။ တရုတ်ဆရာမကလည်း ချိုရီ့အကြောင်း ဖုန်းဆက်တိုင်တန်းပြီး လာမသင်တော့။ အခုလည်း ပန်းချီဆရာမကို လုပ်ပြန်ပြီ။

ပန်းချီဆရာမ နှုတ်ဆက်ထွက်သွားလေတော့ ချိုရီသည် နှစ်ခြိုက်စွာ ပြုံးနေမိသည်။ အခုဆို မေမေလည်း သဘောပေါက်လောက်ပြီ။

ချိုရီ နားချင်သည်။ ချိုရီ လွတ်လပ်ပေါ့ပါးစွာ ဘာအပူအပင်၊ ဘာတာဝန်မှမရှိဘဲနှင့် ကျောင်းမတက်ရသေးခင် နေချင်မိသည်။

မေမေက စကားဖြင့်ပြောပြ၍ နားမလည်သဖြင့် အပြုအမူနှင့် ရုပ်လုံးပေါ်အောင် ဖန်တီးပေးမိသည်။ နောက်ဆုံးတော့ မေမေ သက်ပြင်းသဲ့သဲ့ချကာ သူမကို စိတ်ကုန်ဟန်တစ်ချက်ကြည့်ပြီး ထွက်သွားသည်။





စာကြည့်ခန်းထဲတွင် ချိုရီတစ်ယောက်တည်း ထိုင်ကျန်နေခဲ့သည်။ ဤကျောင်းပိတ်ရက်ကို ဘယ်လိုတန်ဖိုးရှိသော ပျော်ရွှင်မှုမျိုးရအောင် လုပ်ရမလဲဆိုသော အတွေးရောင်စုံတို့နှင့်ပေါ့။

○ ❦ ○



www.burmeseclassic.com

www.burmeseclassic.com



## ၂

"ထန်"သည် စာကြည့်စားပွဲတွင် စာထိုင်ဖတ်နေတာ နှစ်နာရီနီးပါး ရှိနေပြီမို့ ညောင်းညာလာဟန်ဖြင့် စာအုပ်ကို လက်ကအသာချကာ အကြောဆန့်လိုက်လေသည်။ ထန်သည် တစ်မြန်နှစ်က ဗိသုကာအင်ဂျင်နီယာဘွဲ့ကို ရရှိထားသူဖြစ်ပြီး





ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုတွင် ဝင်ရောက်လုပ်ကိုင်နေသူဖြစ်သည်။

"ထန်"တို့ရဲ့ Top Construction Group က PAE (ပစ္စည်းလက်ခ ပုတ်ပြတ်စနစ်)ဖြင့် အဆောက်အအုံအသစ်၊ အဟောင်းများကို ပြန်လည်တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ ဆောက်လုပ်မည့်မြေနေရာကို တိုင်းတာ၍ ခေတ်မီဒီဇိုင်းထုတ်ပေးကာ တိကျသောကုန်ကျစရိတ် တွက်ပေးခြင်းနဲ့ Archi structure ပုံဆွဲပေးခြင်းတို့အပြင် မျက်နှာကြက်နှင့် အခန်းတွင်းအလှဆင်ခြင်းတို့ကိုပါ စေတနာထားပြီး အထူးတာဝန်ယူပြီး ဝန်ဆောင်မှုပေးနေသော လုပ်ငန်းစုဖြစ်ပါသည်။

သူက ကုမ္ပဏီရဲ့ (design team)မှာ ဝင်ရောက်ရပြီး၊ လေ့လာသင်ယူစရာတွေကလည်း များလွန်းလှတာမို့ အားလပ်သောအချိန်များတွင် ဗိသုကာနှင့် ပတ်သက်သော စာအုပ်မျိုးစုံကို ရှာဖွေစုဆောင်း ဖတ်ရှုသလို၊ online တွင်လည်း လိုက်၍ စနည်းနာခဲ့သည်။ သူက အလုပ်တွင် အောင်မြင်သောသူတစ်ယောက်ဖြစ်ချင်သည်လေ။



www.burmeseclassic.com

www.burmeseclassic.com



"ထန် … အခုအချိန်အထိ စာဖတ်နေတုန်းပဲလား၊ ညီတော့ ထန့်လိုသာ စာထိုင်ဖတ်နေရမယ်ဆို ပျင်းလို့သေမှာပဲ"

သူ့အခန်းထဲသို့ "ထူး"က ဝင်လာပြီး ပြောလိုက်တာမို့ သူ အစိမ်ပြာယ်ပါပါ ပြုံးလိုက်လေသည်။

"လူတစ်ယောက်မှာ ဇောတစ်ခုကပ်လာရင် ဘာကြီးပဲဖြစ်နေ ဖြစ်နေ သူလိုချင်တာတစ်ခုကိုရဖို့အတွက် လုပ်ရတာကို ပျင်းတယ်လို့ မယူဆဘူး၊ မင်းလည်း ဘာထူးလို့လဲ 'ထူး'၊ တစ်နေ့ တစ်နေ့ အင်တာနက်ဆိုင်သွားပြီး chatting ထိုင်ရတာ မပျင်းဘူး မဟုတ်လား"

"ထန်တို့ကတော့ ဖောက်ပြီ၊ ညီက ဒီနှစ်မှ ဆယ်တန်းဖြေထားတာဗျ၊ ထန့်လိုတော့ မလေးနက်နိုင်သေးဘူး"

"ဟုတ်ပါတယ်၊ ငါလည်း ဘာပြောရသေးလို့လဲ ညီရဲ့၊ ဒါပေမဲ့ လူဆိုတာ ရည်ရွယ်ချက်တစ်ခုတော့ ရှိသင့်တယ်၊ ကြီးကြီးငယ်ငယ်ပေါ့၊ အချိန်ဆိုတာ ဘာနဲ့မှအစားထိုးလို့ မရအောင် တန်ဖိုးကြီးလွန်းတယ်ကွ"

"ဟုတ်ကဲ့ပါ ထန်ရာ၊ လောလောဆယ်တော့ speaking လေးတက်၊ ကွန်ပျူတာလေးတက်နေတာလေးနဲ့ပဲ ကျေနပ်ပေးပါနော်"





ထန်က ထိုင်ခုံမှထ၍ သူ့ခုတင်ပေါ်တွင် ထိုင်နေသော ညီဖြစ်သူ "ထူး"၏ လက်မောင်းကို ခပ်ဖွဖွလေး ထိုးလိုက်လေသည်။

"မင်း အပြင်သွားတုန်း ဖုန်းတွေခဏခဏ လာသွားတယ်၊ တစ်ခါဆက်ရင် နာမည်တစ်မျိုးနဲ့ပဲ"

"ဟာ … ထန်ကလည်း၊ အဲဒါ သူငယ်ချင်းတွေပါ၊ ညီ့ ဟန်းဖုန်းဆက်လို့မရလို့ အိမ်ဖုန်းကို ဆက်ကြတာဖြစ်မယ်"

"သားရေ … ထန်၊ ယုသံစဉ် လာနေတယ်ဟေ့"

ဧည့်ခန်းဆီမှ ပျံ့လွင့်လာသော မေမေ့ရဲ့အသံကြောင့် "ထူး"က မနှစ်လိုဟန် မျက်နှာမဲ့လိုက်လေသည်။ နေရာတကာမှာ ဆရာမကြီးလုပ်သော ထိုအမျိုးသမီးကို သူ ကြည့်မရပါ။ သူမကိုသာ မရီးတော်ရလျှင်တော့ သူ့မှာ နေစရာတောင်ရှိမည် မဟုတ်တာ သေချာပါသည်။

ရှိရင်းစွဲအသက်ထက် ပို၍ရင့်ကျက်တည်ငြိမ်နေသည့် အိမ်ရှင်မကောင်းတစ်ယောက်ပုံ ဖမ်းနေသော သူမသည် မြန်မာစာ ဝုဏ်ထူးတန်းဝင်ပြီး အထက်တန်းပြဆရာမ အသက်စက်စက်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပြန်တာမို့ "ထန့်"အစား သူ ရင်လေးမိသည်။ သူနဲ့သာ ယူလိုက်ရင် ဘယ်လောက် ဆရာလုပ်လိုက်မလဲ တွေးလို့တောင် မရ။

ထန်နှင့် မယုက အထက်တန်းကတည်းက ခင်လာကြသော သူငယ်ချင်းဖြစ်ကြသလို မိဘချင်းကလည်း ခင်မင်ရင်းနှီးကြတာမို့ တစ်ယောက်အိမ်တစ်ယောက် ဝင်ထွက်ကြပြီး နှစ်ဖက်မိဘများက သဘောတူထားကြသူများ ဖြစ်ကြသည်။

မယု မျက်ဝန်းထဲတွင် "ထန့်"ကို ချစ်မြတ်နိုးရိပ်များ ထင်ဟပ်နေပေမင့် ထန်ကတော့ အားလုံးပြည့်စုံပြီး ငြင်းစရာမရှိသော မယုကို ဘဝကြင်ဖော်အဖြစ် ဦးနှောက်နှင့်ရွေးချယ်ထားပုံပေါ်၏။

"ဟင် ... ရေခဲသေတ္တာထဲမှာလည်း ဘာမှမရှိပါလား"

ဟု သံစဉ်သည် ရေခဲသေတ္တာတံခါးကို ဆွဲဖွင့်ပြီး အထဲတွင် ဟောက်ပက်ဖြစ်နေသော မြင်ကွင်းကိုကြည့်ကာ ပြောလိုက်သည်။

"အေး ... အူမီး ယုရယ်၊ အန်တီ ဒီရက်အတောအတွင်း အပြင်မထွက်ဖြစ်တာနဲ့ပဲ ဘာမှကိုမဝယ်ဖြစ်ဘူး"





"အန်တီကလည်း ... သမီးကို ပြောလိုက်ရောပေါ့၊ မဖြစ်သေးပါဘူး၊ ထန့်ရေ ... Citymart သွားရအောင်လေ၊ ထန်တို့ကလည်း အစားအသောက် ဝယ်တာတွေကို ကိုယ့်ကိစ္စမဟုတ်ဘူးလို့ မသတ်မှတ်နဲ့လေ၊ ပြီးတော့ ဟိုကောင်လေး 'ထူး'လည်း ဒီအတိုင်းပဲ၊ အားအားရှိ အပြင်ထွက်ဖို့လောက်ပဲ သိတယ်"

ဒေါ်စံထားသည် ချွေးမလောင်း၏စကားကို အပြည့်အဝ ထောက်ခံဟန်ဖြင့် ပြုံးကာခေါင်းညိတ်နေသည်။ ယုသံစဉ်လက်ထဲတွင် "ထန်"တစ်ယောက် အဆင်ပြေမည်မှာ သေချာပါသည်။ ယုသံစဉ်က ရင့်ကျက်တည်ငြိမ်ပြီး မိန်းမပီသသည်။ စည်းစနစ်ကြီးပြီး အလိုက်သိတတ်သူလည်း ဖြစ်သည်။

သူမကိုယ်တိုင်ကလည်း အထက်တန်းကျောင်းအုပ်ဆရာမကြီးတစ်ယောက် ဖြစ်သဖြင့် ထက်မြက်သွက်လက်သော မိန်းမပီသသော အထက်တန်းပြဆရာမ ချွေးမလောင်းလေးကို အထူးပင် သဘောကျမိလေသည်။ ဒေါ်စံထားသည် ထွက်သွားသော ကျောပြင်နှစ်ခုကိုကြည့်ကာ သူတို့ကို တရားဝင်စေ့စပ်ပေးဖို့ ဆုံးဖြတ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်မှာဆို တစ်နေ့ လက်ထပ်ရမည့် အတူတူ ဇာတ်လာတွဲကို ဆောင်ရွက်ပေးချင်ပေမယ့် 'ထန်'က အလုပ်ကို ပိုအာရုံစိုက်ပြီး ကြိုးစားနေတာမို့ "ထန့်"အတွက် အချိန်တစ်ခု လောက် ပေးသင့်သည်ဟု သူမ ယူဆကာ နှုတ်ဆိတ်နေရခြင်း ဖြစ်သည်။

"မေမေ့မျက်နှာကြီးက ပြုံးနေတာပဲ"

ထူးသည် ဒေါ်စံထား ဘေးနားတွင် ဝင်ထိုင်ကာ ပြောလိုက်သည်။

"သားငယ် ... ယုသံစဉ်ကို လေးလေးစားစားဆက်ဆံပါ၊ တစ်နေ့ သူက သားရဲ့မရီးဖြစ်လာမှာ"

ဒေါ်စံထားသည် သူမဘေးနား ဝင်ထိုင်လာသော သားဖြစ်သူခေါင်းလေးကို ခပ်ဖွဖွပွတ်ရင်း ပြောလိုက်သည်။

"မယုကတော့ လွန်ပါတယ် မေမေရာ၊ နေရာတကာ ဆရာလုပ်လွန်းတယ်။ သားတော့ သူ့ကိုမရီးမတော်ချင်ပါဘူး"

"မဟုတ်တာ သားရယ်၊ သူ အမြင်မတော်တာရှိရင် ပြောတယ်ဆိုတာက သားကို ကောင်းစေချင်လို့ပါ"





"ဟင့်အင်း မေမေ၊ သားတော့ ဒီလိုမထင်ဘူး၊ ပါဝါပြတယ် လို့ပဲထင်တယ်၊ တကယ်ဆို သူနဲ့ ထန်နဲ့က ဘာမှဟုတ် သေးတာ မဟုတ်ဘူး၊ လူကြီးတွေ သဘောတူကြတယ်ဆို တာကလည်း တရားဝင်မှ မဟုတ်သေးဘဲ"

ဒေါ်စံထားက သားငယ်ထူး၏စကားကို လျစ်လျူရှု ကာ စားပွဲပေါ်တွင် ထင်ထားသော သတင်းစာကို ကောက်ယူ ဖတ်လိုက်သည်။ "ထူး"ကလည်း အလိုက်သိစွာ နေရာမှထထွက် လာခဲ့သည်။ မေမေက သူ စကားမပြောချင်တော့ဘူးဆိုရင် ဒီလိုပဲ တစ်ခုခုဆီ ဦးတည်ချက်ပြောင်းတတ်သည်။

"ထူး"သည် သူ့အခန်းထဲသို့ ဝင်သွားပြီး နားနှစ် ဖက်ကို နားကြပ်တပ်ပြီး သီချင်းနားထောင်နေလိုက်သည်။ ဘယ်လို နည်းနဲ့ဖြစ်ဖြစ် မယုသည် သူ၏မရီးမဖြစ်စေရ။ သူ၏မကျေမနပ် ဖြစ်နေသော စိတ်အစဉ်သည် အတန်ကြာတော့ သီချင်းတွေရဲ့ သံစဉ်တွေကြား လွင့်မျောပျောက်ဆုံးသွားလေသည်။

အနော်ရထာလမ်းက Citymart ထဲတွင် ယုသံစဉ် က ရှေ့မှအသီးအရွက်၊ အသီးအနှံ ကောင်းနိုးရာရာတွေကို ရွေး ယူပြီး "ထန်"ကိုင်ထားသော ခြင်းထဲသို့ ထည့်နေသည်။ ဈေးဝယ်



www.burmeseclassic.com

www.burmeseclassic.com



သူတွေက လိုက်ဖက်ညီစွာ ချောမောသော ထိုစုံတွဲကို လိုက်ငေးကြ၏။

“ထန်”သည် ယုသံစဥ်၏ သွက်လက်စွာ ဈေးဝယ်နေဟန်ကိုကြည့်ကာ နှစ်လိုဟန်ဖြင့် ပြုံးလိုက်သည်။ ယုသံစဥ်က ဇနီးကောင်းတစ်ယောက် ဖြစ်လာမှာ သံသယရှိရန် မလိုအပ်ပါ။ ငယ်ငယ်ကတည်းက ခင်မင်ရင်းစွဲ သံယောဇဥ်က သူတို့နှစ်ယောက်ကြားထဲတွင် ခိုင်မာခဲ့ပါသည်။ တစ်ယောက်နဲ့တစ်ယောက် ငြင်းဆိုစရာအကြောင်းလည်း မရှိကြပါ။

“ယု တော်တော့လေ၊ ဒီလောက်ဆို ရပါပြီ”

“နေဦး ထန်ရဲ့၊ ထန် ကြိုက်တတ်တဲ့ ကြက်သားအပြားလေး ယူလိုက်ဦးမယ်”

ယုသံစဥ်က ပြောလည်းပြော လူကလည်း သွက်လက်စွာ freezer ထဲမှ ကြက်သားပြားတစ်ထုပ်ကို ကောက်ယူကာ ခြင်းထဲသို့ လှည့်ထည့်လိုက်သည်။

ထန်သည် အချစ်ကို နားမလည်ပါ။ စိတ်လည်းမဝင်စားပါ။ ထန်၏ ရည်မှန်းချက်က ထန်လုပ်သည့်အလုပ် အောင်မြင်ဖို့နှင့် ထန့်ကို နားလည်နိုင်ဆုံး အစစအရာရာပြည့်စုံသော မိန်းမ





တစ်ယောက်နှင့် အောင်မြင်သော အိမ်ထောင်တစ်ခု တည်ဆောက်ကာ တည်တည်ငြိမ်ငြိမ်နှင့် ဘဝခရီးကို လျှောက်လှမ်းရန်ဖြစ်သည်။

“မမနို မပြီးသေးဘူးလား”

ဝိုင်ချိုရီသည် တစ်ခုပြီးတစ်ခု မပြီးနိုင် မစီးနိုင်အောင် ဝယ်နေသော မမနီကို စိတ်မရှည်တော့ဟန်ဖြင့် ပြောလိုက်သည်။

“အေးပါ ချိုရီရယ်၊ မာမီလေး မှာလိုက်တာတွေက အများကြီးပဲဟာကို”

မမနီက လှည့်မကြည့်ဘဲပြောကာ ဝက်အူချောင်းတစ်ထုပ်ကို လက်လှမ်းလိုက်ပြန်သည်။ ချိုရီသည် ဈေးဝယ်ခြင်းကြီးကိုကိုင်၍ မမနီနောက်မှလိုက်ရတာ ကြာတော့လည်း ပျင်းလာသည်။

ရုတ်တရက် မမနီကို စ,ချင်စိတ်ပေါက်ကာ မမနီနောက်မှ သာသာလေးလှည့်ထွက်လာ၍ ဆပ်ပြာတွေ၊ သွားတိုက်ဆေးနဲ့ ခေါင်းလျှော်ရည်ပစ္စည်းများထားရာ အတန်းထဲသို့ပြေးဝင်လိုက်သည်။

“ဟဲ့ ... ဟဲ့ ... အို ... ဘယ်လိုဖြစ်တာလဲ”



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်ချိုရီသည် အမျိုးသမီးတစ်ယောက်ကို ဝင်တိုက်မိပြီး ထိုအမျိုးသမီးကိုင်ထားသော သွားတိုက်ဆေးဘူးက အောက်သို့ ပြုတ်ကျသွားလေသည်။

"ထန်"သည် ယိုင်သွားသော ယုသံစဉ်၏ပခုံးကို လှမ်းထိန်းလိုက်ရင်း ပြေးဝင်လာသော ကောင်မလေးကို နမော်နမဲ့နိုင်ရန်ကော ဟူသော အကြည့်ဖြင့် ကြည့်လိုက်သည်။

"ဆောရီး မမ၊ မတော်လို့ပါနော်"

ဝိုင်ချိုရီသည် ကျသွားသော သွားတိုက်ဆေးဘူးကို ကောက်ယူပေးရင်း ပြောလိုက်သည်။ "ထန်"သည် စပို့ရှပ်နက်ပြာရောင်နှင့် ဒူးသာသာ စကတ်အတိုအဖြူလေး ဝတ်ထားသော ပျိုမျစ်နုနယ်သော မျက်နှာလေးနှင့် ကောင်မလေးကို တစ်ချက်ကြည့်လိုက်ပြီး ခပ်မာမာလေး ပြောလိုက်သည်။

"ဒါ ရှောပင်းစင်တာနော် ကလေးမလေး၊ ကစားကွင်းနဲ့ မှားပြီးလျှောက်ပြေးမနေနဲ့၊ အခုလွတ်ကျသွားတာ သွားတိုက်ဆေးဘူးမို့လို့၊ ကွဲတတ်တဲ့ပစ္စည်းဆို မင်း ပြန်လျော်ရမှာ"





ဝိုင်ချိုရီသည် ချောမောဖြူသန့်နေသော ထိုအစ်ကိုကြီး၏ရုပ်နှင့်မလိုက်စွာ ထွက်လာသော မာကျောသောစကားကြောင့် ထောင်းခနဲ ဒေါသထွက်သွားသည်။ တောင်းပန်ပြီးပြီပဲ ကျေနပ်သင့်တာပေါ့။ ကွဲတတ်တဲ့ပစ္စည်းဆိုလည်း ချိုရီတို့က ဆယ်ဆတောင် ပြန်လျော်နိုင်သေးတာပဲ။ ချိုရီသည် ထိုလူကြီးကို ဒေါသရောင်လက်လက်ထက်နေသော မျက်ဝန်းတို့ဖြင့် စိုက်ကြည့်နေလေသည်။

"ယုရေ ... ပြီးပြီ မဟုတ်လား"

ထန်သည် ထိုကလေးမ၏အကြည့်ကို မသိချင်ယောင်ဆောင်လိုက်ကာ ယုသံစဉ်ကို ငုံ့ပြီးမေးလိုက်သည်။ အမယ်လေး ... ချိုသာလိုက်တဲ့အသံ။ သူ့ကောင်မလေးကိုကတော့ တော်တော့်ကို ချိုသာတာပဲ၊ ဝိုင်ချိုရီသည် ကိုယ့်အပြစ်နှင့်ကိုယ်မို့ ဘာမှမပြောသာသော်လည်း သူမ၏ပြဿနာရှာတတ်သော စိတ်တို့က သူမကို တစ်ခုခုလုပ်ရန် တွန်းအားပေးနေ၏။

သူတို့စုံတွဲ သူမအားမှ လှည့်ထွက်သွားစဉ်တွင် ဝိုင်ချိုရီသည် ထိုလူကြီး၏နောက်မှနေ၍ သူ၏ကတ္တီပါဖိနပ်အနက်လေးကို သူ့ခြေအကြွတွင် တက်နင်းပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ထန်"သည် ရုတ်တရက်မို့ ရှေ့ကိုဟတ်ထိုးလဲတော့မလို ဖြစ်သွားပြီး မျက်နှာရဲရဲဖြင့် နောက်မှသူ့ဖိနပ်ကိုတက်နင်းလိုက်သောသူကို ဒေါသတကြီး လှည့်ကြည့်လိုက်သည်။ ဝမ်းသာအားရရယ်မောနေသော ထိုကလေးမကို အတွေ့တွင် ဆွဲထိုးပစ်ချင်သည်အထိ အမျက်ချောင်းချောင်း ထွက်မိလေသည်။

ထန်သည် ထိုကောင်မလေး၏ ရှေ့တည့်တည့်သို့ လှည့်ကာ ...

"တောက် ... မင်း ဘယ်လိုမိန်းကလေးမျိုးလဲ၊ ဒါ တမင်သက်သက် နောက်ကနေ ငါ့ဖိနပ်ကို တက်နင်းလိုက်တာ မဟုတ်လား"

"ဒီမှာ ကောင်မလေး၊ မင်းလုပ်နေတာတွေက တော်တော်ဆောင်ကျော်လာပြီနော်၊ ပထမကိစ္စက မတော်တဆမို့ ခွင့်လွှတ်လို့ရသေးတယ်၊ အခုကိစ္စက တမင်ကြီးလုပ်တာဆိုတာ အသိအသာကြီး"

ယုသံစဉ်ကလည်း ထိုကောင်မလေး၊ လုပ်ရပ်ကို မနှစ်မြို့စွာ ခပ်စွာစွာလေး ဝင်ပြောလိုက်လေသည်။

"ဟဲ့ ... ဟဲ့ ... ဘယ်လိုဖြစ်ကြတာလဲ"





မေနီသည် ချိုရီပျောက်လို့ လိုက်ရှာရင်း စကားများသံတွေကြောင့် ကသောကမျော ထိုသုံးယောက်နားသို့ ပြေးလာသည်။

"ဒီမှာ အစ်မ၊ သူ အစ်မနဲ့ ဘာတော်တာလဲတော့ မသိဘူး၊ တော်တော်ကို ရိုင်းတယ်၊ ပထမ ကျွန်မကို ဝင်တိုက်တယ်၊ ထားတော့ မတော်တဆ ဖြစ်တယ်ဆိုပြီး၊ အခု ဖိနပ်ကို နောက်ကနေ တက်နင်းတယ်။ သူနဲ့ရွယ်တူတန်းတူလည်း မဟုတ်ဘူး"

ကျောလယ်လောက်ရှိသော ဆံပင်စင်းစင်းလေးနှင့် ကော်လာထောင်ခါးတို မြန်မာအင်္ကျီနှင့် ထဘီဝတ်ဆင်ထားသော ချောမောသော်လည်း မာနကြီးဟန်ရှိသော တိုအမျိုးသမီးသည် မမကို တိုင်တန်းလိုက်သည်။

မေနီသည် အစကတည်းက ချိုရီ့ကို ဈေးဝယ်ထွက်ဖို့ ခေါ်မသွားချင်ခဲ့ပါ။ ရောက်လေရာ နေရာတိုင်းတွင် ပြဿနာရှာတတ်သော trouble maker လေးသည် မျက်နှာတစ်ချက်မပျက်ဘဲ ခပ်တည်တည်လေး ရပ်နေရင်းက ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါလည်း မတော်တဆ ဖြစ်တာပဲ၊ ဒီကဦးနဲ့အန်တီတို့နဲ့ ချိုရီရဲ့ ဘာပြဿနာမှ ရှိတာမှမဟုတ်တာ"

ဟု ပြောလိုက်သည်။ သူတို့နှစ်ယောက် ချိုရီ့ထက် အလွန်ဆုံးကြီးရင် လေးငါးခြောက်နှစ်ပေါ့။ လူကိုခေါ်တာကအစ ကလေးမလေး ဘာလေးနှင့် ဒီလောက်တောင်ကြီးချင်နေတဲ့ သူတို့ကို တမင်ကို ဦးနှင့်အန်တီ ခေါ်ပေးလိုက်သည်။

ထန်နှင့် ယှဉ်သံစဥ်သည် ဦးနှင့် အန်တီဟု အခေါ်ခံလိုက်ရသဖြင့် နည်းနည်းတော့ အောင့်သွားလေသည်။ အရောင်းဝန်ထမ်း အစ်မကြီးတွေက ချိုရီတို့ အနားရောက်လာတော့ မမနီက ထိုနှစ်ယောက်ကို ချိုရီ့ကိုယ်စား တောင်းပန်လိုက်ကာ ချိုရီ့လက်ကို အတင်းဆွဲခေါ်လာသည်။

"အရမ်းရိုင်းတာပဲ၊ ကိုယ့်ညီမသာဆိုရင် အခုလောက်ဆို ဆွဲဆောင့်ပစ်လိုက်ပြီ"

ထန်သည် သူ့ကိုယ်သူ အပြစ်ကင်းသယောင်ပုံစံမျိုးဖြင့် ထွက်သွားသော ထိုကောင်မလေးရဲ့နောက်ကျောကိုကြည့်ရင်း ပြောလိုက်သည်။





"အခုခေတ် မိန်းကလေး တော်တော်များများက ဒီလိုပဲ ထန်ရဲ့၊ တချို့ ချမ်းသာတဲ့မိသားစုက သားသမီးတွေဆို လူကို လူလို့တောင် ထင်ကြရဲ့လား မသိဘူး။ မိဘတွေက တအားမြှောက်ထားလို့ ဆိုးနေ၊ ရိုင်းနေကြတာ၊ ကဲပါ ထန်ရယ်၊ ဒီကိစ္စ ခေါင်းထဲမထည့်စမ်းပါနဲ့၊ Casher မှာ ငွေသွားရှင်းကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



# ၃

"ပျင်းတယ် ... ပျင်းတယ်၊ ပျင်းလွန်းလို့ သေတောင်သေတော့မလား မသိဘူး"

ဝိုင်ချိုရီသည် တစ်ယောက်တည်း အခန်းပတ်လည် လျှောက်သွားပြီး အော်နေလေသည်။ အခန်းထဲရှိ လူများက သူမကို ဘယ်သူမှ အဖက်မလုပ်ကြပါလေ။ မမနီက ခုတင်ပေါ်တွင်





ဝတ္ထုစာအုပ် အဖတ်မပျက်သလို၊ ကိုသွေးနှင့် ကိုကိုကြီးတို့က လည်း သူတို့မျက်လုံးတွေကို ကွန်ပျူတာဂိမ်းမှ လုံးဝမခွာပါ။ ဧည့်ခန်းထဲတွင် မမမိုနှင့် မမကိုတို့ ကိုရီးယားကား ကြည့်နေမည် မှာ သွားကြည့်ဖို့တောင် မလိုအပ်ပါ။

ဝိုင်ချိုရီသည် ဘာမှလုပ်စရာမရှိသဖြင့် သူ့ဟာနဲ့သူ အေးအေးဆေးဆေးနေနေကြသော ညီအစ်မဝမ်းကွဲ၊ အစ်ကိုဝမ်းကွဲတွေကို အနှောင့်အယှက်ပေးဖို့ ဆုံးဖြတ်လိုက်လေသည်။

"ဟဲ့ ဟဲ့ ... ဘာလုပ်တာလဲ၊ ငါ စာဖတ်နေတယ်လေ ချိုရီ"

မမနီက သူ့လက်ထဲမှစာအုပ်ကို ဆွဲလုသော ညီမဖြစ်သူကို မကျေမနပ် အော်လိုက်သည်။

"နောက်မှဖတ်ပါ မမနီရယ်၊ ချိုရီ ပျင်းလို့ပါ"

ချိုရီက မျက်နှာငယ်ငယ်ဖြင့် ပြောလိုက်သည်။

"သွားပါ ချိုရီရယ်၊ မိုမိုတို့နဲ့ ကိုရီးယားကားသွားကြည့်ပါလား ... သွား"

"ကျွတ် ... ရတယ်၊ နင်ထုတ်စရာမလိုဘူး၊ တစ်ခါတလေ ညီအစ်မတွေ စုမိပါတယ်၊ စကားလေး ဘာလေးပြောရ



www.burmeseclassic.com

www.burmeseclassic.com



မလားမှတ်တယ်၊ စာအုပ်ကို လက်ကနေတောင် မချဘူး။ ရတယ် ... ရတယ် ... ဆက်ဖတ်"

ဝိုင်ချိုရီသည် ရှုပ်ပုပ်မျက်နှာဖြင့် ခုတင်ဘေးမှ ထွက်သွားသည်။ ရုတ်တရက် ခေါင်းထဲတွင် အကြံတစ်ချက် လက်ခနဲ ရလိုက်တာမို့ သွားပေါ်အောင် ပြုံးလိုက်သည်။

"ကိုကိုကြီး ဘယ်ဂဏန်းအကြိုက်ဆုံးလဲ ပြော"

ဝိုင်ချိုရီသည် ကိုကိုကြီးနှင့် ကိုသွေး ကွန်ပျူတာဂိမ်း ဆော့နေရာသို့ သွားမေးလိုက်သည်။ အနားကထွက်သွားပြီးရင် ပြီးရောပုံစံမျိုးဖြင့် ကျော်သက်သည် ပါးစပ်ထဲရှိရာ ဂဏန်းတစ်လုံး ပြောလိုက်သည်။

"နှစ်"

"ငါက 'ကိုး' ချိုရီ၊ နင် မေးနေရမှာစိုးလို့ ကြိုပြောထားတာ"

ကိုသွေးက လှည့်မကြည့်ဘဲ ပြောလိုက်သည်။ ဤသို့နှင့် ဝိုင်ချိုရီသည် မမနို၊ မမမိုနှင့် မမကိုတို့ဆီမှ ဂဏန်းတစ်လုံးစီလိုက်မေးရင်း ဧည့်ခန်းထဲတွင် အထီးကျန်ဆန်နေသော သူမနှင့် ဘဝတူဖုန်းလေးကို နံပါတ်စဉ်အတိုင်း ကောက်နှိပ်လိုက်ပါတော့သည်။





"ဟယ်လို"

ဟိုတစ်ဖက်က နှုတ်ခွန်းဆက်သံကို ကြားလိုက်ရသည်။ ယောက်ျားတစ်ယောက်၏ အသံဖြစ်ပြီး ချိုရှရှနှင့် နားထောင်လို့ကောင်းလှသည်။

"အေမိနဲ့ ပြောချင်လို့ပါ"

ဝိုင်ချိုရီသည် စိတ်ကူးထဲပေါ်လာတာ ပြောချလိုက်သည်။

"ဪ ... ဖုန်းမှားနေပါတယ်၊ ဒီမှာ အေမီ မရှိပါဘူး"

"ခဏ ... ခဏ ... ဖုန်းမချပစ်နဲ့နော်၊ အေမီမရှိလည်းရပါတယ်။ ရှိတဲ့လူနဲ့ စကားပြောချင်လို့ပါ"

ဝိုင်ချိုရီသည် တစ်ဖက်ကလူ ဖုန်းချသွားမှာစိုးရိမ်မိပြီး ပျာပျာသလဲ ပြောလိုက်သည်။

"ဆောရီးပဲ ... မိန်းကလေး လာအီတာကို နားထောင်ပေးဖို့ အချိန်မရှိဘူး၊ ပါးစပ်သိပ်အားနေရင် တစ်ခုခုစားချင်စား၊ မစားရင် သီချင်းဆိုနေ"

တစ်ဖက်လူက ပြောပြီးသည်နှင့် ဖုန်းကိုချပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်ချိုရီ့မျက်နှာက ရှက်စိတ်ကြောင့် ရဲရဲနီနေသည်။ ဝိုင်ချိုရီသည် ဖုန်းကိုဒေါသတကြီး ချပစ်လိုက်လေ၏။ ဖုန်းလေးနားထောင်ရတာ ဘယ်လောက်ပင်ပန်းသွားမှာမို့လို့လဲ။ သူ့ပုံစံက သူ ဘယ်သူလဲဆိုတာသိပြီး တမင်တကာ လာရောနေသည်ဟု ထင်နေဟန်ရှိသည်။ ဖုန်းထပ်ခေါ်ပြန်တော့လည်း ဖုန်းလာကိုင်မည့်သူ မရှိပါ။

"ဟော့ ... trouble maker လေး ဘာပြဿနာရှာပြန်ပြီလဲ"

ဖုန်းစင်ဘေးနားတွင် ငုတ်တုတ်ထိုင်နေသော ချိုရီ့ကို မမနီနှင့် မမကိုက လှမ်းပြောလိုက်သည်။ ချိုရီက လေးတွဲ့တွဲ့နှင့် လျှောက်လာပြီး အစ်မနှစ်ယောက်ကြားတွင် ဝင်ထိုင်လိုက်ရင်း ...

"မမတို့ နောက်သုံးရက်လောက်နေပြီးမှ ပြန်ပါလား"

ဝိုင်ချိုရီသည် မျှော်လင့်ချက်တွေပါသော မျက်ဝန်းတစ်စုံနှင့်ကြည့်ကာ ပြောလိုက်သည်။

"ဟယ် ... ဘယ်ရမှာလဲ၊ မမတို့က ကျောင်းတက်ရဦးမယ်လေ"

"ကျောင်း ... ဒီအိမ်ကတက်ပေါ့"





မိုမိုက ညီမဖြစ်သူဆံပင်တွေကို ချစ်စနိုးဖြင့်ဆွဲဖွလိုက်၏။ တကယ်တော့ ဝိုင်ချိုရီက သနားစရာ၊ တစ်ဦးတည်းသောသမီးဖြစ်ပြီး အဖော်ကမရှိတော့ သူမတို့ကို တကယ့်ညီအစ်မအရင်းလိုချစ်ရှာသည်။

"အလကားပါ မိုမိုရယ်၊ မေကိုတို့ လာနေလည်း သူ့မှာ ဆရာမတွေ တစ်ယောက်ဝင် တစ်ယောက်ထွက်နဲ့ လုံးလည်ချာလပတ် လိုက်နေမယ့်ဟာ"

"နေဦး ... နေဦး ... ချိုရီ စကားဖြတ်ပြောလိုက်ဦးမယ်။ ချိုရီ့ကို ဖုန်းနံပါတ် 29xxx က ဘယ်ကလဲဆိုတာ တစ်ချက်စုံစမ်းပေးပါလား"

"ဘာလုပ်ဖို့လဲ၊ **မာမီလေး** သိသွားရင် ငါတို့ပါရောအကောခံရဦးမယ်"

မေကိုက ချိုရီ ပြဿနာရှာတိုင်း အမြဲအဆူခံရသည်မို့ သတိကြီးကြီးထားကာ ပြောလိုက်လေသည်။

"ဟုတ်ပါ ... အရှုးမထစမ်းပါနဲ့ မိချိုရီရယ်၊ ဒါ ခု နင်က မမတို့ကို လာမေးတဲ့ ဂဏန်းတွေနဲ့ ဖုန်းလှမ်းဆက်တာ မဟုတ်လား၊ အဲဒီလိုလုပ်တာတောင် တော်တော်လွန်နေပြီ



www.burmeseclassic.com

www.burmeseclassic.com



နော်၊ ဘယ်သူ့ဖုန်းမှန်းမသိ၊ ဘာမှန်းမသိနဲ့ တော်ကြာ ပြဿနာတက်နေလိမ့်မယ်"

"စုံစမ်းပေးမလား၊ မပေးဘူးလားပဲ ပြောပါ"

ဝိုင်ချိုရီသည် စူပုပ်ပုပ်မျက်နှာပေးဖြင့် ပြောလိုက်သည်။

"မစုံစမ်းပေးဘူး၊ အဓိပ္ပာယ်မရှိတာ"

မေပိုက ယတိပြတ်ပြောလိုက်တော့ စိတ်ကောက်ပြီး ထထွက်သွားသော ချိုရီ့နောက်ကျောမြင်ကိုကြည့်ကာ သူမတို့ ညီအစ်မနှစ်ယောက် သက်ပြင်းချလိုက်ကြသည်။ ဘဝမှာ လိုတ, ရနေနေတော့ ဘာလုပ်လို့ လုပ်ရမှန်းမသိတဲ့ လူတွေစာရင်းထဲတွင် ဝိုင်ချိုရီက ထိပ်ဆုံးကပါမည်မှာ သေချာသည်။

○ ❦ ○





၄

ဒေါ်သိင်္ဂီသည် ရှေ့မှကားမောင်းရင်း ကားမှန်မှတစ်ဆင့် နောက်ခန်းတွင် ထိုင်နေသော သမီးဖြစ်သူကို တစ်ချက်တစ်ချက် လှမ်းကြည့်နေလေသည်။ စိတ်ကလည်း ချိတုံချတုံနှင့် အခုပဲ အိမ်ပြန်လှည့်ရကောင်းမလား စဉ်းစားနေမိသည်။ အလွန်ပြဿနာရှာသော သမီးဖြစ်သူကို ဖြစ်နိုင်လျှင် မျက်စိအောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဲ့ **ထားချင်မိသည်။** သို့သော် ဒီမွေးနေ့ပွဲက မသွားမဖြစ် သမီး **ခြစ်သူ၏** အခင်ဆုံးသူငယ်ချင်းမွေးနေ့ ဖြစ်နေသဖြင့်သာ မလွှဲသာ၍ လိုက်ပို့ရခြင်းဖြစ်သည်။

"ချိုရီ ... မွေးနေ့က ဘယ်နှနာရီပြီးမှာလဲ"

ဒေါ်သိဂီသည် လာကြိုရန်အတွက် သေချာအောင် အချိန်ထပ်မေးလိုက်သည်။

"ချိုရီ ပြန်ချင်တဲ့အချိန် ပြီးမှာပေါ့ မေမေ"

ဆွဲသားဂါဝန်အနက် ဒူးဖုံးလေးနှင့် ပုလဲပုတီးတစ်ကုံးသာ ဆွဲထားပြီး ပုလဲဘီးကုပ်နှင့် တန်းလန်းလေးကျနေသော ပုလဲနားဆွဲလေး ဆွဲထားသော ချိုရီသည် ချစ်စရာအလွန်ကောင်းနေလေသည်။

မျက်နှာကို Revlon မိတ်ကပ်ပါးပါးလေး လူးထားပြီး အုတ်ခဲကျိုးရောင် နှုတ်ခမ်းနီ gloss လေးကို ဆိုးထားသဖြင့်လည်း အဆင်ပြေနေသည်က အမှန်ပင်။

"ဒါပဲနော် ချိုရီ၊ ပြဿနာမရှာပါနဲ့၊ ငါ့ကိုလည်း သနားပါဦး၊ တက္ကသိုလ်ပေးတက်ဖို့တောင် ငါ့မှာ တော်တော်စဉ်းစားနေရတယ်။ နင့်အဖေကတော့ ကောင်းလိုက်တာ ဘာအပူအပင်မှ မရှိဘူး။ သူ့သမီးကို ဆိုးတယ်လို့ပြောရင် မျက်နှာရှစ်ခေါက်ချိုးနဲ့"



"ဒါကတော့ ဒယ်ဒီက ချိုရီ့ကို ပိုချစ်လို့ပေါ့ မေမေရဲ့"

"ဩော် ... ဟုတ်လား၊ နင့်ကို သိပ်ချစ်ပါတယ်ဆိုတဲ့ အဖေက နင် ပြဿနာရှာတိုင်း ဘယ်နှခါများ လိုက်ဖြေရှင်းဖူးလဲ၊ ဒီကောင်မကြီးကသာ ဟိုလူ့တောင်းပန်ရ၊ ဒီလူ့အောက်ကျို့ရနဲ့၊ ဒါပဲနော် ... ငါပြောထားရဲ့နဲ့ ပြဿနာရှာရင် ငါ လုံးဝလိုက်မရှင်းပေးဘူး၊ နင့်ရဲ့ချစ်ဖေဖေကြီးကိုပဲခေါ်"

"မေမေကလည်း ဒေါသကြီးပဲ၊ ချိုရီက စ,တာပါ"

ချိုရီသည် မေမေ့ကို ပျာပျာသလဲ ပြောလိုက်သည်။ ခဏနေတော့ သူငယ်ချင်း ဆွေသက်မွန်တို့ခြံကျယ်ကြီးထဲ မေမေ ချိုးဝင်လာခဲ့သည်။

ခြံထဲတွင် ကောင်မလေးတစ်သိုက် အလှချင်းပြိုင်နေကြလေသည်။ စာမေးပွဲပြီးကတည်းက အဆက်အသွယ်ပြတ်သလို ဖြစ်သွားတာကြောင့် တစ်ယောက်နှင့်တစ်ယောက် ရေပက်မဝင်အောင် စကားတွေပြောနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ထယ် ... ဝိုင်ချိုရီ လာပြီ"

ဝိုင်ချိုရီ ပါဂုံရိုးပေါ်က ဆင်းလာတော့ ဝိုင်ချိုရီ့ကို အားကျသော ကောင်မလေးတွေက ဝမ်းသာအားရဖြစ်ကြသလို ကြည့်မရသော ကောင်မလေးတွေကတော့ မျက်နှာများမဲ့ခနဲဖြစ်သွားကြသည်။

ဝိုင်ချိုရီသည် လက်ဆောင်ထုပ်ကို လက်တစ်ဖက်ကကိုင်ထားပြီး လက်တစ်ဖက်က မေမေ့ကို လက်လှမ်းပြလိုက်သည်။

ဆွေသက်မွန်က ချိုရီ့လက်တစ်ဖက်ကို ဆွဲကိုင်ကာ ...

"ဟော့ ... ချိုရီ၊ နင် အရမ်းလှတာပဲ၊ တကယ် ..."

"ရော့ ... ဆွေသက်မွန်၊ ဒါ နင့်အတွက် ငါ့ရဲ့မွေးနေ့လက်ဆောင်"

ဝိုင်ချိုရီသည် တစ်ဖက်လက်ထဲမှ လက်ဆောင်ထုပ်ကို ဆွေသက်မွန်လက်ထဲ လှမ်းထည့်လိုက်တော့ ပထမတော့ ဆွေသက်မွန်မျက်နှာက ဝမ်းသာအားရဖြစ်သွားပြီးမှ တစ်ခုခုကို သတိရဟန်ဖြင့် တွန့်ခနဲဖြစ်သွားသည်။





ဝိုင်ချိုရီက ဆွေသက်မွန် မျက်နှာအပြောင်းအလဲကို သတိထားမိဟန်ဖြင့် ...

"ဘာဖြစ်သွားတာလဲ၊ နင့်ရုပ်က"

"ချိုရီ ... နင် ဒီထဲမှာ တစ်ခုခုတော့ ထည့်မထားပါဘူးနော်"

"ဟဲ့ ... ထည့်ထားတာပေါ့ ဆွေသက်မွန်ရဲ့၊ မထည့်ဘဲနဲ့ ဘယ်လိုလက်ဆောင်ပေးရမှာလဲ"

"မဟုတ်ဘူးလေ ... ငါပြောတာက ..."

ဆွေသက်မွန်သည် ချိုရီ စိတ်ခုသွားမှာလည်း စိုးသဖြင့် ပြောစရာစကားလုံးတွေကို ရှာဖွေနေမိသည်။

"သြော် ... စိတ်ချစမ်းပါ၊ ချိုရီ ပြသနာရှာတာ ကြည့်မရတဲ့ လူပဲရှာတာ၊ အချစ်ဆုံးသူငယ်ချင်းတော့ မပါပါဘူး"

ချိုရီသည် ဆွေသက် နေရာချပေးထားသော စားပွဲခုံတွင် ဝင်ထိုင်လိုက်သည်။ ဆွေသက်က ကံကောင်းလှသည်။ မိဘတွေက သိပ်ပြီးချုပ်ချယ်တာမျိုးလည်းမရှိ။ အခု ဆယ်တန်းဖြေပြီးတော့ သင်တန်းတွေကို အိမ်မှာခေါ်မသင်ဘဲ အပြင်ထွက်တက်သည်ဆိုတော့ ချိုရီတို့ထက်ပို၍ အပေါင်းအသင်းများသည်။



www.burmeseclassic.com

www.burmeseclassic.com



ခြံထဲတွင် မိန်းကလေးများသာမက ယောကျ်ားလေးတွေလည်း ရှိနေလေသည်။

စားပွဲခုံအရှည်ကြီး တစ်ခုပေါ်တွင် ကိတ်မျိုးစုံနှင့် ရေခဲမုန့်စည်တွေ ချထားသည်။ ချိုရီတို့၏ White heart Bakery & cafeteria က အော်ဒါမှာထားတာဖြစ်ပြီး ချိုရီ၏ကောင်းမှုကြောင့် အမျိုးအစားစုံလင်လှသော ကိတ်များကို ချိုသာသင့်တော်သော ဈေးနှုန်းဖြင့် ရရှိထားတာကြောင့် ဆွေသက်သည် အချစ်ဆုံးသူငယ်ချင်းအတွက် ကိုယ်တိုင်ဝန်ဆောင်မှု ပေးနေမိသည်။ ကျောင်းတုန်းက လူတကာပေါ်မှာ ချိုရီက ပြဿနာရှာပေမင့် ဆွေသက်အပေါ်တော့ အလွန်အင်မတန်ကောင်းပြီး ကာကွယ်ပေးတတ်သူဖြစ်သည်။

"စား ... ချိုရီ၊ စားသာစားခိုင်းရတယ်၊ ဒီလိုကိတ်မျိုးတွေ မုန့်မျိုးတွေ နင် မြင်တောင်မြင်ချင်မှာ မဟုတ်ဘူး"

ဆွေသက်သည် Brakery shop မြောက်မြားစွာကို ပိုင်ဆိုင်ထားသော သူဌေးသမီးလေးကို အားနာဟန်ဖြင့် ဆိုသည်။

"နင် ဒီမှာ ခဏထိုင်ဦးနော်၊ ခဏနေရင် ငါ ပြန်လာခဲ့မယ်"





ဆွေသက်မွန်သည် ဝိုင်ချိုရီ့နားက ထ,သွားကာ ခြံထဲသို့ ရောက်လာကြသော သူမအပေါင်းအသင်းတွေဆီ အပြေးလေး လျှောက်သွားနေသည်။

ချိုရီသည် ဆွေသက် လာချပေးသော ရေခဲမုန့်နှင့် ကိတ်မုန့်များကို မတို့မထိပါလေ။ စားရလွန်းလို့ စိတ်များပင် ပျက်လို့နေပါသည်။ ထိုအခိုက်တွင် အရပ်ရှည်ရှည်၊ အသားလတ်လတ်၊ နှာတံပေါ်ပေါ်နှင့် ကောင်လေးတစ်ယောက်သည် ရေခဲမုန့်ခွက်နှင့် မုန့်မျိုးစုံထည့်ထားသော စတီးလင်ပန်းကိုကိုင်ပြီး ချိုရီ့စားပွဲသို့ လျှောက်လာသည်။

"ဟိုင်း ... ဝိုင်ချိုရီ၊ နာမည်ကြားဖူးတာတော့ ကြာပြီ၊ လူကိုတော့ အခုမှ မြင်ဖူးတော့တယ်"

"ဘာတွေလာကြောင်နေတာလဲ၊ နင့်ကိုလည်း ငါမသိပါလား"

"နင်မသိပေမယ့် ငါက နင့်ကိုသိတာကြာပြီလေ၊ ငါ့နာမည်က 'ထူး'တဲ့၊ ဆွေသက် သူငယ်ချင်းလေ"

"ဆွေသက် သူငယ်ချင်းက ငါ့သူငယ်ချင်းမှ မဟုတ်ဘဲ"



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ချိုရီသည် ရဲတင်းလွန်းသော ထိုကောင်လေးကို မနှစ်မြို့ဟန်ဖြင့် ပြောလိုက်သည်။

"နင့်သူငယ်ချင်း ငါ ဖြစ်ခွင့်မရှိဘူးလား၊ နင့်ရဲ့မွေ့ချက်တွေကို ငါ လေးစားနေတာကြာပြီ"

"ငါက မွေ့ရအောင် ယောက်မမှ မဟုတ်ဘဲ"

ပိုင်ချိုရီသည် သူမအကြောင်းတွေကို ထိုကောင်လေးကို ပြောပြထားသော ဆွေသက်ကို နှပ်နှပ်စင်းချင်နေမိသည်။

"ယောက်မထက်တောင် သာသေးတယ်လေ၊ အေးလေ... ဒါက ငါ့အကြားပါ၊ လက်တွေ့မမြင်ရသေးတော့လည်း ပြောသလောက်လည်း ဟုတ်ချင်မှဟုတ်မှာ"

ပိုင်ချိုရီသည် အခုမှစ,မြင်ဖူးသည့် မိန်းကလေးတစ်ယောက်ကို ခနဲ့တဲ့တဲ့ လာပြောနေသော ထိုကောင်လေးကို တော်တော့ကိုကြည့်မရ ဖြစ်လာလေသည်။

"ငါ ဘယ်သူလို့ နင် ထင်သလဲ ပိုင်ချိုရီ"

"အရှုးထောင်က ဒ. ပိုရှိသူတစ်ယောက် ဖြစ်မှာပေါ့"

"အဟက် အဟက်"





ထိုကောင်လေးသည် သူမအပြောကို သဘောကျဟန်ဖြင့် ခေါင်းမော့ကာ ရယ်နေ၏။

"ကောင်းကောင်းရယ်စမ်းပါ၊ အိုက်တင်လုပ်ရယ်လည်း နင့်ကို ရင်ခုန်တဲ့မိန်းကလေးတွေထဲမှာ ငါမပါတော့ နင် ပင်ပန်းပါတယ်"

ပိုင်ချိုရီသည် ထိုကောင်လေးကို စကားဖြင့် အပြတ်ကို နှိပ်ကွပ်နေသည်။

"ပိုင်ချိုရီ ... ငါ နင့်ကို အလုပ်တစ်ခု အပ်ချင်တယ်"

ထိုကောင်လေးသည် ရယ်နေရာမှ ပြန်တည်သွားရင်း လေးနက်စွာ ပြောလိုက်သည်။

"စိတ်ဝင်စားစရာပဲ၊ ငါ ဘယ်တုန်းက လုပ်ငန်းရှင်ဖြစ်သွားပါလိမ့်"

"ငါ အတည်ပြောနေတာ ပိုင်ချိုရီ၊ နင်လည်း နင့်အရည်အချင်းကို ပြခွင့်ရတာပေါ့"

"ကောင်းပြီလေ၊ နင် ပြောကြည့်၊ စိတ်ပါရင်လက်ခံမယ်၊ စိတ်မရှိရင်တော့ နင်ပြောတဲ့အကြောင်းအရာကို အပြီးအထိ နားထောင်ပေးမှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့မှာ အစ်ကိုတစ်ယောက်ရှိတယ် ချိုရီ၊ သူနဲ့ဇေ့စပ်ပေးမယ့် မိန်းမတစ်ယောက်လည်း ရှိတယ်၊ အဲဒီမိန်းမက ဆရာမပီပီ ဆရာလုပ်လွန်းတယ်ဟာ၊ ငါ့အစ်ကိုနဲ့ သူ့ကို ငါ လုံးဝသဘောမတူနိုင်ဘူး။ ဒီတော့ နင် သူတို့ပတ်သက်ခွင့်မရှိအောင် ကြားထဲကနေ ဝင်မွှေပေးပါလား"

"ဆရာမမို့လို့ ဆရာလုပ်တာ ဘာထူးဆန်းလို့လဲ၊ နင့်ကို ဆရာလုပ်တယ်ဆိုတာ နင်အချိုးမပြေလို့ ဖြစ်မှာပေါ့"

"ဒါဆို နင် လက်မခံနိုင်ဘူးပေါ့"

"မဟုတ်ဘူး၊ နင်နဲ့ ငါက အခုမှစ,သိတာ၊ နင်ဘယ်သူ၊ ဘယ်အသိုင်းအဝိုင်းကဆိုတာ ငါမသိဘူး။ နင့်ကို ငါ ဘယ်လိုယုံကြည်ရမလဲ"

"ဟင်း ဟင်း ... ငါက နင်တို့ရဲ့ကျောင်းအုပ်ဆရာမကြီး ဒေါ်စံထားရဲ့သားလေ၊ ဒီလောက်ဆို နင် ငါ့ကိုယုံပါတယ်နော်"

"ဘာ ... နင်က ဆရာမကြီးရဲ့သား ... ဟုတ်လား၊ ကောင်းကောင်းနေစမ်းပါ 'ထူး'ရယ်၊ ဆယ်တန်းပြီးသွားလို့ ဆရာမကြီးနဲ့လွတ်ပြီမှတ်တာ၊ အခုလည်း နင့်အစ်ကိုဆိုတော့ ဆရာမကြီးရဲ့သားပေါ့၊ နင် ငါ့ကို တမင်ပြဿနာလာရှာတာလား"





"ဟဲ့ ... ထူး၊ ဒီမှာ ချိုရီနဲ့ လာအဖွဲ့ကျနေတာပေါ့လေ၊ ချိုရီ ... သူဘယ်သူလဲ နင်သိလား"

"သိပါ ... ခုနင်ကလေးတင်မှ သိလိုက်တာ၊ နင်က ငါ့ကို နည်းနည်းပါးပါး အင်ဖော်မေးရှင်းလေးတောင် မပေးဘူး"

"မသိဘူးလေ ချိုရီရဲ့၊ နင်က ရုံးခန်းထဲ ခဏခဏရောက်နေတာဆိုတော့ ဆရာမကြီးသားတွေအကြောင်း သိလောက်တယ်မှတ်လို့ပေါ့"

ဆွေသက်မွန်က ရယ်ဟဟလေး ပြောလိုက်သည်။

"ကဲ ... ကဲ ... နင် စဉ်းစားလိုက်ဦး ချိုရီ၊ ငါ့ဖုန်းနံပါတ်ပေးသွားမယ်နော်၊ 0950 xxxxx က ငါ့ဟန်းဖုန်းနံပါတ်၊ 0129xxxx က အိမ်ဖုန်း"

ပိုင်ချိုရီသည် သူ့မဟာန်းဖုန်းကို ဘေးလွယ်စလင်းဘတ်သေးသေးလေးထဲမှထုတ်ပြီး ထိုကောင်လေး"ထူး"၏ဖုန်း



www.burmeseclassic.com

www.burmeseclassic.com



နံပါတ်များကို ဖုံးထဲတွင် ဆော့ဖ်လုပ်ဖို့ ကြိုးစားနေသည်။ ရုတ်တရက် ဖုန်းနံပါတ်တစ်ခုက သူမခေါင်းထဲ ပေါ်လာသည်။ သူမ မှတ်လိုက်သည့် "ထူး"ရဲ့အိမ်ဖုန်းနံပါတ်နှင့် တစ်လုံးမှမလွဲပေ။

"ထူး ... နင့်ကို ငါမေးမယ်နော်၊ နင့်ဆီကို နင်မသိတဲ့ မိန်းကလေးတစ်ယောက် ဖုန်းဆက်ရင် နင် ဖုန်းတော့ပြန်ပြောပါတယ်နော်"

"အေးလေ ပြောတာပေါ့၊ ဘာဖြစ်လို့လဲ၊ ပြောလွန်းလို့ 'ထန်'ဆူတာ အမြဲခံနေရတာ၊ 'ထန်'ဆိုရင် ဖုန်းများဆက်သလိုလိုနဲ့ အီစီကလီလာလုပ်တဲ့ ကောင်မလေးတွေဆို ကောပစ်တာများတယ်"

ဟုတ်ပါပြီ။ ဟိုနေ့က သူမကိုပြောခဲ့ဖူးသော အဲဒီ"ထန်" ဆိုသည့်လူကြီးပဲ။ ဝိုင်ချိုရီသည် သူမကို ခပ်မာမာ ဖုန်းပြန်ပြောသော "ထူး"ရဲ့အစ်ကို ထန်၏အသံကို ပြန်ကြားယောင်မိသည်။

ဆရာမကြီး ဒေါ်စံထားကို အနည်းငယ်ရှိန်နေပေမင့် ထို"ထန်"ဆိုသော ဘဝင်မြင့်နေသော လူကြီးကို ပညာပြချင်နေမိသည်။





"ကောင်းပြီလေ၊ နင် အလုပ်အပ်တာကို ငါလက်ခံလိုက်ပြီ၊ ငါ မွေ့ခဘယ်လောက်ရမလဲ"

"ငါ့လက်သူကြွယ်မှာ စွပ်ထားတဲ့ စိန်လက်စွပ်ရမယ်"

"အိုး ... ဟိုး ... နင့်ရဲ့မရိုးလောင်းအပေါ်ထားတဲ့ ခံစားချက်က ပြင်းထန်လှချည်လား"

"သိပ်လည်း ပျော်မနေနဲ့ဦး ဝိုင်ချိုရီ၊ နင့်ကို ငါ အချိန်သုံးလပဲပေးမှာ၊ သုံးလအတွင်းမှာ သူတို့နှစ်ယောက် လုံးဝခွာပြဲသွားပြီဆိုမှ ဒီစိန်လက်စွပ် ရမှာနော်၊ သုံးလကျော်တဲ့အထိ ဘာမှဖြစ်မလာခဲ့ဘူး ဆိုရင်တော့ နင်လည်း ဘာမှရမှာမဟုတ်ဘူး"

"နေပါဦး၊ နင့်စိန်လက်စွပ်က အတုတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူး၊ ဒါ ငါ့အဘွား အမွေပေးထားတဲ့ ငါ့ကိုယ်ပိုင်လက်စွပ်ပဲ"

ဆွေသက်မွန်သည် သူတို့ပြောတာတွေကို လုံးဝနားမလည်ပါလေ။ သေချာတာကတော့ ဝိုင်ချိုရီ စတင်မွေ့ပြီဆိုတာပင်။ သူမမို့လို့ ဆရာမကြီးနှင့်သွား၍ ပတ်သက်ရဲသည်။ ဆွေသက်မွန်သည် တစ်ခါတလေတော့လည်း အကြောက်အရွံ့မရှိသော



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်ချိုရီကို အားကျမိသလို တစ်ခါတလေတော့လည်း စိတ်ပျက်မိသည်။

"အခုကတည်းက ပြောထားမယ်နော် ထူး၊ ဝိုင်ချိုရီကို တစ်ပတ်ရိုက်ဖို့ လုံးဝမကြိုးစားပါနဲ့၊ ကိုယ့်ကတိကိုကိုယ်တည်ပါ၊ မတည်ခဲ့ဘူးဆိုရင် ဝိုင်ချိုရီ မွေလိုက်လို့ကွဲသွားတဲ့လူနှစ်ယောက်ကို ချက်ချင်းသင့်မြတ်သွားအောင် လုပ်ပေးနိုင်တဲ့စွမ်းရည်မျိုးလည်း ဝိုင်ချိုရီမှာ ရှိသေးတယ်ဆိုတာ နင်သိတဲ့အချိန်မှာ သိပ်နောက်ကျသွားလိမ့်မယ်"

"ဘာလဲ ချိုရီ၊ နင်က ငါ့ကို ခြိမ်းခြောက်တာလား၊ စိတ်ချစမ်းပါ၊ ငါကတိတည်ပါတယ်၊ နင်ပဲ ရအောင်လုပ်စမ်းပါဦး"

"ကောင်းပြီလေ၊ ဒီတစ်ပတ်အတွင်း နင့်အစ်ကိုနဲ့ပတ်သက်တဲ့ အချက်အလက်တွေအားလုံး ငါလိုချင်တယ်။ ပြီးတော့ သူနဲ့စေ့စပ်မယ့် သူ့ချစ်သူရဲ့အိမ်လိပ်စာနဲ့ မိသားစုအခြေအနေတွေ ပြည့်ပြည့်စုံစုံ ငါလိုချင်တယ်"

"စိတ်ချပါ၊ ငါ ဆွေသက်ကနေတစ်ဆင့် ပို့ပေးလိုက်မယ်၊ ယုသံစဉ်က 'ထန်'ရဲ့ချစ်သူတော့ မဟုတ်ဘူးနော်၊ အဘက်





ဘက်ကပြည့်စုံလို့ ထန် ရွေးချယ်ထားတာ။ ငါ့အစ်ကိုက နှလုံးသားမရှိဘူး၊ ဦးနှောက်ပဲရှိတာ"

ဝိုင်ချိုရီသည် "ထူး"စကားကြောင့် မဲ့ပြုံးပြုံးလိုက်သည်။ တော်တော်အမြင်ကတ်စရာ ကောင်းသည့်လူပဲ။ ယုသံစဉ်ဆိုသည့် မိန်းမကရော 'ထန်'ဆိုသည့် ဘဝင်လေဟပ်နေသည့်လူကို ဘာနဲ့ရွေးချယ်လိုက်တာလဲ။ သူတို့နှစ်ယောက် ချစ်သူမဟုတ်ကြဆိုတော့ စိတ်တော့ နည်းနည်းအေးသွားသည်။ အမှန်အတိုင်းပြောရမည်ဆိုလျှင်တော့ ချိုရီသည် ချစ်သူနှစ်ဦးကို ကွဲအောင်လုပ်သည့် ဗီလိန်မတော့ မဖြစ်ချင်ပါ။

"ငါ့ဖုန်းနံပါတ်လည်း ယူထား'ထူး' "

ဝိုင်ချိုရီသည် သူမဖုန်းနံပါတ်ကို ထူးကိုပေးလိုက်သည်။

"အဓိက,ကတော့ နင့်အစ်ကိုနဲ့ ဟိုမိန်းမရဲ့ဓာတ်ပုံနော်"

"နေဦး ... နေဦး၊ ထန့်ပုံတော့ ငါ့မှာရှိတယ်၊ အခုပြလို့ရတယ်။ မယုပုံတော့ 'ထန့်'အယ်လ်ဘမ်ထဲက သူတို့သူငယ်ချင်းအုပ်စု ကျိုက်ထီးရိုးသွားတုန်းက ပုံတွေထဲကယူပြီး ပေးလိုက်မယ်"

www.burmeseclassic.com



"ထူး"သည် ပြောလည်းပြော သူ့လည်သာပိုက်ဆံအိတ်ထဲမှ ဓာတ်ပုံတစ်ပုံကို ထုတ်ပေးလေသည်။

"ဟင်"

ချိုရီသည် အသံထွက်သည်အထိ အံ့ဩသွားမိသည်။ ထူး၏ပခုံးကိုဖက်ပြီး ပြုံးနေသော "ထန်"ဆိုသည့်လူသည် ပြီးခဲ့တဲ့နှစ်ပတ်လောက်က ချိုရီနှင့် ပြဿနာတက်ခဲ့သောလူ ဖြစ်နေလေသည်။

ချိုရီ သူ့မျက်နှာကို အလွတ်မှတ်မိနေသည်လေ။ မျက်ခုံးထူထူ၊ တောက်ပသောမျက်ဝန်းများ၊ စင်းနေသောနှာတံနှင့် ပိရိသေသပ်သော နှုတ်ခမ်းတစ်စုံ၊ အခုပြုံးနေတဲ့ပုံက သူ့ကို ပို၍နူးညံ့ပြီး ချောမွေ့စေသည်လေ။

ဒါဆို ယုယံစဥ် ဆိုသည်မှာ ဟိုနေ့က သူနဲ့အတူ ဈေးဝယ်လာသည့် မိန်းမပဲပေါ့။ ချိုရီသည် တိုက်ဆိုင်လွန်းသောကံကြမ္မာကို အံ့ဩမိလေသည်။ ဘာပဲဖြစ်ဖြစ် ချိုရီ ဒီကစားပွဲလေးကို နိုင်အောင်ကစားဖို့ ဆုံးဖြတ်လိုက်မိသည်။





၃

ထန်သည် သူငယ်ချင်းတစ်ယောက် အကူအညီတောင်းထားသော တစ်ထပ်တိုက်အိမ် design လေးရဲ့အတွင်းအပြင်ကို စိတ်တိုင်းကျရေးဆွဲပြီး ကျေနပ်စွာ ခေါင်းညိတ်နေသည်။ ထိုသူငယ်ချင်းသည် သူနှင့်အလယ်တန်းကတည်းက ခင်ခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



ငယ်သူငယ်ချင်းဖြစ်ပြီး မေရှာကွဲသွားပေမယ့် အခုအချိန်အထိ အခင်အမင်မပျက်သော အခင်ဆုံးသူငယ်ချင်းဖြစ်သည်။ မကြာခင် အိမ်ထောင်ပြုတော့မည်ဖြစ်ပြီး သူတို့စုံတွဲနေမည့် တိုက်အတွက် ခေတ်မီဒီဇိုင်းဆွဲပေးဖို့ သူ့ကို အထင်တကြီးတောင်းဆိုလာသည်။

ငွေကြေးတတ်နိုင်သူမို့ ရေချိုးခန်းမှာ ရေစိမ်ကန် (bath tub)နှင့် ရေပူ(water hetater)တို့ကိုပါ ထည့်ပေးဖို့ တောင်းဆိုသလို အိပ်ခန်း၊ ဧည့်ခန်း၊ ထမင်းစားခန်း နေရာများမှာ ကျွန်းပါကေးတုံးကပ်၍ မီးဖိုခန်း၊ သန့်စင်ခန်းနှင့် ဝရန်တာ နေရာများမှာ ကြွေပြားကျောက်ပြားများ ခင်း,ကပ်ချင်သည်ဟု ဆိုလာသည်။ ကုန်ကျစရိတ်ကိုလည်း အကြမ်းဖျဉ်းသတ်မှတ်နိုင်း ထားသည်။

ထန်သည် အလုပ်ဝင်ပြီဆိုကတည်းက အားကြိုးမာန်တက် အလုပ်လုပ်သူဖြစ်သည်။ ရုံဖန်ရံခါ နယ်ကလုပ်ငန်းရှင်များ အလုပ်အပ်လျှင် မြေနေရာကို သွားရောက်ကြည့်ရှုရသည့် အဖွဲ့ထဲသို့ ပါသွားတတ်သေးသည်။ ဂျူနီယာတစ်ယောက်ဖြစ်သော်လည်း ကြိုးစားသောသူ့ကို အားလုံးက နေရာပေးကြသည်။





တစ်ပတ်မှာ တစ်ရက်သာနားရပြီး သူက တနင်္ဂနွေ တစ်ရက်ကို ပိတ်ရက်အဖြစ် တမင်ယူထားတာဖြစ်သည်။ တနင်္ဂနွေ ဆို အစိုးရဝန်ထမ်းများဖြစ်ကြသော ဖေဖေနှင့် မေမေပါ အိမ်မှာ ရှိတာမို့ မိသားစုစုံစုံလင်လင်နှင့် နားချင်တာလည်းပါသည်။

"ထန်ရေ ... ငါးကင်စားကြရအောင်"

အခန်းအပြင်မှ ယုသံစဉ်၏အသံကြောင့် ထန်သည် သူ၏ဖိုင်လ်ကို ကွန်ပျူတာထဲတွင် ဆေ့ဖ်လုပ်လိုက်ပြီး ထမင်းစားခန်းဘက် ထွက်လာသည်။

"လာ ... သား ထန်၊ မနက်က ကော်ဖီထွက်မသောက်လို့ နေမကောင်း ဖြစ်တာလားလို့"

ဖေဖေက သူ့ကို ပြုံးပြီးလှမ်းပြောလိုက်သည်။

ထန်က ဖေဖေ့ဘေးခုံမှာ ဝင်ထိုင်ရင်း ...

"မဟုတ်ဘူး ဖေဖေ၊ ကျွန်တော် နန္ဒ အပ်ထားတဲ့အိမ် ဒီဇိုင်း ဆွဲနေလို့ပါ"

မကြာမီမှာပင် မေမေနှင့် ယုသံစဉ်သည် ငါးကင် ထည့်ထားသော ကြွေပန်းကန်လှလှလေးတွေ ထမင်းစားပွဲပေါ်သို့ လာချကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထူး … အချဉ်ရည်ပန်းကန်တွေ လာကူသယ်ပေးဦးလေ"

ယုသံစဉ်သည် အေးအေးလူလူ ထိုင်နေသော "ထူး" ကိုကြည့်မရ။ မနက်က ဘည်းက သူမနှင့် အန်တီစံထား ဈေးဝယ်၊ ချက်ပြုတ် လုပ်ကြတာ ဖတ်ဖတ်မောနေပြီ။ သင်းက အလိုက် တစက်မှမသိ၊ အောက်ခြေသိမ်းအလုပ်ကအစ, လိုက်ပြီးလုပ်နေရတာတော့ သိပ်မကောင်းလှ။ တကယ်ဆို ပါးစပ်ကနေ ဖွင့်ပြောစရာတောင်မလို သူ လုပ်ပေးသင့်သည်လေ။

ထူးက ဆောင့်ခနဲ နေရာကထ,ပြီး မီးဖိုခန်းထဲ ဝင်သွားသည်။ မယုကို မကျေနပ်သောစိတ်တို့က ရင်ထဲမှာ အလိပ်လိုက်၊ သူမ ဒီအိမ်ကို ဝင်ထွက်ကတည်းက သူ့ကို မောင်လေးတစ်ယောက်လို သဘောထားသည့်ပုံမျိုးနှင့် ပညာပြနေတာကြာပြီ။ သူက ဒီအိမ်မှာ အငယ်ဆုံး၊ အလိုလိုက်အခံထားရဆုံး ဖြစ်သည် မဟုတ်လား။

"ငါးကင်နံ့လေးက မွှေးနေတာပဲ"

"အချဉ်ရည်ကို ချင်း၊ ကြက်သွန်ဖြူ၊ ငရုတ်သီးစိမ်းထောင်းပြီး သံပရာရည်ညှစ်တဲ့အချဉ် လုပ်ထားတာ။ ထန်က ဆော့မကြိုက်ဘူးဆိုလို့လေ"





ထူးက မယုကို မသိမသာမျက်စောင်းထိုးလိုက်သည်။ "ထန်"ကိုကျတော့ အလိုက်တသိ ရှိလိုက်တာ။ သူ့ကိုကျတော့ အခုကတည်းက ပုံစံပေးထားသည်လေ။ ဖေဖေတို့ မေမေတို့ကလည်း သူ့ကို မယု ပြောဟယ် ဆိုဟယ် ရှိသည်ကို သဘောကျနေကြသည်။ အပြစ်လို့ ထင်မှတ်ပုံမပေါ်။ ဒီလိုမရိုးမျိုးမှ "ထူး"အတွက် စိတ်ချရသည်ဟုတောင် ပြောနေသေးသည်။

နေ့လယ်စာကို သူတို့တွေ ငြိမ်သက်မြိန်ရှက်စွာ စားသောက်ပြီးချိန်တွင်တော့ ယုသံစဉ်က ထုံးစံအတိုင်း ပန်းကန်တွေကို တစ်ခါတည်း ဆေးသွားဖို့ သိမ်းနေလေသည်။

"မေမေ ခဏနေရင် သား သင်တန်းသွားတော့မယ်။ မုန့်ဖိုးပေးဦးနော်"

"ဟင် … တစ်နေ့ကမှ တစ်သောင်းပေးထားတာလေ၊ ကုန်ပြီလား"

ဒေါ်စံထားသည် သားငယ်ကို အလိုမကျဟန်ဖြင့် မျက်ခုံးတွန့်ချိုးလိုက်သည်။

"ကုန်ပြီလေ မေမေရဲ့၊ တစ်သောင်းဆိုတာ ဘယ်လောက်မှရှိတာမှ မဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



" 'ထူး' အဲဒါ ပိုက်ဆံကို မင်းရှာဖူးတာ မဟုတ်သေးလို့ ပြောတာ၊ ပိုက်ဆံဆိုတာ သုံးရတာလွယ်ပေမယ့် ရှာရတာ ခက်တယ်၊ အသုံးအဖြုန်းကြီးတယ်ဆိုတာ ပိုက်ဆံများများ ရှာနိုင်တဲ့သူတွေလောက်သာ သုံးသင့်တဲ့ ဝေါဟာရပဲ"

ယုသံစဉ်သည် ထန့်ဆီက မုန့်ဖိုးတောင်းလိုက်၊ အမေတွေ အဖေတွေဆီက မုန့်ဖိုးကို တွင်တွင်တောင်းပြီး သင်တန်းကိုအယောင်ပြ သူငယ်ချင်းတွေနဲ့ ဟေးလားဝါးလားလျှောက်သွား၊ သုံးဖြုန်းနေသော ထိုကောင်လေးကို ကြုံတုန်းဝင်၍ဆုံးမလိုက်သည်။

"ထန်"က သူ့ညီကို မတော်တာတွေ့ရင် ဆူတတ်၊ ဆုံးမတတ်ပေမင့် အလိုတော့ တော်တော်လိုက်သည်။ ဟိုတစ်ပတ် တနင်္ဂနွေကပင် သူမရှေ့တွင် မုန့်ဖိုးနှစ်သောင်း ပေးခဲ့သည်လေ။

"နေပါဦး မယုရဲ့၊ ကျွန်တော် မုန့်ဖိုးတောင်းတာ မယုနဲ့ ဘာဆိုင်လို့လဲ၊ မယုဆီက တောင်းတာလည်း မဟုတ်ဘူး၊ နေရာတကာ ဝင်ပါတာ သိပ်မကောင်းဘူးထင်တယ်နော်"

"ဟဲ့ ... သား ထူး"





ဒေါ်စံထားသည် ယုသံစဉ်ကို အားနာဟန်ဖြင့် အငယ်ကောင်ကို ဝင်ဟန့်လိုက်သည်။ ထန်နှင့် သူ့အဖေကတော့ ဘာမှဝင်မပြောဘဲ ခပ်ဆိတ်ဆိတ်သာ နေနေသည်။ ယုသံစဉ်ကတော့ "ထူး"ရဲ့တုံ့ပြန်စကားကြောင့် မျက်နှာရဲခနဲ ဖြစ်သွားကာ...

"ငါက မင်းကို ကောင်းစေချင်လို့ ပြောတာပါ ထူး"

"မလိုပါဘူး မယု၊ ဆရာလုပ်ချင်ရင် မယု သင်ရတဲ့ ကျောင်းက ကျောင်းသားတွေကို သွားပြန်လုပ်ပါ။ ကျွန်တော်က မယုရဲ့တပည့် မဟုတ်ဘူး။ ဘာမှလဲ မတော်စပ်ဘူး။ ကျေးဇူးပြုပြီး မယု ကျွန်တော့်ကို လျစ်လျူရှုပေးပါ"

ထူးသည် ပြောလည်းပြော နေရာကလည်းထ,ထွက်သွားသည်။ ဒေါ်စံထားသည် ယုသံစဉ်ကို အားနာလွန်း၍ ဘာပြောရမှန်းမသိအောင် ဖြစ်နေလေသည်။

"ယု ... ငါတောင်းပန်ပါတယ်။ စိတ်ထဲမှာ မထားပါနဲ့။ သူ နင့်စေတနာကို သဘောမပေါက်နိုင်သေးလို့ပါ။ သူက ငယ်သေးတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



ထန်သည် ပျက်ယွင်းသွားသော ယုမျက်နှာကိုကြည့်ကာ ဖြေသိမ့်လိုက်သည်။ ယုသံစဉ်သည် ဘာမှမပြောတော့ဘဲ ပန်းကန်တွေကိုယူပြီး မီးဖိုခန်းကဘောစင်ဆီ လျှောက်သွားနေသည်။

ထိန်းချုပ်ထားသော ဒေါသတို့သည် မျက်ရည်အဖြစ်သို့ အသွင်ပြောင်းသွားသည်။ နင်က ဘာမို့လို့ ငါ့ကို ပမာမခန့် ပြန်ပြောရတာလဲ"ထူး"။ နင် ငါ့ကိုအလိုမရှိတာ ငါသိသားပဲ။ နင် ငါ့ကို မရီးမတော်ချင်ဘူးဆိုတာလည်း ငါသိနေတယ်။ နင် စိတ်ချပါ။

ငါ ဒီအိမ်ကို နင့်မရီးအဖြစ်နဲ့ရောက်အောင်ကိုလာခဲ့မယ်။ ယုသံစဉ်သည် တလိမ့်လိမ့်ကျဆင်းနေသော မျက်ရည်များကို လက်ခုံဖြင့် ခပ်ကြမ်းကြမ်း သုတ်ပစ်လိုက်သည်။

ထန် သက်ပြင်းသဲ့သဲ့ချလိုက်သည်။ ယုကို နားလည်သလို "ထူး"ကိုလည်း သူ နားလည်ပါသည်။ အစစအရာရာပြည့်စုံပြီး သူ့အနှံအတာကိုခံနိုင်သော မိန်းမပီသသော ယုကို သူ့ရဲ့လက်တွဲဖော်အဖြစ် သူ ရွေးချယ်ထားခဲ့သည်။





သို့သော် လောကကြီးမှာ အစစအရာရာ ပြည့်စုံဖို့ဆိုတာ လုံးဝမဖြစ်နိုင်မှန်း သူ ရေးရေးလေး သဘောပေါက်စပြုနေပါသည်။ ယုနှင့်ထူးက လုံးဝမတည့်သူ။ သူဖြစ်စေချင်တာက ယုနှင့် တစ်အိမ်လုံး၏ဆက်ဆံရေးကို ရင်းနှီးနွေးထွေးစေချင်သည်လေ။

"သား ... ထန်၊ ဘယ်လိုလုပ်ကြမလဲ၊ သားငယ်က တော်တော်စိတ်ဆိုးသွားတာ၊ ဒီပုံအတိုင်းဆိုရင် ယုနဲ့သားထန်တို့ လက်ထပ်ပြီးရင် အိမ်ခွဲနေရမယ့်ပုံပဲ"

ဒေါ်စံထားက စိတ်ရှုပ်ဟန်ရှိသော သားကြီးထန်ကို လှမ်းပြောလိုက်သည်။

"အမေကြီးကလည်း အဆင့်ကျော်ပြန်ပြီ၊ သူတို့က တရားဝင် စေ့စပ်ရသေးတာမှ မဟုတ်တာ"

ဦးနောင်လတ်က ဝင်ပြော၏။

"ဟုတ်တယ် သား၊ သားတို့ တရားဝင် စေ့စပ်သင့်ပြီ၊ တရားဝင် စေ့စပ်ထားရင် သားတို့ တစ်ယောက်အိမ်တစ်ယောက် အဝင်အထွက်လုပ်ကြတာ လူမြင်တင့်တယ်တာပေါ့ သားရယ်"



www.burmeseclassic.com

www.burmeseclassic.com



ထန်သည် မေမေတို့၏ တရားဝင်ဇေ့စပ်ကြောင်းလမ်းဖို့ တိုက်တွန်းမှုကို ခေါင်းညိတ်လက်ခံလိုက်သည်။ သာယာပြည့်စုံ နွေးထွေးသော ခိုင်မာသော အိမ်ထောင်တစ်ခုကို တည်ဆောက်ဖို့ အဓိကအလိုအပ်ဆုံးအရာမှာ တစ်ယောက်နှင့် တစ်ယောက် နားလည်မှုရှိဖို့ပင် မဟုတ်လား။ ယုက သူ့ကိုအပြည့်အဝနားလည်မှုပေးနိုင်တာ သံသယရှိစရာပင် မလိုအပ်ပါ။

ဝ ❦ ဝ

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၉၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။





## ၆

ဝိုင်ချိုရီသည် ခုတင်ပေါ်တွင် ရှုပုပ်ပုပ်မျက်နှာနှင့်ထိုင်နေလေသည်။ ဒီနေ့ အောင်စာရင်းထွက်သည်။ ထင်သည့်အတိုင်း ဒီ,ကလေးတစ်လုံးပင် မပါခဲ့ပါ။ ရှိသမျှတစ်ဆွေလုံး၊ တစ်မျိုးလုံးက ဖုန်းဆက်လို့တစ်မျိုး၊ ကိုယ်တိုင်ကိုယ်ကျလာရောက်



www.burmeseclassic.com

www.burmeseclassic.com



၍တစ်သွယ် အသုံးမကျတဲ့အကြောင်းကို ကဲ့ရဲ့အပြစ်တင်ကြလေသည်။

"ရက်တယ် ... ရက်တယ်။ ငါ့မျက်နှာကို ဘယ်နားသွားထားရမှန်းတောင် မသိတော့ဘူး။ ဒီလောက် အိမ်မှာ အကောင်းစား ဆရာ့ဆရာမတွေနဲ့ ခေါ်သင်ထားတာတောင် တာအဖြစ်မှ မရှိဘူး။ ဘယ်အဖြစ်ရှိမလဲ တစ်နေ့ တစ်နေ့ ဘယ်လိုပြဿနာရှာရင်ကောင်းမလဲပဲ ခေါင်းထဲထည့်ထားရတော့ စာတွေက ခေါင်းထဲဝင်မလာဘူးပေါ့"

ပိုင်ချိုရီသည် ဘာမှချေပပြောဆိုမနေပါ။ စိတ်ထဲကတော့ အပြင်နှင့်ဆန့်ကျင်စွာ မေမေ့ကို နှုတ်လှန်ထိုးနေမိပါသည်။

"ဘာသာအားလုံးကို (၆၀)ဖိုးပဲ ဖြေခဲ့တာ၊ ဂုဏ်ထူးတွေ ထွက်နေရင် လိုင်းမြင့်မြင့်ရမယ်။ မြင့်ရင်မြင့်သလောက် သေအောင်ကြိုးစားရဦးမှာလေ။ ဒီတစ်သက်တော့ ဒီ့ထက်ပိုပြီး စာမကျက်နိုင်တော့တဲ့အတွက် လွယ်လွယ်ကူကူဘွဲ့ရမယ့် မေဂျာလောက် ရအောင်မှန်းဖြေခဲ့တာ ...





မေမေတို့အတွက်တော့ စိတ်မကောင်းပါဘူး။ ဒါပေမဲ့ စာတကယ်ကျက်ပြီး တကယ်လုပ်ရမှာက သမီးဖြစ်နေတဲ့ အတွက် ကိုယ့်ကိုယ်ကိုယ် ကယ်တင်သောအားဖြင့် ဘာသာအားလုံးကို (၁၀၀)ဖိုးပြည့်အောင် မဖြေခဲ့ပါဘူး"

ထိုစကားများသည် ပိုင်ချိုရီ၏ ရင်တွင်းဖြစ်စကားလုံးများသာဖြစ်ပြီး ဒေါ်သိင်္ဂီ မကြားလိုက်ရသောစကားများသာလျှင် ဖြစ်သည်။

"ညည်းအဖေလည်း တော်တော်ကို ဒေါသထွက်နေတယ်၊ မိဘတွေက သားသမီးနောင်ရေးအတွက် ကုန်းရုန်းပြီး စီးပွားရှာနေချိန်မှာ သားသမီးအသုံးမကျတော့ အမောတောင် မပြေနိုင်ပါဘူး။ ဒီကိစ္စကို ငါ လုံးလုံးကိုမကျေနပ်ဘူး မိချိုရီ၊ ထွက်လာမယ့် အမှတ်တွေကလည်း ဘာမှသုံးစားလို့မရတဲ့ အမှတ်တွေပဲဖြစ်မှာ ...

ဒီတော့ ငါနဲ့ညည်းအဖေ တိုင်ပင်လိုက်ကြတယ်။ ဒီလိုအထက်တန်းကျောင်းမျိုးမှာတောင် ဒီလောက် ပြဿနာရှာတာ တက္ကသိုလ်တက်ရင် မော်ကွန်းထိန်းရုံးခန်းထဲ



www.burmeseclassic.com

www.burmeseclassic.com



ထပ်ရောက်ရဦးမယ့်ပုံပဲ၊ ဒီတော့ ညည်းကို distant ပဲ တက်နိုင်းမယ်"

"ဟင် ... မေမေ ဒါတော့ လုံးဝအစီအစဉ်မရှိဘူး၊ ချိုရီ လုံးဝလက်မခံဘူး"

"လက်မခံလို့မရဘူး၊ လူတွေက ကိုယ့်သမိုင်းကိုယ်ရေးတာပဲ"

ဒေါ်သီဂီသည် ဝိုင်ချိုရီ့အခန်းထဲက ပြောဆိုပြီးထွက်သွားသည်။

ကျောင်းတက်ရင် ထင်တိုင်းကြဲမည်ဟု အားခဲထားသော ဝိုင်ချိုရီသည် စိတ်ပျက်လက်ပျက်နှင့် မျက်ရည်ကျကာ ကျန်ခဲ့ပါသည်။

"ချိုရီက ဒါဆို တနင်္လာနေ့ကနေ သောကြာအထိ ဘာလုပ်နေရမှာလဲ"

ဝိုင်ချိုရီသည် မေမေကြားအောင် အသံပြဲဖြင့် အော်ဟစ်လိုက်သည်။ ဒေါ်သဂီသည် ရောက်နေရာမှ ပြန်လှည့်၍ ဝိုင်ချိုရီ့အခန်းထဲ ပြန်ဝင်လာကာ ...



"မပူနဲ့ ချိုရီ၊ ပညာမလိုလားတော့ စီးပွားရှာတတ်အောင် သင်ပေးရမယ့်ဝတ္တရား ငါတို့မှာရှိတယ်။ ညည်း မနက်ဖြန်ကစပြီး ညည်းအဖေရဲ့ Bakery shop တစ်ခုခုမှာ အလုပ်ဝင်လုပ်ရမယ်။ ရန်ကုန်ထဲမှာတင် ဆိုင်လေးဆိုင်တောင် ရှိတာနော်၊ ကြိုက်တဲ့ဆိုင်ကို လက်ညှိုးထိုးလိုက်ရုံပဲ"

"မေမေနော် ... ချိုရီက မွေးကတည်းက အိမ်ဖော်တွေနဲ့ လက်မွေးမီးမလောင် ခြေမွေးမီးမလောင် နေခဲ့တာ၊ ချိုရီ့ကို နိုင်းရဲ့နိုင်းကြည့် တွေ့ကရာမုန့်တွေကို ဖျက်ဆီးပစ်မှာပဲ"

ဝိုင်ချိုရီသည် မေမေပြောသော စကားများကို လုံးဝ မခံစားနိုင်တော့သဖြင့် သူမအောက်မှ အိပ်ရာခင်းကိုယူပြီး ဆွဲဆောင့်နေလေသည်။ အိပ်ရာခင်းကိုဖြဲ၍မရသည့်အဆုံးတွင် မှန်တင်ခုံပေါ်မှ ကတ်ကြေးကိုယူပြီး အိပ်ရာခင်းကို စိတ်ရှိလက်ရှိညှပ်နေလိုက်သည်။

ဒေါ်သဂီသည် သမီးဖြစ်သူကို တော်တော်စိတ်ကုန်သောအကြည့်ဖြင့်ကြည့်ကာ ထွက်သွားတော့သည်။ ညဝတ်အင်္ကျီကို မချွတ်ရသေးဘဲ မျက်ရည်စီးကြောင်း၊ နှာရည်တွေတွေကျပြီး

www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ရှတ်ဖွားနှင့် အိပ်ရာခင်းကို စိတ်ရှိလက်ရှိ ကတ်ကြေးနှင့် ညှပ်နေသော ဝိုင်ချိုရီသည် အရူးမနှင့်ပင် တူနေပါသေးသည်။

ဟုတ်သည်။ ဘယ်လိုပဲဖြစ်ဖြစ် ချိုရီ့ကို ပုံသွင်းဖို့ အချိန်တန်လာပြီ။ နို့မို့ သူမတို့ အလိုလိုက်ထားပုံမျိုးနှင့် ဒီကလေးမ ထိန်းမနိုင် သိမ်းမရအောင် ဆိုးဝါးလာပါလိမ့်မည်။ ဒေါ်သီဂီသည် သက်ပြင်းမောကြီးကို ချလိုက်မိပါသည်။

ဝိုင်ချိုရီသည် အိပ်ရာခင်းတွေကို အစိတ်စိတ်အမြွှာမြွှာ ဖြစ်အောင် ညှပ်နေရာမှ ရုတ်တရက် တစ်ခုခုကို သတိရဟန်ဖြင့် ကတ်ကြေးကို ကြမ်းပြင်ပေါ်သို့ လွှတ်ချလိုက်ပြီး သူမ၏မှန်တင်ခုံ အောက်အံဆွဲကို ဖွင့်လိုက်သည်။

အထဲတွင် CV Form နှင့် ဓာတ်ပုံထည့်ထားသော ပုံဆွဲစာအုပ်အရှည်ကို ထုတ်ယူပြီး ဓာတ်ပုံနှင့် CV Form ကို ထပ်မံကြည့်မိပြန်သည်။ ကျိုက်ထီးရိုးက ရေတံခွန်မှာ အုပ်စုလိုက် ရိုက်ထားသော ဓာတ်ပုံထဲမှ ပူးပူးကပ်ကပ် ရပ်နေကြသော ထန် နှင့် ယုသံစဉ်ပုံကို ချိုရီ မမိုတ်မသုန် ကြည့်နေမိသည်။ CV Form ထဲမှ သူတို့နှစ်ယောက်၏ ကိုယ်ရေးအချက်အလက်များသည်လည်း ပြည့်စုံကောင်းမွန်နေကြသည်။





ရုတ်တရက် အိပ်ရာခေါင်းရင်းက ဖုန်းထမြည်လာတာမို့ ချိုရီသည် ဘယ်သူငယ်ချင်းက ဂုဏ်ထူးထွက်သည့်အကြောင်း လာကြွားဦးမလဲလို့ သောကအနည်းငယ် ရောက်သွားသော်လည်း ဖုန်းမှာပေါ်နေသော နံပါတ်ကြောင့် စိတ်သက်သာရသွားသည်။

"ဟယ်လို 'ထူး'၊ နင် ဂုဏ်ထူးဘယ်နှဘာသာပါလဲ"

"နှစ်ဘာသာပဲပါတယ်၊ Physics နဲ့ Chemistry လေ၊ နင်ရော"

ရယ်သံစွက်နေတဲ့ မေးသံကြောင့် သူ ဆွေသက်ဆီက သူမ ဘာဂုဏ်ထူးမှ မပါတာ သိပြီးနှင့်သည်ဟု ဖော်ပြလိုက်သလိုပင်။

"နင် သိရဲ့နဲ့ ဘာလို့ လာမေးနေတာလဲ"

"ထူး"က သူမဒေါသသံကြောင့် တစ်ဖက်မှရယ်နေလေသည်။ ပြီးမှ ...

"ချိုရီ ... အခုက နင့်ဆီကို ဖုန်းဆက်တာက ဟိုကိစ္စအခြေအနေ ဘယ်အတိုင်းအတာရှိပြီလဲ မေးချင်လို့၊ နင့်ကို ငါပေးထားတဲ့အချိန်က သုံးလနော်၊ အခု နင့်မှာအချိန်တစ်လခွဲပဲ ကျန်တော့တယ်၊ အိမ်မှာ အခြေအနေတွေက တစ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းနေပြီ၊ မယုနဲ့ ငါ့ကြားက ဆက်ဆံရေးက ပိုဆိုးရွားလာသလို ရှေ့လလောက်ဆို ‘ထန်’နဲ့ မယုတို့ တရားဝင်စေ့စပ်ကြတော့မယ်”

ဟု စိတ်ပျက်လက်ပျက်ဖြင့် ပြောနေသည်။

“အမှန်အတိုင်းပြောရရင် အိမ်ထဲကအိမ်ပြင် ထွက်ခွင့်မရသေးလို့ ငါ ဘာမှမလှုပ်ရှားရသေးဘူး။ ဒါပေမဲ့ နင်စိတ်မပူပါနဲ့၊ ငါ အခု အပြင်ထွက်နိုင်မယ့်လမ်းစ, တွေ့ထားပြီ၊ သုံးလမပြည့်ခင် အခြေအနေထူးမှာပါ”

“ငါလည်း အခြေအနေထူးဖို့ ဆုတောင်းနေပါ့မယ်”

“ ‘ထူး’ … ငါ့ရှေ့အပတ်ကနေစ,ပြီး နင့်အစ်ကိုရဲ့ဆောက်လုပ်ရေးကုမ္ပဏီနားက White Heart Bakery မှာရှိနေမယ်။ နင် စိတ်ချလက်ချသာနေပါ”

“ဟင် … အဲဒီဆိုင်မှာ နင် ဘာလုပ်နေမှာလဲ”

ထူးက အံ့သြဟန်ဖြင့် မေးလိုက်သည်။

“အဲဒီဆိုင်က ငါတို့ဆိုင်လေ၊ နင် ရောက်ဖူးတယ်မဟုတ်လား၊ ဆွေသက် မပြောပြဘူးလား၊ နင့်အစ်ကိုနဲ့ ယုသံစဉ်တို့ ငါ့လက်ထဲက ပြေးမလွတ်ပါဘူး”





“သြော် … အေး၊ ငါမှတ်မိပြီ၊ ငါက ဆိုင်နာမည်ကိုမေ့နေတာ၊ White Heart က နင်တို့ဆိုင်ကိုး”

“ဟုတ်တယ်၊ ဆိုင်ခွဲတွေအများကြီးရှိတဲ့အထဲမှ ငါက မြေနီကုန်းက White Heart ကို ရွေးထားတာ၊ နင် ဘာမှသောကရောက်မနေနဲ့၊ စိန်လက်စွပ်ပေးဖို့သာ အသင့်ပြင်ထား”

“Ok ဟာ၊ ကြုံရင် ငါ နင်တို့ဆိုင် ဝင်လာဦးမယ်”

“ကြိုဖုန်းဆက်ပါ ‘ထူး’၊ နင်အစ်ကို့,ကို နင်နဲ့ငါ့ရဲ့ပတ်သက်မှုကို မသိစေချင်ဘူး”

“နင် ဘာတွေကြံစည်ထားတာလဲတော့ ငါမသိဘူး ချိုရို၊ ဒါပေမဲ့ နင့်အစွမ်းအစကို ငါ လက်တွေ့မြင်ရတော့မယ်ဆိုတာတော့ ငါသိနေတယ်”

“ငါလည်း နင့်လက်စွပ်နဲ့ နီးလာပြီဆိုပြီး ပျော်နေတယ် ‘ထူး’ ”

သူတို့နှစ်ယောက်သား ဟက်ဟက်ပက်ပက် ရယ်မောလိုက်ကြသည်။

○ ❦ ○



www.burmeseclassic.com

www.burmeseclassic.com



## ၇

"ထန်ရေ မနက်က ယုအမေ မမော် ဖုန်းဆက်လာတယ်။ စေ့စပ်ပွဲကို ဒီဆယ့်နှစ်လပိုင်းလောက်မှ လုပ်ဖြစ်မယ်တဲ့၊ ပြောတာကတော့ ဗေဒင်တွက်ကြည့်တာ ယုကံဇာတာက ဆယ့်နှစ်လပိုင်းလောက်မှ ကောင်းမယ်ဆိုပဲ၊ တော်သေးတာပေါ့ ဘာမှသေသေချာချာ မစီစဉ်ထားရသေးတာ"





ဒေါ်စံထားသည် အလုပ်မှပြန်လာသော သားဖြစ်သူ နောက်မှ လိုက်လျှောက်လာရင်းက ပြောလိုက်၏။ ထန်ကတော့ ယုဆီက ဒီသတင်းကိုကြားပြီးဖြစ်၍ ထူးပြီးမအံ့သြမိပါ။

"အဲဒီတော့ မေမေ ဘာပြန်ပြောလိုက်လဲ"

ထန်က အိတ်ကို စာကြည့်စားပွဲပေါ်တင်ရင်းက မေးလိုက်သည်။

"မတတ်နိုင်ဘူးလေ၊ သဘောတူလိုက်ရတာပေါ့"

"ဖေဖေရော ဘာပြောသေးလဲ"

"မသိဘူးလား ကိုယ့်အဖေအကြောင်းကို ဘယ်တုန်းက ဘာပြောလို့လဲ၊ နေပါဦး ... ဒီကိစ္စမှာ ကာယကံရှင်က မင်းလေ ထန်၊ မင်းရော ဘယ်လိုခံစားရလဲ၊ ဘာပြောချင်လဲ"

ဒေါ်စံထားသည် မိဘနှစ်ပါး၏သဘောထားကိုလာ မေးနေသော သားဖြစ်သူကို ကြည့်မရစွာ ပြန်မေးလိုက်သည်။

"တကယ်တော့ စေ့စပ်တယ်ဆိုတာ ကိုယ် ချက်ချင်းငွေ မချေနိုင်သေးတဲ့ ပစ္စည်းတစ်ခုကို သူများယူသွားမှာစိုးလို့၊



www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် ပိုင်ရှင့်က စိတ်ပြောင်းသွားမှာစိုးလို့ စရန်သတ်တာနဲ့ အတူတူပါပဲ၊ ကျွန်တော်ကတော့ စရန်သတ်တာထက် ကိုယ်အဆင်ပြေတဲ့အချိန်မှ ကိုယ်လိုချင်တဲ့ပစ္စည်းကို cashdown စနစ်နဲ့ပဲ ဝယ်ချင်တယ်"

"ထန်က ဘယ်စရန်သတ်ချင်ပါ့မလဲ၊ စရန်သတ်တယ်ဆိုတာက တစ်ခုခုကို ကိုယ် အရမ်းအသည်းအသန် လိုချင်မက်မောပြီး၊ သူများလက်ထဲကို အပါမခံနိုင်တဲ့လူတွေမှ လုပ်တာလေ၊ ထန်က မယုကို အသည်းအသန် လိုချင်နေတာမှ မဟုတ်တာ၊ မယုက ထန့်အတွက် အမြဲအဆင်သင့်ရှိနေနိုင်မယ်လို့ထင်လို့ ထန် သွေးအေးနေတာပဲလား၊ မယုကို တကယ်မချစ်တာပဲလား၊ အဲဒီနှစ်ခုထဲက တစ်ခုခုပဲ"

ထူးသည် ဧည့်ခန်းသို့အသွား မေမေ ထန့်နောက်လိုက်ပြီး စေ့စပ်ပွဲကိစ္စ ပြောနေသံကြား၍ နောက်မှနေ၍ ထန့်အခန်းထဲ လိုက်ဝင်ရာက ထန့်ရဲ့ဒဿနကို အလိုမကျစွာ ချေပလိုက်သည်။





"ညီပြောတာ ဟုတ်တယ် မဟုတ်လား ထန်၊ ညီ ကြားဖူးတာက အချစ်မပါဘဲ အိမ်ထောင်တစ်ခုကို ထူထောင်ရင် ခံစားချက်မပါလို့ ဘာရသမှလဲ မြောက်မှာမဟုတ်ဘူးတဲ့"

"တိတ်စမ်း သားငယ်၊ ကလေး ကလေးလိုနေစမ်း၊ နားထောင်နေလို့ အကောင်းမှတ်နေတယ်၊ ကဲ ထန် ... သားရေချိုးတော့၊ ပြီးရင် ထမင်းစားပွဲအုပ်ဆောင်းအောက်မှာ သားအတွက် ညစာပြင်ထားပြီးသားရှိတယ်၊ မေမေ ဘုရားခန်းဝင်လိုက်ဦးမယ်၊ သားလေး ထူး၊ ဖေဖေ့ကို ခဏနေရင် ကော်ဖီဖျော်တိုက်လိုက်နော်၊ မေမေ ဒီနေ့ အဓိဋ္ဌာန်ဝင်မှာ နည်းနည်းကြာမှာမို့လို့"

ဒေါ်စံထားသည် သူမမှာကြားစရာကိစ္စတို့ကို မှာကြားပြီး သားနှစ်ယောက်အပါးမှ ထွက်သွား၏။

ထူးက ဧည့်ခန်းဘက်သို့ ခြေလှမ်းပြင်လိုက်စဉ်တွင် ထန်က ထူးလက်ကို လှမ်းဆွဲထားရင်းက ...

"ခဏထိုင်ပါဦး ညီရဲ့၊ မင်းက မဆိုးဘူး အတွေးအခေါ်လေးတွေ ကောင်းသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်သဖြင့် ထူးသည် စာကြည့်စားပွဲရှေ့က ထိုင်ခုံတစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

"ထန်နဲ့အနေနီးလို့ ဖြစ်မှာပေါ့"

"ဒါပေမဲ့ လွဲနေတာလေးတွေတော့ ရှိနေတယ်၊ ခု နင်က ညီပြောလိုက်တယ်၊ အချစ်မပါတဲ့ အိမ်ထောင်ရေးက ရသမမြောက်ဘူးလို့လေ၊ အချစ်ဆိုတဲ့ ဝေါဟာရရဲ့အဓိပ္ပာယ်ကို ညီ သိလို့လား"

"ထန်ရော သိလို့လား"

ထူးက သူ့ကို ထန်မေးတဲ့မေးခွန်းကို ပြန်မေးလိုက်သည်။

"ဒီမှာ ညီ၊ အချစ်ဆိုတာ ခိုင်မြဲတဲ့ကြိုးတစ်ချောင်းမဟုတ်ဘူး။ သာယာစရာ အကြောင်းတစ်ချက်ကြောင့် ပေါက်ဖွားလာတဲ့ စိတ်လှုပ်ရှားမှုက စတင်ခဲ့တဲ့ ခံစားချက်တစ်မျိုးပဲ၊ ရေရှည်တည်မြဲမယ်လို့ ပြောလို့မရဘူး။ တချို့ကတော့ ရုပ်ရည်ပေါ်မှာ သာယာမိတယ်၊ တချို့ကတော့ အတွေ့အထိကြောင့် ဒီလိုအကြောင်းတွေကြောင့်ပေါ့ကွာ၊ အဲဒီ သာယာ





စရာအကြောင်းလေး ပျောက်ဆုံးသွားတဲ့အချိန်မှာ အချစ်လည်း ပျောက်ဆုံးသွားတာပဲ"

"ညီတော့ အဲဒီလောက် ရှည်ရှည်ဝေးဝေး မတွေးတတ်ဘူး၊ သေချာတာကတော့ ထန် ဒီလိုပြောနေတာတွေဟာ အယူအဆတစ်ခုပဲ ပြောရမယ်ဆို လက်တွေ့မပါတဲ့ အတွေးအခေါ်တစ်ရပ်ပဲ၊ ထန်လူတစ်ယောက်ကို တကယ်ချစ်မိသွားတဲ့အချိန်မှာ ထန်ရဲ့ဒဿနတွေလည်း တစ်မျိုးတစ်ဖုံပြောင်းလဲသွားမှာပဲ"

"ဟာဟ ... မင်း ထင်လို့လား ထူး၊ ငါ ချစ်မိသွားရင်လည်း အဲဒီမိန်းကလေးဟာ ယုံသံစဉ်ပဲ ဖြစ်မှာပါ"

"ညီ လောင်းရဲတယ်၊ ထန် ချစ်မိသွားမယ့် မိန်းကလေးဟာ ယုံသံစဉ် လုံးဝမဖြစ်နိုင်ဘူး၊ ဘာလို့လဲဆိုတော့ မယုက ထန့်ကို ရင်မခုန်စေခဲ့ဘူး။ မယုရဲ့အလှက ထန့်အတွက် ထန်ပြောသလို စိတ်လှုပ်ရှားမှုတစ်ခု မဖြစ်ခဲ့ဘူးလေ"

"ဒါပေမဲ့ ငါ့ဘဝအတွက် အပြည့်စုံဆုံး မိန်းကလေးက ယုပဲ"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းမာစွာ ပြောနေသော အစ်ကိုဖြစ်သူကိုကြည့်ကာ ထူးခေါင်းယမ်းမိသည်။ ဆက်ဆွေးနွေးနေလို့လည်း အပိုပဲဖြစ်မည်။ ထန်က လူတစ်ယောက်တောင် ဟုတ်ချင်မှဟုတ်တော့မည်။ သူ့ကြည့်ရတာ စက်ရုပ်တစ်ရုပ်နှင့် တဖြည်းဖြည်း ပိုတူလာသည်။ နှလုံးသားက အလုပ်မလုပ်တာကြာလာတော့ မှိုတောင်တက်နေလောက်ပြီ။ ကီစွတစ်ခုခုဖြစ်တိုင်း ဦးနှောက်နဲ့သာဖြေရှင်းတတ်တာလည်း အကျင့်ဖြစ်နေပုံရသည်။

ထိုအချိန်တွင် ထူးရှပ်အင်္ကျီအိတ်ကပ်ထဲတွင် ထည့်ထားသော ဟန်းဖုန်းထမြည်လာတာမို့ ထန့်ကိုခွင့်တောင်းကာ ထန့်အခန်းထဲမှ ထွက်လာခဲ့သည်။ ဖုန်းနံပါတ်ကို ကြည့်လိုက်တော့ ဝိုင်ချိုရီ့ဖုန်းနံပါတ် ဖြစ်နေသည်။ ထူးက သူ့အခန်းထဲသို့ဝင်၍ တံခါးပိတ်လိုက်ကာ ...

"ဟယ်လို ... ချိုရီ ပြော"

"ဘယ်လိုလဲ ထူး၊ ဒီနေ့ နင်တို့အိမ်မှာ အခြေအနေလေးများ ထူးရဲ့လား ... ဟဲ ဟဲ"

ဝိုင်ချိုရီ၏နောက်ဆက်တွဲရယ်သံကြောင့် ထူးစဉ်းစားသွားသည်။





"ဘာအခြေအနေကို ပြောတာလဲ ချိုရီ"

"နင့်အစ်ကိုရဲ့စေ့စပ်ပွဲကိစ္စလေ၊ အခု စေ့စပ်ပွဲက (၁၂)လပိုင်းအထိ ရွှေ့လိုက်ပြီ မဟုတ်လား"

"ဟင် ... နင် ဒါကို ဘယ်လိုလုပ်သိလဲ ချိုရီ၊ ငါတောင် ခုနင်ကလေးကမှ သိလိုက်ရတာ"

"ဝိုင်ချိုရီ ဆင်လိုက်တဲ့ဇာတ်လမ်းပဲလေ၊ အလွယ်တကူဖြစ်သွားတယ်လို့တော့ မထင်နဲ့၊ ငါ့မှာ ဗေဒင်စာအုပ်တွေဖတ်ပြီး ဒိုင်ယာလော့ခ်ရှာရတာကတစ်မျိုး၊ သဘာဝကျအောင် ဇာတ်လမ်းထွင်ဖို့ ကြိုးစားရတာကတစ်မျိုး၊ ဗေဒင်ဆရာယောင်ဆောင်ပြီး ဟိုဆရာမနေတဲ့ ရပ်ကွက်ထဲလွှတ်ဖို့လူကို စည်းရုံးရတာကတစ်သွယ်"

"ဪ ... ချိုရီ၊ ဒါ နင်လုပ်လိုက်တာကိုး၊ တကယ် ချီးကျူးတယ် ချိုရီရာ"

"နေဦး ... နင် ငါ့ကို ဒီထက်ချီးကျူးဖို့ ကျန်သေးတယ်၊ ယုသံစဉ် ဆိုတဲ့မိန်းမ နင်တို့အိမ်ကို တနင်္ဂနွေနေ့တွေ လာတော့မှာ မဟုတ်ဘူးဟ"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ထူးက နားမလည်ဟန်ဖြင့် မေးလိုက်သည်။

"ငါပေးခိုင်းလိုက်တဲ့ ယတြာကြောင့်လေ၊ သူက ဗုဒ္ဓဟူးသမီးဆိုတော့ သူ့ရဲ့အိမ်ထောင်ရန်ဖက် အင်းဝဆိုတဲ့အတိုင်း တနင်္ဂနွေနေ့မှာ အပြင်မထွက်ဘဲ အိမ်သန့်ရှင်းရေးတွေ လုပ်ရမယ်လို့ ယတြာပေးခိုင်းထားတာ၊ ငါလည်းလုပ်ခိုင်းသာ လုပ်ခိုင်းရတာ ရင်တမမနဲ့ပဲ၊ သူတို့ခေါ်မမေးဘူးဆိုရင် ငါ့အကြံလည်း အထ,မြောက်မှာ မဟုတ်ဘူး"

"ငါသိရသလောက်ကတော့ မယုက ဗေဒင်မေးရတာ ဝါသနာမပါပါဘူး"

"အေးလေ ... ဒါပေမဲ့ သူတို့အိမ်နား ပတ်ဝန်းကျင်မှာ ဗုဒ္ဓဟူးသားသမီးတွေ အညံ့ရှိတယ်။ စေ့စပ်ရင်ပျက်မယ်၊ လက်ထပ်ရင် ကွဲမယ်၊ ကံဇာတာမှိန်နေလို့ အရောင်တင်ပေးဖို့ လိုအပ်ပါတယ် ဆိုပြီး စိတ်ဝင်စားသွားအောင် ငါ အကူအညီတောင်းထားတဲ့ လူကြီးကို အော်ခိုင်းလိုက်တာလေ"

"နေပါဦး ... နင်က ဒါတွေရော သိတာပဲလား"

ထူးက အံ့သြဟန်ဖြင့် မေးလိုက်သည်။





"ဘယ်ကသာ သိရမှာလဲ၊ ငါတို့ဆိုင်မန်နေဂျာဦးလေးကြီးက အရင်တုန်းက ဗေဒင်လည်း ဟောဖူးတယ်ဆိုတော့ ငါတို့နှစ်ယောက်ပေါင်းထွက်လာတဲ့ အကြံလေ၊ စိန်လက်စွပ်ရမှာဆိုတော့ ရင်းတော့ရင်းရတာပေါ့ဟာ၊ သုံးလေးရက်ဆက်တိုက်သွားခိုင်းရတာဆိုတော့ စရိတ်ကလည်း မသေးပါဘူး"

"နင် တော်တော်တတ်နိုင်တယ်နော် ဝိုင်ချိုရီ၊ နင်လို ငယ်ငယ်ရွယ်ရွယ် မိန်းကလေးတစ်ယောက်ဆီမှာ ဒီလိုမဟုတ်မဟတ်အကြံအစည်မျိုးတွေ ဒီလောက်များများ ရှိနေနိုင်တာ အံ့သြစရာပဲ၊ မေမေ အိမ်မှာ နင့်ရဲ့တစ်မျိုးပြီးတစ်မျိုး မရိုးအောင် ပြဿနာရှာတာတွေကို ပြန်ပြန်ပြောပြတုန်းကတည်းက ငါ နင့်ကို လေးစားခဲ့တာ"

"ဟင် ... ဆရာမကြီးက အိမ်မှာပြန်ပြောတယ် ဟုတ်လား၊ ဒါဆို နင့်အစ်ကိုလည်း ငါ့အကြောင်းသိမှာပေါ့နော်"

"မထင်ပါဘူး၊ နားထောင်နေလည်း ခေါင်းထဲမှာ နင့်နာမည်တောင် ရှိချင်မှရှိမှာ၊ မဟုတ်ဘူး ရှိကိုရှိမှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ အခု ငါက သုံးလမပြည့်ခင် သူတို့ပတ်သက်ခွင့် မရအောင် မွေပေးထားတာဆိုတော့ ..."

"မရသေးဘူးလေ၊ အဲဒီကိစ္စက (၁၂)လပိုင်းရောက်ရင် ပြန်အသက်ဝင်လာမှာပဲ၊ ငါက ယတိပြတ်ကို ဖြစ်စေချင်တာ"

"နင် ဒါတော့ ညစ်ပြီ ထူး၊ ယတိပြတ်ဖြစ်ဖို့ဆိုရင် နင့်အစ်ကို,ကို တခြားမိန်းကလေးဆီ စိတ်ရောက်အောင်လုပ်ရင်လုပ်၊ မလုပ်ရင် ဟိုဆရာမကို တခြားယောက်ျားတစ်ယောက်ကို စိတ်ဝင်စားသွားအောင်လုပ်မှပဲ ရတော့မယ်"

"ဒါတော့ ငါမသိဘူးလေ၊ နင့်ကို ငါ(၁၂)လပိုင်းအထိ အချိန်ထပ်တိုးပေးမယ်၊ ဟိုကိစ္စ လုံးဝအထ,မမြောက်တော့မှာ သေချာတော့မှ ငါ စိန်လက်စွပ် ပေးနိုင်မယ်"

"အေးလေ ... စ,မိပြီဆိုတော့လည်း ဆုံးအောင်တော့လုပ်ရတော့မှာပေါ့၊ စိန်လက်စွပ် ငါ့ကိုပေးရင် ပြဿနာတော့ မရှိပါဘူးနော်"

"နင်ပဲ သေချာအောင်လုပ်ပါ ချိုရီရာ၊ ငါ့ဘက်က အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ဘာပြဿနာမှ မရှိပါဘူး။ နောက်





အပတ်စနေနေ့ ငါနဲ့ ဆွေသက် နင်တို့ဆိုင်ကို လာခဲ့ဦးမယ်"

"Ok လေ၊ လာခဲ့ ငါစောင့်နေမယ်၊ ဒါပဲ ... ငါဖုန်းချလိုက်ပြီ"

ထူးသည် ချိုရီ ဖုန်းချသွားသည်နှင့် သူ့ဟန်းဖုန်းကို အိပ်ရာပေါ် ပစ်တင်လိုက်သည်။ ပိုင်ချိုရီ၏ မဟုတ်ကဟုတ်က ဉာဏ်နီဉာဏ်နက်များသည် လက်တွေ့တွင် အတော်ကိုအသုံးဝင်လို့နေပါသည်။ ဘာပဲဖြစ်ဖြစ် ဆရာလုပ်လွန်းသော မယုနှင့် တော်တော်လေး ဝေးနေရဦးမည်မို့ သူ စိတ်ချမ်းသာသွားမိသည်။

○ ❦ ○



www.burmeseclassic.com

www.burmeseclassic.com



၈

ထန်နှင့် အလုပ်မှ လုပ်ဖော်ကိုင်ဖက် အစ်ကိုနှစ်ယောက်သည် ကုမ္ပဏီ၏မျက်စောင်းထိုးလေးမှာ ဖွင့်လှစ်ထားသော White Heart Bakery သို့ နေ့လယ်ထမင်းစားချိန်တွင် ရောက်လာကြသည်။ သန့်ရှင်းသပ်ရပ် ကျယ်ဝန်းသော အအေးခန်းထဲတွင် ဖော်မီကာစားပွဲလှလှလေးတွေ ခင်းကျင်းထားရုံသာ





မက စုံတွဲများအတွက်လည်း နှစ်ယောက်ထိုင်ဆိုဖာဆက်တီစားပွဲတွေပါ ခင်းကျင်းထားသည်။

ဝိုင်ချိုရီသည် ဆိုင်မှန်တံခါးကို ဆွဲဖွင့်ပြီး ဆိုင်ထဲဝင်လိုက်တာနဲ့ သူမရဲ့မျက်လုံးတို့က စားပွဲတစ်ခုတွင် သူမနှင့်မျက်နှာချင်းဆိုင် အနေအထားဖြင့် ထိုင်နေသော ထန့်ကိုတွေ့လိုက်စဉ်တွင် ဆတ်ခနဲ ဖြစ်သွားသည်။ သင်း အခုတော့လာပြီ၊ သင်းကိုတွေ့ရပြီ၊ ဘာလုပ်ရမှာလဲ၊ တစ်ခုခုတော့ လုပ်ရမည်။ ဝိုင်ချိုရီသည် သာသာလေး ကောင်တာသို့သွားပြီး "မချယ်ရီ ... ဝန်ထမ်း ဝတ်စုံ အပိုတစ်ထည်ရှိမလား"ဟု ခပ်လောလောလေး မေးလိုက်သည်။

"အနောက်ခန်းက သစ္စာရဲ့အံဆွဲမှာရှိမယ် ချိုရီလေး၊ ဘာဖြစ်လို့လဲ"

"သော့ခတ်ထားလား မချယ်ရီ"

"ဟင့်အင်း ... မခတ်ထားဘူး"

ချိုရီသည် မချယ်ရီ စကားဆုံးသည်နှင့် အနောက်ခန်းတံခါး ဆွဲဖွင့်ပြီး မသစ္စာ၏အံဆွဲကိုဖွင့်ကာ သူမ၏ဝန်ထမ်းဝတ်စုံကို ကပျာကရာ လဲလိုက်သည်။ ရှပ်ကော်လာအင်္ကျီလက်



www.burmeseclassic.com

www.burmeseclassic.com



ရှည်ပေါ်တွင် ခရမ်းရောင်ကုတ်လက်ပြတ်လေး ထပ်ထားပြီး ဒူးသာသာ ခရမ်းရောင်စကတ်လေးက White Heart က ဝန်ထမ်းကောင်မလေးတွေကို ပေါ်လွင်ထင်ရှားစွာ လှပစေသည်။

အဝတ်အစားလဲပြီး နောက်ခန်းထဲမှ ပြန်ထွက်လာတော့ မန်နေဂျာ ဦးထွေးနှင့် တန်းတိုးသည်။ ဦးထွေးက သူမကို ခြေဆုံးခေါင်းဆုံးကြည့်ကာ အံ့သြနေပုံရပြီး သူမကတော့ ခပ်တည်တည်ဖြင့် ...

"ဦးထွေး ... ဒီနေ့ ချိုရီက ဒီ White Heart ရဲ့ waitress နော်၊ နာမည်လည်း ပြောင်းထားတယ်"အချစ်"တဲ့"

မန်နေဂျာဦးထွေးပါးစပ်အဟောင်းသားဖြင့် ဘာမှမပြောနိုင်ခင်တွင် ဝိုင်ချိုရီသည် ထန်တို့စားပွဲရှိရာသို့ တစ်ချက်စောင်းငဲ့ကြည့်လိုက်ပြီး ကောင်တာသို့ သွားနေ၏။

"မချယ်ရီ၊ မမိုး၊ မသန္တာ ... ချိုရီလည်း ဒီနေ့ကစပြီး အစ်မတို့လိုပဲ White Heart ရဲ့ ဝန်ထမ်းတစ်ယောက်ပဲ၊ နာမည်လည်း မှတ်ထားဦး၊ အချစ်လို့ပဲ ခေါ်ရမယ်နော်၊ အခုလောလောဆယ် စားပွဲနံပါတ်(၁၂)ကို မှာထားတာတွေ ချပြီးပြီလား"





"အခုပဲချတော့မှာပါ ချိုရီလေး၊ အဲ ... အချစ်၊ ဒီနေ့ သစ္စာကလည်းမလာ၊ ဆိုင်ကလည်း လူကျဆိုတော့"

"ရပြီ ... ရပြီ ... ပေး ... ပေး၊ အချစ် သွားချလိုက်မယ်"

ဝိုင်ချိုရီသည် မချယ်ရီ လှမ်းပေးသော စတီးလင်ပန်းကို လှမ်းကြည့်လိုက်သည်။ စတော်ဘယ်ရီမစ်ခ်ရှိတ်နှစ်ခွက် ကော်ဖီအေးတစ်ခွက်နှင့် ကြက်ဥချောင်းအစာသွပ်မုန့်သုံးခု ဖြစ်သည်။ ချိုရီက ဦးစွာ စတော်ဘယ်ရီမစ်ခ်ရှိတ် နှစ်ခွက်ကိုသာ လှမ်းယူပြီးနောက် တစ်ခေါက်မှ ကျန်တာသွားချပေးဖို့ ဆုံးဖြတ်လိုက်သည်။

"သူ ဘာကြောင်တာလဲ"

မမိုးက ချယ်ရီ့ကို ခပ်တိုးတိုးလေးမေး၏။

"ကြောင်တာတော့ မဟုတ်ဘူး၊ ထုံးစံအတိုင်း ပြဿနာရှာမှာမို့ နာမည်ပါ ချက်ချင်းပြောင်းလိုက်တာဖြစ်မယ်၊ ဟယ် ... ဟယ်"

ချယ်ရီသည် စကားပင်မဆုံးလိုက်ရသေး ဝတ်စုံကိုသာပြောင်းပြီး စီးထားသော penheel ကိုမလဲထားသော ဝိုင်ချိုရီသည် ထိုစားပွဲဝိုင်းနားရောက်မှ ခြေခွင်ကျကာ စားပွဲထိပ်တွင်



www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေသော လူတစ်ယောက်ကို လက်ထဲရှိ ဖန်ခွက်ထဲမှ စတော်ဘယ်ရီမစ်ခ်ရှိတ်နှင့် ပက်လိုက်သလို ဖြစ်သွားကာ တစ်ဖက်လက်ထဲရှိ ဖန်ခွက်မှာတော့ လွတ်ကျကာ ကွဲသွားတော့သည်။

ချိုရီသည် တစ်ဖက်လက်ထဲမှ ဖန်ခွက်ကျမကွဲအောင် ထိန်းလိုက်သော်လည်း ဖန်ခွက်ထဲမှ ဖျော်ရည်တို့က ထန့် ကော်လာကတုံး အင်္ကျီရင်ဘတ်ကို ရွဲရွဲစိုသွားစေသည်။ အမှန်တော့ ချိုရီသည် တမင်တကာ ထိုသို့ဖြစ်အောင် ရည်ရွယ်ပြီး လုပ်ခဲ့တာ လုံးဝမဟုတ်ပေ။

"ဟာ"

ထန်သည် ရုတ်တရက် ရင်ဘတ်ကို ဖျော်ရည်နှင့် အပက်ခံလိုက်ရတာမို့ စကားပြောနေရာမှ အလန့်တကြားထ,အော်မိသည်။ သူ့အင်္ကျီရင်ဘတ်တစ်ခုလုံး စတော်ဘယ်ရီအရည်တွေ စွန်းထင်းကုန်သည်။ ကြည့်လိုက်တော့ ဒီဆိုင်မှဝန်ထမ်းကောင်မလေးက လက်တစ်ဖက်က ဖန်ခွက်အလွတ်တစ်လုံးကိုကိုင်ကာ ကွဲသွားသော ဖန်ခွက်စ,တွေကို ကြောင်ငေးငေး ကြည့်နေ၏။

"ဟို ... ဟို ... ဦးလေး ... ချို ... အဲ ... အချစ်တောင်းပန်ပါတယ်။ မတော်တဆ ဖြစ်သွားတာပါ"





ထန်သည် ထိုကောင်မလေး တောင်းပန်စကားကို စိတ်မဝင်စားဘဲ တစ်ရှူးဘူးထဲမှ တစ်ရှူးစကိုဆွဲထုတ်ရင်း အင်္ကျီကိုသုတ်နေသည်။

"ညီလေး ... တောင်းပန်ပါတယ်ကွာ၊ သူက ဒီနေ့မှအသစ်ဝင်လာတဲ့ဝန်ထမ်းဖြစ်လို့ အမှားအယွင်းရှိသွားတာပါ၊ အချစ် ဘာလုပ်နေတာလဲ၊ သွား ... ဒီဖန်ခွက်စတွေ ရှင်းဖို့လုပ်"

မန်နေဂျာဖြစ်ဟန်တူသော ဥပဓိရုပ်ကောင်းကောင်းနှင့် လူတစ်ယောက်က သူတို့ဝိုင်းနား အပြေးလာပြီး တောင်းပန်ပြန်သည်။ ထန်သည် ထိုကောင်မလေးကို ခြေဆုံးခေါင်းဆုံးကြည့်လိုက်သည်။ သူ့အကြည့်တွေက ထိုကောင်မလေးစီးထားသော ဒေါက်ဖိနပ်မှာ ရပ်တန့်သွားသည်။

"မတော်တဆ ဖြစ်မယ်ဆိုလည်း ဖြစ်စရာပဲ၊ ခင်ဗျားဝန်ထမ်းရဲ့ဒေါက်ဖိနပ်ကိုလည်း ကြည့်စမ်းပါဦး၊ ဒီအလုပ်လုပ်တယ်ဆိုတာ ခြေခိုင်လက်ခိုင်ရှိတဲ့လူမှ လုပ်ရတာ၊ သူ ဒီပုံအတိုင်းဖြစ်နေမယ်ဆို လခထုတ်ချိန် သူ့ကြောင့်ကွဲသွားတဲ့၊ ပျက်စီးသွားတဲ့ တန်ဖိုးတွေ နုတ်လိုက်လို့ လခရော ကျန်ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ညီလေး၊ အစ်ကို သူ့ကို ကောင်းကောင်းဆုံးမပါ့မယ်၊ ဒီနေ့ ညီလေးတို့ဝိုင်းရဲ့ကုန်ကျစရိတ်ကို အစ်ကိုတို့ရဲ့ပေါ့ဆမှုအတွက် အလျော်ပေးတဲ့အနေနဲ့ ပြန်ပေးပါ့မယ်"

"ဟင့်အင်း ... မလိုပါဘူး၊ တာဝန်သိတတ်တဲ့ အစ်ကို့ရဲ့စိတ်ကိုတော့ လေးစားပါတယ်၊ အစ်ကို့ရဲ့ ဒီဝန်ထမ်းကိုသာ ကောင်းကောင်းသင်ပြပေးပါ"

ထန့်အပြောကို သူနှင့် အလုပ်အတူလုပ်ကြသော စီနီယာအစ်ကိုကြီးများဖြစ်ကြသော ကိုသက်နိုင်နှင့် ကိုမျိုးထွန်းက ထောက်ခံဟန်ဖြင့် ခေါင်းညိတ်နေကြသည်။

ဝိုင်ချူရီသည် စိတ်ထဲမှာ မကျေနပ်သော်လည်း ဘာမှလုပ်လို့မရသည့် အခြေအနေမို့ ခေါင်းကိုငုံ့ကာ သူ့ရှေ့က လှည့်ထွက်ဖို့ ဟန်ပြင်လိုက်သည်။

"နေပါဦး ... မင်းကို ငါတွေ့ဖူးသလိုပဲ"

နောက်နားဆီမှ ထန့်အသံကြောင့် ချူရီ့ကိုယ်လေး တောင့်ခနဲဖြစ်သွားသည်။





"မဖြစ်နိုင်ဘူးထင်တယ် ညီလေးရဲ့၊ သူက အခုမှ ဒီဆိုင်မှာ အလုပ်စ,ဝင်တာ၊ နေတာကလည်း ပဲခူးကရွာလေးတစ်ရွာကပါ၊ နာမည်ကိုလည်းကြည့်ဦး'အချစ်'တဲ့၊ ဘယ်လောက်တောဆန်လိုက်လဲ၊ ဒေါက်ဖိနပ်ဝတ်တယ် ဆိုတာကလည်း သူက ရန်ကုန်မှာအလုပ်လုပ်ရင် ခေတ်မီရမယ်လို့ထင်လို့ ဖြစ်ပါလိမ့်မယ်"

ချူရီ၏မကျေမနပ်စိတ်တို့သည် မန်နေဂျာ ဦးထွေးနိုင်ဘက် လှည့်သွားပြန်သည်။ ပြောလိုက်တာ သူမကိုများ မှိုချိုးမျှစ်ချိုး တောသူမလေး ဘာလေးနှင့်။ သို့သော် ဦးထွေးနိုင် ကောင်းမှုကြောင့် သူမ အခု အသက်ဝဝရှူနိုင်သည် မဟုတ်ပါလား။

ဦးထွေးနိုင်သည် ဝိုင်ချူရီနှင့် ပတ်သက်ပြီး ထိုကောင်လေးကို တော်တော်ကို တောင်းပန်လိုက်ရသည်။ Boss သမီး trouble maker လေးနှင့် သူက တခြားဆိုင်က မန်နေဂျာတွေထက် ပိုပြီး အကျွမ်းတဝင်ရှိခဲ့သောကြောင့် သူမလေး ဒီမြေနီကုန်းကဆိုင်ကို မျက်စိကျပြီ ဆိုကတည်းက အကြောင်းသိသော သူ့မှာ မျက်ခုံးတော်တော်လှုပ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထင်သည့်အတိုင်းပင် ဒီဆိုင်ကို သူမ ရောက်လာတာ သုံးလပင်မပြည့်သေး။ သူ့မှာ ဗေဒင်ဆရာဖြစ်လိုဖြစ်၊ သူမလေး အပြင်ထွက် သူငယ်ချင်းတွေနဲ့ လျှောက်လည်နေတုန်း Boss တို့ လင်မယားဆီက ဖုန်းလာလျှင် လိမ်ပေးရတာကတစ်သွယ်၊ အခု လည်း ဘာမှန်းမသိသော သူမထွင်သည့် ဇာတ်လမ်းတစ်ပုဒ်မှာ သူ ဝင်က,မိရက်သား ဖြစ်နေပြန်သည်။ ဦးထွေးနိုင်သည် သက် ပြင်းရှည်ကြီးတစ်ခုကို ချလိုက်မိသည်။

○ ❦ ○





## ၉

ထန်သည် ဒီနေ့ ယုကစာအုပ်ဝယ်စရာရှိသည်ဟု အဖော်ခေါ်တာမို့ သူလည်း စာအုပ်တွေကြည့်ချင်တာနှင့် နှစ်ယောက် အတူ လှည်းတန်းဘက်သို့ ရောက်ခဲ့သည်။ ထန်က လှည်းတန်း ဈေးနားက စာပေလောက(၃)ရှေ့တွင် စူပါဆလွန်းအဖြူလေးကို ထိုးရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေး ဒီနှစ်မေးခွန်းပါတဲ့ မြန်မာစာမေးခွန်းဟောင်းစာအုပ် ထွက်ပြီလား"

ယုသံစဉ်က ဆိုင်ဝန်ထမ်းကောင်မလေးကို မေးလိုက်၏။

"လာ ... အစ်မ၊ ဒီမှာ ရွှေလက်ဆောင်လည်းထွက်တယ်၊ learner choice လည်း ထွက်တယ်"

ထန်က စာအုပ်တွေကို လိုက်ကြည့်နေသည်။ ပြီးတော့ ခမ္မစာပေဘက်သို့ လျှောက်သွားပြီး မေမေမှာလိုက်သော မေတ္တာရှင် (ရွှေပြည်သာ)၏စာအုပ်ကို ရှာဖွေနေမိသည်။

"နင် တော်တော်တရားလွန်နေပြီနော်"

ကောင်မလေး တစ်ယောက်၏ ခပ်အုပ်အုပ်အသံကြောင့် ထန်က စာမြည်းနေရာမှ လှမ်းကြည့်လိုက်သည်။ မဂ္ဂဇင်းစာအုပ်တစ်အုပ်ကို ကိုင်ထားသော သူ့ကို ကျောပေးအနေအထားနှင့် ရပ်နေသော ဆံပင်ကုပ်ဝဲနှင့် ကောင်မလေးသည် သူ့ဘေးနားတွင်ကပ်၍ ရပ်နေသော ကောင်လေးတစ်ယောက်ကို ဒေါသဖြစ်နေပုံရသည်။ ထန်သည် သူနှင့်မဆိုင်တာမို့ စာအုပ်ကိုပြန်ကြည့်နေမိသည်။ သို့သော် သူတို့ပြောသော စကားသံတွေကိုတော့ ကြားနေရသည်။





"တကယ်ပါ၊ တို့ မင်းကိုစတွေ့ကတည်းက အရမ်းကို စွဲလမ်းနေတာ၊ ဒီနေ့ တိုက်တိုက်ဆိုင်ဆိုင် လာတွေ့တော့ အရမ်းကို ပျော်သွားတာ"

"ဒါ ရည်စားစကား ပြောရမယ့်နေရာ မဟုတ်ဘူး"

"သိပါတယ်၊ ဒါပေမဲ့ အခြေအနေပေးတုန်း ပြောရတာပါ"

"နင် ငါ့နာမည်ကိုရော သိရဲ့လား"

"သိတယ်လေ အချစ်၊ ဟုတ်တယ် မဟုတ်လား"

ထန်သည် အချစ်ဆိုသော နာမည်ကြောင့် ခေါင်းထောင်သွားလေသည်။ အချစ်ဆိုသည်မှာ White Heart က တောသူမလေးပဲ။

"နင် ငါ့ကို ဘယ်လောက်ချစ်လဲ"

အချစ်၏အသံကို ဆက်ကြားလိုက်ရသည်။

"ဟာ ... အများကြီးချစ်တာပေါ့"

ထိုကောင်လေးက အားကျမခံ ပြန်ဖြေလိုက်သည်။

"Edward ဘုရင်လိုမျိုး စည်းစိမ်နဲ့အချစ်ဆို အချစ်ကိုရွေးနိုင်မလား၊ Simpson လို ငါက တစ်ခုလပ်ဆိုရင် နင်ကြိုက်မလား၊ India ဘုရင်ရဲ့ ရာဇဝင်တွင်တဲ့ ချစ်သက်သေ



www.burmeseclassic.com

www.burmeseclassic.com



'Tajmaha'အဆောက်အအုံလောက်ကြီးတဲ့ အရာနဲ့ နင်ရော နင့်အချစ်ကို သက်သေပြနိုင်မလား"

ထိုကောင်လေးကတော့ ဘယ်လိုနေသည်မသိ။ ထန်ကတော့ ထိုကောင်မလေးအပြောကို သဘောကျသွားသည်။ တော သူမဆိုတာ ဟုတ်ရောဟုတ်ရဲ့လားမသိ။ ဗဟုသုတတော့ တော်တော်ရှိပုံရ၏။

"ဟို ... အဲ ... အချစ် ပြောနေတာ ဘယ်သူတွေလဲ၊ ဘာတွေလဲဟင်"

"ဒါလေးတောင် မသိဘဲနဲ့များ အချစ်နဲ့ လာပတ်သက်ချင်လို့ ရမလား၊ waiter ဆိုပြီး လာအထင်မသေးနဲ့နော်၊ နင်ဒိုးဖို့ကောင်းနေပြီ"

ဆိုင်ထဲမှ စာအုပ်ဝယ်ရန် ရောက်နေကြသော ဈေးဝယ်တို့က သူတို့နှစ်ယောက်ကို ပြုံးစိစိနှင့် ကြည့်နေကြတာမို့ ထိုကောင်လေးသည် မျက်နှာရဲရဲနှင့် အချစ်အနားက ကသုတ်ကရက် ထွက်သွားလေသည်။

"ထန် အန်တီ့အတွက် စာအုပ်ရပြီလား၊ ဒီမှာမတွေ့လည်း မြို့ထဲဘက် သွားကြမယ်လေ"





ယုသံစဉ်က သူ့အနားလာပြီးပြောမှ သူ ဒီမှာရပ်နေတာ တော်တော်ကြာပြီမှန်း သတိပြုမိလေသည်။

အချစ်ဆိုသော ကောင်မလေးသည် မဂ္ဂဇင်းစာအုပ်နှစ်အုပ်သုံးအုပ်ကိုယူကာ ကောင်တာတွင် စာအုပ်ဖိုးရှင်းလိုက်ပြီး ခပ်တည်တည် မျက်နှာပေးနှင့် ထွက်သွားသည်။ ဒီနေ့တော့ သူမ ဒေါက်ဖိနပ်မစီးထားပါ။ step တံဆိပ် ရှပ်အင်္ကျီလက်တိုနှင့် ဂျင်းပင်အတိုကိုဝတ်ကာ scholl ဖိနပ်တစ်ရန်ကို စီးထား၏။

ဝိုင်ချိုရီသည် ထန်နှင့် ယုသံစဉ်ကို နှစ်ယောက်တွဲထပ်တွေ့လိုက်ရသဖြင့် စိတ်အတော်ညစ်သွားသည်။ ထူးပြောသလိုပင် (၁၂)လမိုင်းရောက်လျှင် သူတို့စေ့စပ်ပွဲ ပြန်၍အသက်ဝင်လာမှာ သေချာ၍နေသည်ပဲ။

ဝိုင်ချိုရီဆိုသည့်နာမည်နှင့် မလှုပ်ရှားချင်၍ ဝိုင်ချိုရီဆိုသည့်နာမည်ကို ဆရာမကြီးက ကောင်းကောင်းသိထား၍ ပြဿနာတက်လျှင် သူမ ကွဲခနဲမိသွားမည်စိုး၍ ကြိုတင်ကာကွယ်သောအားဖြင့် အချစ် ဆိုသည့်နာမည် သူမပြောင်းထားခဲ့သည်။

ဆိုင်ကိုလာကြသော ကောင်လေးတွေက သူမကို သဘောကျကြသည်။ အခုလည်း မမမိုတို့နှင့် လှည်းတန်း



www.burmeseclassic.com

စိန်ဂေဟာမှာ ဈေးဝယ်ထွက်ရင်းက ဈေးဝယ်အလွန်ကြေးများကြသော မမတို့ကို စိတ်မရှည်နိုင်တော့၍ တစ်ယောက်တည်း ဈေးနားက စာပေလောက(၃)ကို သွားခဲ့သည်။

စိန်ဂေဟာမှာတည်းက သူမနောက် တကောက်ကောက်လိုက်နေသော ဆိုင်ရဲ့ Customer ကောင်လေးသည် သူ့ကို အထာပေးသည်ထင်သည်ထင့် သူမနဲ့အတူ စာအုပ်ဆိုင်ထဲအထိတောင် လိုက်လာခဲ့သည်။ ဖြစ်ချင်တော့ ယုသံစဉ်နှင့် ထန်တို့ကို စာအုပ်ဆိုင်ထဲတွင် တွေ့လိုက်ရသည်။

ကိုကိုကြီးကို ယုသံစဉ်နောက်လိုက်ဖို့ တွန်းအားပေးထားခဲ့သည်။ စီးပွားရေးကိစ္စသာ ခေါင်းထဲထည့်ထားခဲ့သော ကိုကိုကြီးမှာ ရည်းစားသနာကလည်းမရှိ၊ ဘာပဲဖြစ်ဖြစ် ပြောပါများရင်တော့ စိတ်ဝင်စားလာနိုင်သည်ပေါ့။

○ ❦ ○





## ၁၀

ယုသံစဉ်သည် ဝယ်နေကျပန်းသည်ဆီမှ ကြာပန်းတစ်စည်းကို ဝယ်ယူပြီး ဘုရားစောင်းတန်းတစ်လျှောက် တက်လာသည်။ ယုသံစဉ်သည် သူမမွေးနေ့ ဗုဒ္ဓဟူးနေ့ရောက်တိုင်း ရွှေတိဂုံဘုရားသွား၍ ပုတီးစိပ်နေကျ။ ကျောင်းဆင်းပြီး နေ့လယ်နေ့ခင်းဘက်တွင် သွားတာဆိုတော့ လူတော့ရှင်းသည်။

ဘုရားမှာ ကြာပန်းနှင့် ရွှေသက်န်းကပ်လှူသည်။ ထိုသို့လှူလျှင် အချစ်ရေးကိစ္စ ချောမွေ့နိုင်သည်ဟု လောကီပညာရှိများက ဆိုကြသောကြောင့်ဖြစ်သည်။ အခုတလော သူမစိတ်တွေ နောက်ကျိရှုပ်ထွေးနေသည်။ ဘယ်ကရောက်လာမှန်းမသိသော ဇေဒင်ဆရာစကားကို မေမေက ယုံစားပြီး ဇာစပ်ပွဲကို နောက်ဆုတ်လိုက်သည်။ သူမ ထန်နှင့် မဝေးချင်ပါ။

တကယ်ဆို "ထန်"က သူမကို လှုပ်ရှားစကားတစ်ခါမှ မပြောဘူးပါ။ သူငယ်ချင်းတွေနဲ့ ပတ်ဝန်းကျင်က သူမတို့နှစ်ယောက် တွဲသွားတွဲလာ လုပ်လွန်း၍ အတွဲဟု ယူဆလျှင်လည်း ထန်က စိတ်ဆိုးဟန်မပြသလို ဖြေလည်းမဖြေရှင်းတတ်ပါ။ သူမ ထန့်ကိုနားလည်ချင်ယောင်သာ ဆောင်နေသော်လည်း တကယ်တမ်းတော့ လုံးဝနားမလည်ပါ။

တစ်ခါတလေတော့လည်း ကိုယ့်အဖြစ်ကို ကိုယ် ဒေါသထွက်မိသလို ထန့်ကိုလည်း စိတ်ဆိုးမိပါသည်။ ထန် ဖွင့်ပြောဖို့တော့ ကောင်းသည်။

ဗုဒ္ဓဟူးထောင့်မှာ ပန်းထိုးရေသပ္ပာယ်ပြီး ယုသံစဉ်သည် ဘုရားကိုထိခြင်းငါးပါးနှင့် ဦးသုံးကြိမ်ချ ရှိခိုးလိုက်သည်။





တောင်းတဲ့ဆုကတော့ လောကုတ္တရာတစ်ဆုနှင့် လောကီဆုတစ်ဆုပေါ့၊ လောကုတ္တရာဆုကတော့ သစ္စာလေးပါးကို ပိုင်းခြားထင်ထင် သိမြင်နိုင်ရပါလို၏နှင့် လောကီဆုကတော့ သာယာချမ်းမြေ့သောဘဝကို ပိုင်ဆိုင်ရပါစေပေါ့။

ဒါငယ်ငယ်လေးကတည်းက မေမေ သူမတို့ညီအစ်မတွေကို သင်ပေးခဲ့တာလေ။ အခုတော့ အပိုဆုတစ်ခုပါ ထပ်တောင်းမိသည်။ ဖူးစာရှင်အစစ်အမှန်နှင့် အမြန်ဆုံး ဆုံတွေ့ရပါစေသားလို့လေ။

ယုသံစဉ်သည် ရွှေသက်န်းလေးတွေကို ဝယ်ယူပြီး ဘုရားဆင်းတုတော်တွေ ရွှေချဖို့အသွားတွင် ပုတီးစိပ်နေသော လူထစ်ယောက်ကို သတိပြုမိလိုက်သည်။ ဒီလူ့ကိုတွေ့တာ လေးငါးခါပင်မကတော့။ ပုံစံက အေးဆေးတည်ကြည်ပုံရပြီး ယောကျ်ားဆန်ဆန် အသားညိုပြီး ချောမောသည်။ သူ ဗုဒ္ဓဟူးသားလားတော့ သူမလည်း မသိပါ။ ဒီတန်ဆောင်းမှာပဲ သူ့ကို ဗုဒ္ဓဟူးနေ့တိုင်း တွေ့နေရသည်။

ယုသံစဉ်သည် ရွှေသက်န်းအပေါ်တွင် ကြိုးလေးနဲ့ချည်ထားသော အပေါ်စာရွက်ကိုဖြုတ်၍ သစ်စေးချထားသော

www.burmeseclassic.com



ဆင်းတုတော်ကို ရွှေသင်္ကန်းကပ်နေသည်။ ထိုအခိုက် လေကဝှေ့သွားပြီး ဆေးမှာချထားသော ရွှေသင်္ကန်းရွက်တွေက ပြန့်ကျဲသွားသည်။ ထိုအချိန်တွင် သူရောက်လာပြီး ရွှေသင်္ကန်းရွက်တွေကို ကောက်ယူကာ သူမကိုလှမ်းပေးသည်။

"ကျေးဇူးပါပဲ"

ယုသံစဥ်က ခပ်တိုးတိုး ဆိုလိုက်သည်။

"ကျွန်တော် ခွာပေးမယ်နော်"

ထိုလူသည် ပြောလည်းပြော ရွှေသင်္ကန်းအပေါ်စာရွက်က ကြိုးတွေကို သွက်လက်စွာခွာပြီး သူမကို လှမ်းပေးသဖြင့် ယုသံစဥ်သည် အဆင်ပြေစွာ ရွှေသင်္ကန်းကပ်နေ၏။

"ကျေးဇူးတင်ပါတယ်"

ယုသံစဥ်က ရွှေသင်္ကန်းအားလုံးကပ်ပြီးတော့ ထိုလူကိုထပ်၍ ကျေးဇူးတင်စကား ပြောလိုက်သည်။

"ရပါတယ်"

ထိုလူက ခပ်တိုတိုပြောရင်း လှည့်ထွက်သွားသည်။ ယုသံစဥ် ထန့်ကို သတိရမိသည်။ ဒီနေရာမှာ ဒီလူက ထန်ဆိုရင် ဘယ်လောက်ကောင်းမလဲ။ ယုသံစဥ်သည် မဖြစ်နိုင်မှန်း သိသိနဲ့





စိတ်ကူးယဥ်မိသော သူမကိုယ်ကိုသူမ အပြစ်တင်ဟန်ဖြင့် ခေါင်းခါလိုက်သည်။

ကျော်သက်သည် ယုသံစဥ်ရှေ့မှ လှည့်ထွက်လာခဲ့သော်လည်း သူ့မျက်ဝန်းထဲတွင်တော့ မြန်မာဆန်ဆန် အေးချမ်းလှပသော ဘယ်ဘက်ပါးပြင်ပေါ်တွင် စပါးတင်မှဲ့လေးရှိသော ဆရာမ၏ပုံရိပ်လေးက ကပ်ငြိပါလာသည်။

ဒီကိစ္စကို ဖန်တီးခဲ့သူက ဝမ်းကွဲညီမ **trouble maker** လေးပင်။ တစ်နေ့ တစ်နေ့ ယုသံစဥ် ဆိုသည့် အထက်တန်းပြဆရာမလေးက ဘယ်လိုလှတာ၊ ဘယ်လိုယဥ်ပြီး ဘယ်လိုချစ်စရာကောင်းတာ၊ အတွဲမရှိတာ စုံလို့ စုံလို့ နားကြားပြင်းကတ်အောင်ပြောကာ သူနှင့် အရမ်းသဘောတူသည်ဟု ဆိုလာသည်။

"ကိုကိုကြီးလည်း ရည်းစားရှိတာ မဟုတ်ဘူး၊ တစ်နေ့တစ်နေ့ ဆိုင်ကိစ္စနဲ့ပဲ လုံးပမ်းနေရတာ မပျင်းဘူးလား၊ ကိုကိုကြီး Mini mart က အရောင်းစာရေးမတွေက ကုတ်ကမြင်းတွေ၊ ဟိုနေ့က ကိုကိုကြီးဆိုင်ကို ချိုရီ လာတော့ သူတို့မျက်လုံးတွေက ကိုကိုကြီးဆီပဲ ရောက်ရောက်နေပြီ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ကိုကိုကြီးသာ အဲဒီဝန်ထမ်းတစ်ယောက်ယောက်နဲ့ ငြိသွားရင် ချိုရီတော့ ရင်ကျိုးမှာပဲ”

“တော် ... တော် ... trouble maker ၊ နင်ဘာမွှေမလို့ ဒီစကားတွေ လာပြောနေတာလဲ”

“ကိုကိုကြီးကလေ ချိုရီ့ကိုဆို အကောင်းတစ်စက်မှမမြင်ဘူး။ တကယ်ပြောတာပါ၊ သူက ဗုဒ္ဓဟူးနေ့တိုင်း ရွှေတိဂုံဘုရားသွားတယ်။ ကိုကိုကြီး ဗုဒ္ဓဟူးထောင့်မှာ သူ့ကိုသွားစောင့်ကြည့်ပါလား။ တစ်ခါတည်းတောင် ကြိုက်သွားဦးမှာ”

ဒီလိုနှင့်ပြောပါများတော့ သူလည်း ချိုရီ ချောက်တွန်းတာ မဟုတ်ပါစေနဲ့လို့ ဆုတောင်းရင်း ချိုရီပြောပြသော ပုံပန်းသဏ္ဌာန်နှင့် မိန်းမတစ်ယောက်ကို စောင့်မျှော်ကြည့်ခဲ့မိသည်။ ပထမဆုံး သူမကို စတွေ့သည့်နေ့မှာပင် သူ့နှလုံးသားသည် အိပ်စက်နေရာမှ နိုးထလာခဲ့သည်။ မြန်မာဆန်ဆန် ယဉ်ယဉ်လေးနှင့်လှသော သူမကို သူ အကြီးအကျယ်ကို ကြွေခဲ့မိပါသည်။

“ဘယ်လိုလဲ ကိုကိုကြီး၊ ဗုဒ္ဓဟူးနေ့တိုင်း ဘုရားရောက်ဖြစ်တယ် မဟုတ်လား”





“အေး ... ရောက်ဖြစ်တယ်၊ ဒါနဲ့ ချိုရီ ... နင် သူ့အိမ်လိပ်စာလေး၊ ဖုန်းနံပါတ်လေး မသိဘူးလား”

“သိသားပဲ”

“သိရင် ငါ့ကိုပေးလေ”

“ဘာလုပ်ဖို့လဲ”

ချိုရီသည် ကိုကိုကြီး ယုသံစဉ်ကို ငြိသွားမှန်းသိသိနှင့် တမင်ပြောလိုက်သည်။

“နင်ပဲ ငါနဲ့ သဘောတူတယ်ဆို”

“ဟုတ်တယ်လေ၊ ဒါပေမဲ့ ဒီအတိုင်းတော့ ဘယ်ရမလဲ”

“ပြော ... ငါ ဘယ်လောက်ပေးရမှာလဲ”

“အကူအညီတစ်ခုပဲ တောင်းမှာပါ”

“မဟုတ်ကဟုတ်ကတော့ မကူညီနိုင်ဘူးနော်၊ ကြိုပြောထားတာ”

“ကြည့် ... ကိုကိုကြီး၊ ရတယ် ကူလည်းမကူညီနဲ့တော့ ပြောလည်း မပြောပြတော့ဘူး၊ သိချင်ရင် ကိုယ့်နည်းကိုယ့်ဟန်နဲ့ စုံစမ်းကြည့်”



www.burmeseclassic.com

www.burmeseclassic.com



ကျော်သက်သည် ဘောက်ဆတ်ဘောက်ဆတ်ဖြင့် ထွက်သွားသော ညီမဖြစ်သူကို စိတ်ပျက်လက်ပျက် ကြည့်နေမိသည်။

ဒီကောင်မလေး ဘာစတန့်ထွင်ထားလဲ သူ မသိပါ။ ဟိုတစ်နေ့က သူမရှိရာ မြေနီကုန်းက White Heart ကိုသွားတော့ သူမက ဝန်ထမ်းဝတ်စုံဝတ်ပြီး အချစ်ဆိုသောနာမည်နှင့် စားပွဲထိုးလုပ်နေသည်လေ။ မန်နေဂျာဦးထွေးနိုင်လည်း သူမကို မနိုင်ပါ။ မာမီလေးနှင့် ဦးဦးကတော့ သူမပြဿနာမရှာတာကိုပဲ ကျေးဇူးတင်နေဟန်ရှိသည်။

အချစ်ဆိုသည့်ကိစ္စနဲ့ ပတ်သက်ပြီး မိန်းမချင်းဖြစ်သည့် ညီမဝမ်းကွဲ မေကို၊ မေမိုနှင့် မေနီတို့တောင် မသိကြဟု ဆိုသည်။ ဦးထွေးနိုင်ကို မေးလို့လည်း ဘာမှမရ၊ ချိုရီက အပိုင်စည်းရုံးထားပုံရသည်။

○ ❦ ○





❦ ၁၁ ❦

"ဟဲ့ ... မိန်းမ၊ လာပါဦး ... ထိုင်ပါဦး၊ ကြည့်စမ်း ထူး၊ ချိုရီက တကယ့် Waitress နဲ့တူမနေဘူးလား"

ဆွေသက်မွန်သည် ဝိုင်ချိုရီ၏ လက်ကိုဆွဲ၍ သူမတို့ စားပွဲကိုဝင်ထိုင်စေကာ ထူးကို ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ဟ ... ဒယ်ဒီနဲ့ မေမေ မရှိတော့ရင် ဒီဆိုင်တွေ အားလုံးကို ငါပဲအုပ်ချုပ်ရမှာ၊ ဆိုင်ခွဲတွေလည်း ဆက်ဖွင့်ရမှာ၊ ဒါကြောင့် အောက်ခြေသိမ်းကနေ စ,လုပ်နေတာ"

"ဟာ ဟ ... နားရှိလို့သာ ကြားရတယ်၊ နင့်အဖေနဲ့အမေ သာ ဒီစကားကြားရရင် တော်တော်ပျော်ကြမှာ"

"ဘာလဲ ထူး၊ နင်က မယုံလို့လား၊ တကယ်ဆို ငါက ဘာလို့ ဒုက္ခခံပြီး ဒီမှာဆက်ပြီး waitress လုပ်နေရမှာလဲ"

"အကြောင်းရှိလို့ ဖြစ်မှာပေါ့၊ နင်က ဒီလောက် ဉာဏ်နီဉာဏ်နက်များတာ"

"ဆွေသက် ... နင့်လူကို ပြောထားနော်၊ သူ့စိန်လက်စွပ်ပေးရကာနီးလာလို့ ကယောင်ချောက်ချား ဖြစ်နေသလိုပဲ"

"ဟယ် ... ချိုရီ၊ နင် ဘယ်လိုလုပ်သိလဲ၊ ဒီအကြောင်း ငါ ဘယ်သူ့မှတောင် ပြောရသေးတာ မဟုတ်ဘူး"

ဝိုင်ချိုရီသည် တကယ်တမ်းတော့ သူတို့နှစ်ယောက် ပတ်သက်မှုကို သိထားသည် မဟုတ်ဘဲ ပြောလိုက်ခြင်းဖြစ်သော်လည်း ဆွေသက် စကားကိုကြည့်ခြင်းအားဖြင့် သူတို့နှစ်ယောက် ငြိသွားပြီဆိုတာ ချက်ချင်းသဘောပေါက်လိုက်သည်။





"နင်တို့ သွက်လှချည်လား၊ အခုမှ ကျောင်းတက်တာ တစ်လတောင် မပြည့်သေးဘူး"

"ငါတို့က နှလုံးသားချင်း ထပ်တူကျတယ်လေ၊ အတွေးအခေါ် အယူအဆချင်းလည်း ထပ်တူနည်းပါးပဲ၊ ဆွေသက် ငါ့အနားမှာရှိရင် ငါပျော်တယ်၊ ဆွေသက်လည်း ဒီလိုပဲ၊ သူပြဿနာတက်ရင် ဒုက္ခရောက်ရင် ငါ အတတ်နိုင်ဆုံး ကူညီမယ်။ သူလည်း ဒီလိုပဲ ဘယ်အခြေအနေရောက်ရောက် ငါ့ကို စွန့်ခွာမသွားဘူး။ ငါတို့က အသက်ငယ်သေးပေမယ့် တကယ် တစ်ယောက်နဲ့တစ်ယောက် နှစ်နှစ်ကာကာ ချစ်ကြတာ"

"နင့်ကို ဘယ်သူက မေးနေလို့လဲ၊ နားကြားမြင်းကတ်လိုက်တာ"

"နင် မနာလိုဖြစ်နေတာ မဟုတ်လား ချိုရီ၊ ဟား ဟား ဟား ဟား"

ထူးက မျက်နှာရှုံ့မဲ့နေသော ချိုရီ့ပုံကို သဘောကျဟန်ဖြင့် တဟားဟား အော်ရယ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထန်သည် အိမ်အတွက် ပီဇာဝယ်၍ casher တွင် ပိုက်ဆံရှင်းနေစဉ်တွင် ကောင်လေးတစ်ယောက်၏ရယ်သံကို ကြားတာမို့ အသံလာရာဆီသို့ လှည့်ကြည့်လိုက်သည်။ ထူးနှင့်ကောင်မလေးနှစ်ယောက်ကိုတွေ့တော့ သူ မျက်ခုံးပင့်မိလိုက်သည်။ တစ်ယောက်ကိုတော့ သူ မသိပါ။ နောက်တစ်ယောက်ကတော့ အချစ်ဖြစ်သည်။

ထူးက အချစ်ကို စ,နေဟန်ရှိသည်။ ကြည့်ရသည်မှာ သူတို့နှစ်ယောက် တော်တော်ရင်းနှီးပုံရ၏။ သို့သော် ထူးနှုတ်မှ အချစ်ဆိုသောနာမည် သူ တစ်ခါမှ မကြားဖူးခဲ့ပါ။ ထန်သည် ပီဇာထည့်ထားသော အိတ်ကိုဆွဲ၍ မှန်တံခါးကိုတွန်းဖွင့်၍ အပြင်သို့ ထွက်လာခဲ့သည်။ အချစ်နှင့် ထူးနဲ့က ဘာလဲ၊ ရီး[illegible]သူငယ်ချင်းတွေလား၊ ဒါမှမဟုတ် တစ်ခုခု ပတ်သက်နေတာလား။ တစ်လမ်းလုံး သူ စဉ်းစားလာခဲ့သည်။ သို့သော် ထူးကိုတော့ သူ ဖွင့်မေးဖြစ်မည် မဟုတ်ပါ။

ရုတ်တရက် ဖုန်းမြည်လာတာမို့ အိတ်ထဲမှဖုန်းကို ထုတ်ပြီး နားထောင်လိုက်သည်။ ဖုန်းဆက်သူက ငယ်သူငယ်ချင်း ပိုင်စိုး။

"ဟော့ကောင် ... ထန်၊ ငါပါ ပိုင်စိုး"





"အေး ... ပြော သူငယ်ချင်း"

"မင်းကို အရေးတကြီး ပြောစရာရှိလို့၊ မင်းနဲ့ ယုသံစဉ် ပြတ်သွားကြတာလား"

"မဟုတ်ပါဘူး၊ (၁၂)လပိုင်းလောက် စေ့စပ်ဖြစ်ကြမှာ"

"ဟုတ်လား၊ ငါလည်း ပြောသင့် မပြောသင့် စဉ်းစားနေတာ၊ ငါ ယုသံစဉ်ကို ဘဲတစ်ကောင်နဲ့ တွဲတွဲပြီးတွေ့တာ နှစ်ခါ,သုံးခါ မကတော့ဘူး၊ မင်းတို့ စေ့စပ်မှာသေချာတယ်ဆိုရင် ဒီကိစ္စကြီးကို သူနဲ့မင်း ဆွေးနွေးသင့်တယ်"

"အေးကွာ၊ ဒီလိုပြောမြှတာ ကျေးဇူးပဲ၊ ငါက မင်းသိတဲ့အတိုင်း အလုပ်က အားတာမဟုတ်ဘူး၊ သူနဲ့တွေ့ရင်လည်း စာအုပ်ဝယ်တာ၊ ဘုရားသွားတာနဲ့ အိမ်မှာမုန့်လုပ်စားကြတာ ဒါနဲ့ပဲပြီးနေတာဆိုတော့ သူလည်း ငါ့ကိုစိတ်ကုန်နေမှာပေါ့"

"မင်းတို့ဟာက ဘယ်လိုလဲ၊ ယုသံစဉ်နဲ့ မင်းနဲ့က ချစ်သူတွေ မဟုတ်ဘူးလား"

"ချစ်သူတွေတော့ မဟုတ်ဘူးကွ၊ မင်းတို့သိတဲ့အတိုင်း ငါတို့နှစ်ယောက် အရမ်းခင်ကြတယ်၊ မိဘချင်းကလည်း



www.burmeseclassic.com

www.burmeseclassic.com



ရင်းနှီးကြတယ်၊ တစ်ယောက်နဲ့ တစ်ယောက်လည်း လက်ခံနိုင်တဲ့ အတိုင်းအတာရှိလို့ တွဲဖြစ်ကြတာ"

"ဘာကြီးတွေလဲကွာ၊ ယုသံစဉ်ဘက်ကကြည့်ရင် နာတာပေါ့ကွ၊ ရည်းစားမဟုတ် ဘာမဟုတ်နဲ့ အတွဲလို့အထင်ခံရတာ"

"ဟုတ်ပါတယ်၊ ငါလည်း နားလည်ပါတယ်၊ ဒါပေမဲ့သူ့ကို ငါချစ်မှမချစ်ဘဲ၊ မချစ်တဲ့ လူတစ်ယောက်ကို ချစ်တယ်လို့ ငါ လိမ်မပြောနိုင်ဘူး"

"ဒါဆိုလည်း ရှင်းပါတယ်ကွာ၊ ဇာစပ်မယ့်ကိစ္စကို မင်းတို့နှစ်ယောက် တိုင်ပင်ပြီး ဖျက်သိမ်းလိုက်ပေါ့ကွာ"

"ထူးဆန်းတယ် ပိုင်စိုး၊ ယုသံစဉ်နဲ့ ဒီပြင်ယောကျ်ားတစ်ယောက် အတူတွဲရှိနေတာကို ငါ ဘယ်လိုမှ မနေဘူး။ အရင်က ငါထင်ခဲ့တာက အခု သူ့ကိုမချစ်နိုင်ပေမယ့် တစ်နေ့နေ့ ချစ်လာမယ်လို့ပေါ့၊ ဒါပေမဲ့ ငါ့မှာ သူ့အတွက် ဘာခံစားချက်မှ ရှိမနေဘူး"

"ဟင်း ... ငါလည်း မပြောတတ်တော့ဘူးကွာ၊ ငါအကြံပေးချင်တာကတော့ ခံစားချက်မရှိရင် မပတ်သက်ကြနဲ့ပေါ့ကွာ၊ တစ်နေ့ ကိုယ်တကယ်ချစ်ရမယ့်သူနဲ့ တွေ့တဲ့အခါ





ဒီကိစ္စကြီးက ဖြေရှင်းမရတဲ့ကိစ္စအကြီးကြီး ဖြစ်သွားနိုင်တယ်"

"အေးကွာ ... ကျေးဇူးတင်တယ် ပိုင်စိုး၊ မင်းရော အခြေအနေကောင်းလား"

"အခုတလောတော့ အရောင်းအဝယ် နည်းနည်းပါးနေတာပေါ့ကွာ၊ မင်းလည်း အားရင်လာလည်ဦးကွာ၊ မတွေ့ရတာလည်း ကြာပြီ"

"အေး ... ငါလာခဲ့မယ်၊ လာဖြစ်ရင် ဖုန်းကြိုဆက်လိုက်မယ်"

"ဒါဆို ငါ ဖုန်းချလိုက်တော့မယ်နော်"

ထန် ဖုန်းချပြီး ယုသံစဉ်နှင့် ပတ်သက်ပြီး စဉ်းစားလို့နေပါသည်။ နှမြော်တော့ နှမြောစရာပင်။ ယုလို အစစအရာရာ ပြည့်စုံသော မိန်းကလေးမျိုး နောက်ထပ်တွေ့ဖို့ကတော့ မလွယ်ကူတာ သေချာသည်။ သို့သော် သူ ဘာများတတ်နိုင်မှာလဲ။ သူမနှင့် ဒီကိစ္စကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးဖို့ လိုအပ်နေသည်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

ထန်က သူ၏ဆလွန်းကားအဖြူလေးကို ကန်တော်ကြီးထဲ မောင်းဝင်လာပြီး အရိပ်ရသစ်ပင် တစ်ပင်အောက်တွင် ထိုးရပ်လိုက်သည်။ ယုသံစဉ်က အံ့သြဟန်ဖြင့် ထန့်ကိုကြည့်နေသည်။ ထန် တစ်ခုခု ထူးခြားနေသည်။ ဘာဖြစ်မှန်းတော့ သူမလည်း သေချာမသိပါ။





"ယု ... ငါတို့ ပွင့်လင်းကြရအောင်"

ယုသံစဉ်သည် ထန့်စကားကြောင့် ထိတ်ခနဲပျော်သွားသည်။ သေချာပါသည်။ သူ သူမကို သဝန်တိုနေသည်။ အဲဒီလိုမှန်းသိရင် အစကတည်းက ကောင်လေးတစ်ယောက်ယောက်နှင့် တွဲပြခဲ့ပါသည်။

"ငါတို့နှစ်ယောက် သဘောတူညီမှုနဲ့ စေ့စပ်ပွဲကိစ္စကို မေ့လိုက်ကြရအောင်"

"ဘာ"

ယုသံစဉ်သည် မမျှော်လင့်သောစကားကြောင့် အံ့သြတာရော၊ ဒေါသထွက်တာရော ပေါင်းစပ်ပြီး အသံကျယ်ကျယ်ထွက်သွားသည်။ သူမ မျှော်လင့်ခဲ့တာ ဒီစကားမှ မဟုတ်ခဲ့ပဲ။

"ငါ ဝန်ခံပါတယ် ယု၊ ငါ နင့်ကိုမချစ်ခဲ့ဘူး၊ နင်က အစစအရာရာ ပြည့်စုံတဲ့သူမို့ ငါ့ရဲ့အိမ်ထောင်ဖက်အဖြစ် ဦးနှောက်နဲ့ရွေးချယ်ခဲ့တာ၊ နင် အခု လူတစ်ယောက်နဲ့တွဲနေတယ်လို့ ကြားတယ်၊ ငါ နင့်ကို အပြစ်မတင်ဘူး ယု၊ နင် သွားချင်တဲ့ လျှောက်ချင်တဲ့လမ်းကို လျှောက်ပါ ယု"



www.burmeseclassic.com

www.burmeseclassic.com



ယုသံစဉ် ဒေါသတွေထွက်လွန်း၍ တဆတ်ဆတ် တုန်နေသည်။ သူက သူမကို ရွေးချယ်ခဲ့တာ ဦးနှောက်နဲ့တဲ့၊ ဘယ်လောက် အမြင်ကတ်ဖို့ကောင်းလဲ၊ သူမနဲ့ဗတ်သက်ပြီး သူ့မှာ ဘာခံစားချက်မှ ရှိမနေဘူးပေါ့၊ ဒါဆို သူမက ဘယ်လိုမိန်းမမျိုး ဖြစ်သွားမလဲ။

"ငါလည်း အတူတူပဲ ထန်၊ အဘက်ဘက်က ပြည့်စုံပြီး ခင်မင်ရင်းနှီးဖွဲ့ရှိတဲ့ သူငယ်ချင်းမို့ နင်နဲ့ဆို ငါ့ဘဝက သာယာပြည့်စုံမှာပဲလို့ တွေးမိပြီး နင်နဲ့စေ့စပ်ဖို့ ငါသဘောတူခဲ့တာ၊ ငါလည်း ဦးနှောက်နဲ့ရွေးချယ်ခဲ့တာပဲ၊ ဒါပေမဲ့ အခုတော့ ငါ့နှလုံးသားက လူတစ်ယောက်ကို သိပ်ချစ်မိသွားပြီလေ၊ ထူးဆန်းတယ်နော်၊ အဲဒီလူကလည်း နင့်လိုပဲ အစစအရာရာ ပြည့်စုံနေခဲ့တယ်၊ သူက Minimart တစ်ခုကို ပိုင်ထားတာလေ၊ တခြားစီးပွားရေးလုပ်ငန်းတွေလည်း ရှိတယ်။ နင့်ထက်သာတာတစ်ခုက သူက နင်မပေးနိုင်တဲ့ အချစ်တွေ၊ မေတ္တာတွေ ငါ့ကိုပေးနိုင်ခဲ့တယ်"

"ဒီလိုကြားရတာ ဝမ်းသာပါတယ် ယု၊ တကယ်စိတ်ရင်းနဲ့ ပြောတာပါ"





ယုသံစဉ်သည် ကျလုကျခင် ဖြစ်နေသော မျက်ရည်တို့ကို ကြိုးစားပြီး မကျအောင်ထိန်းနေရသည်။ နင် သိပ်ရက်စက်တယ် ထန်၊ နှလုံးသားမရှိတဲ့ စက်ရုပ်လူသားပဲ၊ ငါကရော ဘာလို့ နင့်ကို အောက်ကျခံရမှာလဲ၊ ကိုသက်က ပိုင်ဆိုင်မှုချင်းယှဉ်ရင် နင့်ထက်တောင် သာသေးတာပဲ၊ ပြီးတော့ ငါ့ကိုကန့်လန့်တိုက်မယ့် နင့်ညီလိုအရိုင်းအစိုင်းမျိုးလည်း ရှိမနေတဲ့ တစ်ဦးတည်းသောသားလေ။

ရုတ်တရက် ကိုသက်ရဲ့မျက်ဝန်းညိုညိုကို အမှတ်ရမိသည်။ ခွင့်လွှတ်ပါ ကိုသက်၊ ထန့်ရဲ့ဂရုစိုက်မှုကိုရဖို့ ကိုသက်ကို အသုံးချခဲ့တာကို ခွင့်လွှတ်ပါ။ အဲဒီအတွက် ယု ကိုသက်လိုချင်တဲ့အဖြေကို အနေးနဲ့အမြန် ပြန်ပေးဖို့ ဆုံးဖြတ်ထားပါတယ်။

"ဒါပေမဲ့ ယု၊ ငါတို့ အမြဲတမ်းသူငယ်ချင်းပဲနော်၊ နင့်လို အစစပြည့်စုံတဲ့ မိန်းကလေးမျိုးကို လက်လွှတ်လိုက်ရတာတော့ နှမြောမိတယ် တကယ်"

ထန်က ပွင့်ပွင့်လင်းလင်းကို မညှာမတာ ပြောနေတာမို့ ယုသံစဉ်သည် ထန့်ကို ထုနက်ရိုက်နက်ချင်စိတ် ပေါက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း ဝမ်းသာပါတယ်နော်၊ နင် ငါ့ကိုဆွဲမထားတဲ့အတွက် အခုမှ ငါလည်း စိတ်သက်သာရတယ်"

ယုသံစဉ်ကလည်း အားကျမခံ ပြန်၍ပြောလိုက်သည်။

"ဒီတော့ ယု မိဘတွေကို ယုဘက်ကစ,ပြီး စေ့စပ်ပွဲဖျက်ဖို့ကိစ္စကို ပြောလိုက်နော်၊ ငါ့ဘက်ကပြောရင် ယုသိက္ခာကျသလို ဖြစ်မှာစိုးလို့"

"ယုအတွက် စဉ်းစားပေးတဲ့ ထန့်ကို ကျေးဇူးတင်ပါတယ်၊ ကဲ ... ယုတို့ သွားကြရအောင်"

သူကတော့ ယုနဲ့ပြောလို့ ပြောမှန်းသိမည်မဟုတ်ပါ။ သူ့အပေါ်ထားသော ယု၏ဆိုင်သူမသိသော အချစ်တို့ကို ထိတ်တိတ်လေးမြေမြှုပ်ပြီး သင်္ဂြိုဟ်လိုက်ရတော့မှာပေါ့။ ယုသည် နာကျင်သောရင်ကို အစားထိုးဖြေသိမ့်ဖို့ ကြိုးစားနေပါသည်။

ယုတို့အိမ်ရှေ့သို့ ထန်က ယုကိုလိုက်ပို့ပေးပြီး အိမ်ထဲတောင်မဝင်ဘဲ ပြန်ထွက်သွားတော့သည်။ ယုသည် ထန့်ကားလေးကို မြင်ကွင်းထဲမှ ပျောက်တဲ့အထိ စောင့်ကြည့်ကျန်ခဲ့သည်။





သွားတော့ ထန်၊ လက်ခုပ်ဆိုတာ တစ်ဖက်တည်းတီးလို့ မမြည်ဘူးလေ။ တစ်ဖက်က မတီးချင်တီးချင်နဲ့တီးရင် အသံတော့ထွက်လာနိုင်ပေမယ့် နားထောင်ကောင်းတဲ့ အသံတော့ ဖြစ်လာမှာ မဟုတ်ဘူး။

အဲဒီတစ်ဖက်ဟာ တီးတာကြာသွားလို့ ညောင်းသွားပြီး ရပ်သွားရင်သွား၊ မသွားရင် စိတ်ပါလာပြီး တစ်ဖက်လက်နဲ့ လိုက်လျောညီထွေဖြစ်အောင် အားပါပါနဲ့ တီးလာနိုင်တယ်။ ဒါပေမဲ့ ထန်ကတော့ ညောင်းပြီးရပ်သွားမယ့် အမျိုးအစားထဲမှာ ပါနေတာလေ။

ဒီတော့ ယုလည်း ယုဘက်ကို စောင့်မျှော်နေတဲ့ လက်တစ်ဖက်ဆီ သွားတော့မယ်၊ ယုကတော့ တစ်ဖက်လက်နဲ့ လိုက်လျောညီထွေဖြစ်အောင် အားပါပါနဲ့ တီးလာနိုင်တဲ့လက်တစ်ဖက် ဖြစ်လာမှာပါ။ ဘာလို့လဲဆိုတော့ ယုတွေ့ဖူးသမျှထဲမှာ ကိုသက်က ယုအပေါ်မှာ အနွေးထွေးဆုံးမေတ္တာတွေပေးပြီး အစစ ငြင်းမရအောင် ပြည့်စုံနေတဲ့သူလေ။

ယု အိမ်ထဲကို ပြန်ဝင်လာပြီး ခေါင်းထဲတွင် မေမေတို့ကိုပြောရမည့်စကားတို့ကို ရွေးချယ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မြန်လှချည်လား သံစဉ်၊ ဘာလဲ ထန်နဲ့ရန်ဖြစ်လာတာလား၊ အဲဒါကြောင့် ဗေဒင်ဆရာကပြောပါတယ်၊ တနင်္ဂနွေနေ့ကို အပြင်မထွက်ဘဲ အိမ်မှာပဲ သန့်ရှင်းရေးလုပ်ပါဆိုတာ"

"တော်ပါပြီ မမေရယ်၊ အခုအထိ ဒီဗေဒင်ယတြာအကြောင်းပဲပြောနေ၊ ဟုတ်တယ် မမေ၊ ထန်နဲ့သမီးနဲ့ အခုတလော အဆင်ကိုမပြေဘူး၊ သမီးလည်း သူ့ကို တော်တော်စိတ်ကုန်နေပြီ၊ ကြည့်ရတာ ဗေဒင်ဆရာက ထန်နဲ့သမီးလုံးဝ အဆင်မပြေဘူးဆိုတာသိလို့ ဥပါယ်တံမျဉ်နဲ့ ပြောသွားတာလား မသိဘူး"

"မမေလည်း ထင်တော့ထင်သားပဲ၊ သမီးလည်းစဉ်းစားလေ၊ ဘာမှမလွန်သေးခင် စဉ်းစားဦး။ ဒီလိုကိစ္စမျိုးဆိုတာ စဉ်းစားနိုင်မှ တော်ကာကျမှာ"

ယုသံစဉ်သည် မမေ့စကားကို နားလည်ဟန် ခေါင်းညိတ်လိုက်သည်။ ဒီလိုနှင့် ဖြည်းဖြည်းချင်း မမေ့ကိုနားသွင်းရင်း စေ့စပ်ဖို့ကိစ္စ ဖျက်ပေးဖို့ တောင်းဆိုရမည်လေ။

○ ❦ ○





## ၁၃

ထူးက သူ့လက်သူကြွယ်တွင် ဝတ်ဆင်ထားသော စိန်လက်စွပ်ကိုချွတ်ကာ ဝိုင်ချိုရီကို လှမ်းပေးလိုက်သည်။ ဝိုင်ချိုရီ မျက်နှာက အစွမ်းကုန် ပြုံးနေသည်လေ။ ဆွေသက်မွန်ကတော့ ဝိုင်ချိုရီ့ကို အလွန်အထင်ကြီးနေလေသည်။ ထူးက ပြောဖူးသည်လေ။ သူ့အစ်ကိုထန်နှင့် ယုသံစဉ်တို့ စေ့စပ်ပွဲကိစ္စက လုံးဝဖျက်



www.burmeseclassic.com

www.burmeseclassic.com



ဖို့မလွယ်တဲ့လေ။ ဝိုင်ချိုရီ ဘာနည်းသုံးလိုက်တာလဲဆိုတာ သူတို့နှစ်ယောက်စလုံး တကယ်ကို သိချင်နေမိသည်။

"အောင်မြင်မှုအထိမ်းအမှတ်အဖြစ် နင့်လက်စွပ်ကို ငါ့လက်သူကြွယ်မှာ ဝတ်ထားရမယ်၊ ဒါမှ ဒါကိုမြင်တိုင်း ငါ့ရဲ့အောင်မြင်မှုကို အမြဲအမှတ်ရနေမှာ"

"ဒါနဲ့ ချိုရီ၊ နင် ဘာဓာတ်လမ်း ထွင်လိုက်တာလဲ၊ ထန်ကလည်း မယုတို့ဘက်က ဆေ့စပ်ပွဲမဖြစ်တော့တဲ့အကြောင်း ပြောတာကို ဘယ်လိုမှနေပုံမရဘူး။ နင် တစ်ခုခုတော့ လုပ်ထားယ်မဟုတ်လား"

"ဘာလဲ နင် သိချင်လို့လား၊ ဆောရီး ... ပြောမပြနိုင်ဘူး၊ နင်ရှုံးတာက ရှုံးတာပဲ၊ မဟုတ်ဘူး ငါ့စကားမှားသွားလို့၊ နင် အလုပ်အပ်တာကို ငါ အောင်မြင်အောင်လုပ်ပေးလို့ လုပ်ခပေးပြီးရင် ပြီးပြီပေါ့၊ ဘာတွေလာမေးနေတာလဲ"

"အေးပါ ... အေးပါ၊ ဘာပဲဖြစ်ဖြစ် ဒီလိုအစွမ်းအစရှိတဲ့ သူငယ်ချင်းတစ်ယောက် ငါတို့မှာရှိနေတာ ဂုဏ်ယူစရာပါ"

ဆွေသက်က ဝင်ပြောလိုက်သည်။ ထူးကတော့ ကျေနပ်ဟန်မပြပေ။





"နင်ရော ဘယ်လိုလဲ ချိုရီ၊ စနေ တနင်္ဂနွေ ကျောင်းနှစ်ရက်တက်တာ ရင်ခုန်စရာကောင်လေးတွေများ မတွေ့ဘူးလား"

"နင်မသိလို့လား ဆွေသက်၊ ငါစိတ်ဝင်စားတာ အဲဒီလိုင်းမှ မဟုတ်တာ"

"နင် မွေရော မွေခဲ့သေးလား"

"ငါ့နောက်ကိုလိုက်တဲ့ကောင်တွေကို ပညာပြရုံလောက်ပါဟာ၊ ဂန္ထဝင်တွင်တဲ့ ဒီလက်စွပ်ကို ရလိုက်သလို ဘာမှထူးထူးခြားခြားကြီး လုပ်ရတာမဟုတ်ပါဘူး"

ဝိုင်ချိုရီသည် ပြောမယ့်သာ ပြောနေရသော်လည်း အပြည့်အဝ မပျော်ရွှင်နိုင်ပါ။ ထူးမတော်ချင်သည့် မရီးက အခုသူမ၏ယောက်မ ဖြစ်တော့မည်လေ။ ကိုကိုကြီးက ယုသံစဉ်ကို သေမလောက် စွဲလမ်းနေတာဆိုတော့ သူတို့နှစ်ယောက်ကို ခွဲပစ်မည့်အကြံကို လက်လျှော့ထားရသည်။

လက်စွပ်တစ်ကွင်းနှင့် အထင်ကြီးခံရမှုကိုရဖို့ ရင်းလိုက်ရတဲ့အရင်းက တော်တော်ကြီးသည်ပဲ။ ယုသံစဉ်က သူမ ဘယ်သူလဲ သိမည်မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်ချိုရီသည် စိတ်လက်ပေါ့ပါးသွားသည်။ အချစ်အဖြစ် သူမ ဆက်လက်ဟန်ဆောင်နေစရာမလို။ ပွဲကပြီးသွားပြီ။ သူမနှင့် ထူးတို့ကြားထဲက အပေးအယူကိစ္စလည်း ပေါ်စရာအကြောင်းမရှိ။ ဟိုလူကြီး ထန်ဆို ဘာမှန်းတောင် သိလိုက်မှာမဟုတ်ပေ။ ဝိုင်ချိုရီသည် အတွေးနှင့် ပျော်နေချိန်တွင် ထန်တစ်ယောက်တည်း white heart ထဲသို့ ဝင်လာသည်ကို တွေ့လိုက်ရသည်။

ကောင်တာမှာ သူစားလိုသည့်မုန့်နှင့် အအေးကိုမှာပြီး နံပါတ်(၁၃)ကိုယူပြီး ထောင့်ကျသောစားပွဲတစ်လုံးတွင် သူဝင်ထိုင်နေသည်။ ဝိုင်ချိုရီသည် ဘာရယ်မဟုတ် ထိုလူ ထန့်ကို အကဲခတ်ချင်ဟန်ဖြင့် သူမှာထားသော အအေးနှင့်မုန့်ကို စတီးဗန်းထဲထည့်ပြီး ဂရုတစိုက်နှင့် သွားချပေးသည်။

ထန်သည် မုန့်လာချပေးသော ကောင်မလေးကို ကြည့်လိုက်သည်။ အချစ်ဆိုသော ကောင်မလေးပဲ။ သေချာကြည့်မှ သူမက ပို၍ချစ်စရာကောင်းပြီး ငယ်ရွယ်နုပျိုနေသည်။ စိုက်ကြည့်နေလျှင် ရိုင်းရာကျမည်စိုး၍ သူမချပေးသော အအေးဖန်ခွက်ဆီ အကြည့်ပို့မိသည်။





"ဟင်"

ထန့်ရင်ထဲတွင် အံ့သြဟန်ဖြင့် အသံမြည်သွားသည်။ သူမလေး၏ ဘယ်ဘက်လက်သူကြွယ်တွင် ဝတ်ထားသော လက်စွပ်သည် ထူးစိန်လက်စွပ်ဖြစ်သည်။ မမှားနိုင်ပါ၊ လုံးဝကိုမမှားပါ။ အိမ်မှာ ထူးလက်စွပ်မဝတ်ထားတာ တစ်လနီးနီးရှိပြီ။ မေမေ့မေးတော့ သိမ်းထားသည်ဟုပြောသည်။ သူ့အပြောကို ဘယ်သူမှလဲ သံသယမရှိကြပါ။ အခု အချစ်လက်တွင် ထိုလက်စွပ်ရှိနေသည်။ ဒါဘာသဘောလဲ သူ အရမ်းသိချင်မိသည်။

ဝိုင်ချိုရီက မုန့်နှင့်အအေး ချပေးပြီးသည်နှင့် လှည့်ထွက်ဖို့ ဟန်ပြင်လိုက်စဉ် ...

"ဒီမှာကလေးမ ... ခဏ။ ဒီလက်စွပ် ဘယ်ကရသလဲ"

"ရှင်"

သွားပြီ၊ ပြဿနာတက်ပြီ။ ဘယ်လိုလုပ်ရပါ့မလဲ ... ဝိုင်ချိုရီသည် အသည်းအသန်ကို စဉ်းစားနေမိသည်။ ပြည့်စုံလောက်တဲ့ အကြောင်းပြချက် မပေးနိုင်လျှင် သူမတော့သွားပြီ။ ဆတ်ဆော့ပြီး လက်စွပ်ကို ဝတ်ထားပြီး သူ့အစ်ကိုရှေ့ သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ... မေးနေတယ်လေ၊ ဒီလက်စွပ် ဘယ်ကရသလဲ လို့"

ထန်က ပြူးတူးကြောင်တောင်နှင့် သူ့ကိုကြည့်နေသော ကောင်မလေးကို စိတ်မရှည်ဟန်ဖြင့် ထပ်မေးလိုက်သည်။

"ဒါ ငါ့ညီ ထူးလက်စွပ်ပဲ၊ မင်း ဘယ်လိုရခဲ့တာလဲ၊ ငါ့ညီနဲ့မင်းရဲ့ပတ်သက်မှုက ဘာလဲ"

ဝိုင်ချိုရီသည် ထန့်ရှေ့ခုံတွင် ဝင်ထိုင်ပြီး မျက်ရည်ကျပြလိုက်သည်။ ခွင့်လွှတ်ပါ ထူး။ ငါ့မှာ ပြေးစရာလမ်းမရှိတော့လို့ပါ။

"ဦးလေး ... အချစ် တောင်းပန်ပါတယ်။ ဦးလေးဒီလက်စွပ်ကို ပြန်ယူချင် ပြန်ယူသွားပါ။ ဒါပေမဲ့ ထူးကိုတော့ ပြဿနာမရှာပါနဲ့၊ တကယ်တော့ အချစ်နဲ့ထူးဟာ အရင်က ချစ်သူတွေပါ။ အခုတော့ မဟုတ်ကြတော့ပါဘူး။ သူက တခြားကောင်မလေးတွေနဲ့ တွဲသွားတယ်။ သူနဲ့ အဆင့်အတန်းတူတဲ့ အသိုင်းအဝိုင်းထဲကပေါ့ ...

သူက အချစ်ကို နောက်ဆုံးခွဲခွာခြင်းလက်ဆောင်အဖြစ် ဒီလက်စွပ်ကို ပေးသွားတယ်။ အချစ်လည်း ပထမ





လက်မခံပါဘူး။ ဒါပေမဲ့ သူက အချစ် ဒါကိုလက်ခံမှ သူ စိတ်ဖြောင့်ဖြောင့်နဲ့ သွားနိုင်မယ်ဆိုလို့ အချစ် သူ့ကိုယ်စား သူ့လက်စွပ်လေးကို ယူထားမိတာပါ"

ထန်သည် သူ့ရှေ့တွင် မျက်ရည်ပိုးပိုးပေါက်ပေါက်ကျနေသော ကောင်မလေးကို မမိုတ်မသုန် စိုက်ကြည့်နေမိသည်။ သူမလေးပြောတာတွေက တကယ်လား၊ ညာတာလား စိတ်ထဲက တွက်ချက်နေမိသည်။ ထူးကို လက်စွပ်ကိစ္စမေးတိုင်း မျက်နှာအပျက်ကြီးပျက်နေတာ ဘာကြောင့်လဲ။

ထူးနဲ့အချစ်ကို ရယ်ဟယ် မောဟယ်နဲ့ သူ့မျက်စိနဲ့ တွေ့ခဲ့ဖူးပြီပဲ၊ ဒါဟာ တကယ်သာဆို ထူးက တော်တော်တရားချွန်တာပဲ။ တောကတက်လာတဲ့ ကောင်မလေးကို လှည့်စားခဲ့တာပဲ။ ဒါဆိုရင် ဘာဖြစ်လို့ ဒီလောက်အဖိုးတန်တဲ့ လက်စွပ်ကို ဒီကောင်မလေးကို အနမြော်မရှိ ပေးခဲ့တာလဲ။ ကောင်မလေးနဲ့ တစ်ခုခုများ မတော်တဆ ကျူးလွန်ခဲ့မိလား။ ထန့်မှာ ဆက်မသွားရဲလောက်အောင် သွေးပျက်နေမိသည်။

"ဟော့ ... ဟော့ မငိုနဲ့တော့၊ တိတ်တော့လေ။ မင်း ဂျူတီချိန်ကြီးမှာ ဒီလိုထိုင်ငိုနေလို့ တော်ကြာ မန်နေဂျာ လာဆူ



www.burmeseclassic.com

www.burmeseclassic.com



နေဦးမယ်။ မျက်ရည်တွေသုတ်လိုက်တော့၊ ငါ ဒီလက်စွပ်ကို ပြန်ယူမသွားပါဘူး"

ချိုရီသည် မျက်ရည်တွေကို ရှေ့ကတစ်ရှူးဘူးထဲက တစ်ရှူးစကိုယူပြီး သုတ်နေလေသည်။ ထန်ကတော့ သူမကိုစိတ်မသက်မသာ အကြည့်နှင့်ကြည့်နေသည်။ ထူး တော်တော်ရက်စက်တဲ့ကောင်ပဲ။ ကောင်မလေးမှာ သနားစရာ၊ အလုပ်တစ်ဖက် ကျောင်းတစ်ဖက်နဲ့ လှုပ်ရှားနေရသည်။ ဒီကြားထဲ ချစ်သူ၏ စွန့်ပစ်ခြင်းကိုလည်း ခံခဲ့ရသေးသည်။

"ဟို ... အချစ်ကို ကတိပေးပါ၊ ထူးကိုပြဿနာမရှာပါနဲ့"

ထန့်မျက်ဝန်းတွေက သူမကိုသနား ကြင်နာဟန်ရှိသည်။ အို ... အရှမ်းဆွဲဆောင်မှုရှိတဲ့ မျက်ဝန်းတွေပဲ။ ချိုရီသည် မျက်လွှာကိုအသာချလိုက်ရင်း သူ့ဘေးနားက ညှိုးငယ်သော မျက်နှာပေးလေးနှင့် တစ်လှမ်းချင်း ထွက်လာခဲ့သည်။



BURMESE CLASSIC .com



၁၄

ထန့်မျက်နှာက သုန်မှုန်နေသည်။ ထူးသည် ထန်ခေါ်၍ ထန့်အခန်းထဲသို့ လာသာလာခဲ့ရသည်။ ဘာကိစ္စလဲလို့ အခုထက်ထိ မသိရသေး။

"ငါ နေ့လယ်က White Heart ကို ရောက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ထန် က ထူးမျက်နှာကို လှမ်းကြည့်လိုက်သည်။ ထူးမျက်နှာက တော်တော်လေးကို ပျက်ယွင်းနေသည်။ အချစ် ပြောတာတွေ အမှန်ဆိုတာ သံသယရှိဖို့တောင် မလိုတော့ပါ။

"ငါ့မျက်လုံးထဲမှာတော့ မင်းက ကလေးပဲ ထူး၊ ဒါပေမဲ့ မင်းရဲ့လုပ်ရပ်ကိုတော့ ငါ ဘယ်လိုမှ နားမလည်နိုင်ဘူး ထူး။ အချစ်ဆိုတဲ့ ကောင်မလေး ဘယ်လောက်သနားစရာ ကောင်းလဲ၊ မင်း သူများသားသမီးကို တကယ်မချစ်နိုင် ဘူးဆိုရင်လည်း ဘာလို့သွားပတ်သက်လဲ"

"ခင်ဗျာ"

ထူးသည် ထန့် ဘာတွေပြောနေမှန်း နားမလည်နိုင် တာမို့ ကြောင်တောင်တောင်နှင့် ပြန်မေးလိုက်သည်။

"မင်း အခုမှ ဘာမှန်လာဥလုပ်နေတာလဲ ညီ၊ ကောင်မ လေးမှာ သနားစရာပါ၊ ငိုလိုက်တာဆိုတာ ပြောမနေနဲ့၊ လက်စွပ်ကိုလည်း အတင်းပြန်ပေးတယ်။ ငါ ပြန်မယူခဲ့ပါ ဘူး။ ပိုင်ရှင်က လိုလိုလားလားပေးခဲ့တဲ့ ပစ္စည်းပဲ၊ မင်း ဒီစိန်လက်စွပ်ကို ပေးရလောက်အောင် သူ့အပေါ်တန်ဖိုး ထားခဲ့တယ် ဆိုရင်လည်း ဘာလို့ သူနဲ့ဆက်တွဲရဲတဲ့သတ္တိ မရှိရတာလဲ"





သဘောပေါက်ပါပြီ။ အမွှေမ ပိုင်ချိုရီ၏ မဟုတ်က ဟုတ်ကဇာတ်လမ်းကို ထန်က တကယ်ထင်ပြီး သူ့ကိုလာဆူနေ ခြင်းဖြစ်သည်ဆိုတာ တပ်လည်းတတ်နိုင်တဲ့ ချိုရီ။

"အချစ်ကပြောသေးတယ်၊ အိမ်ရောက်ရင် ထူးကို ပြဿနာ မရှာပါနဲ့တဲ့။ မရှာလို့ရမလား ကောင်မလေးက ဘယ် လောက် သနားစရာကောင်းသလဲ၊ တောကတက်လာပြီး ကိုယ့်ဝမ်း ကိုယ်ကျောင်းရတာ၊ မင်းတို့လို အိမ်ကပေးတဲ့ မုန့်ဖိုးကိုယူပြီး ကြော့ကြော့လေး ကျောင်းသွားရတာ မဟုတ် ဘူး"

ဖြစ်မှဖြစ်ရလေ၊ ကားမျိုးစုံထည်လဲစီးပြီး ကျောင်း တက်တာ သူမှမမြင်ဘဲ။ ကိုယ့်ဝမ်းကိုယ်ကျောင်းရတယ် ဟုတ် လား၊ နေတဲ့တိုက်နဲ့ ပိုင်ဆိုင်တဲ့ပစ္စည်းတွေလည်း သွားကြည့်ပါဦး။ ထူးသည် မျက်နှာမဲ့လိုက်ပြီး စိတ်ထဲက ပြောနေမိသည်။ သူမ လွှတ်ရာလွှတ်ကြောင်း ပြောတာက အကြောင်းမဟုတ်။ သူက အခု ထန်နှင့်ပြဿနာဖြစ်ရသည်။ တော်တော်မလွယ်သည့် ပိုင်ချိုရီ၊ ဆွေသက်က ပိုင်ချိုရီ၏ အရင်းဆုံးသူငယ်ချင်း ဖြစ်နေ၍တော်သေး သည်။ တခြားတစ်ယောက်ဆို တက်လိုက်မည့်ပြဿနာ။



www.burmeseclassic.com

www.burmeseclassic.com



"မင်း အခုတွဲနေတဲ့ ကောင်မလေးက ဘယ်ကလဲ၊ ဘယ်သူလဲ၊ မင်း သူ့ကို တကယ်ရော ချစ်ရဲ့လား"

"သူ့ကိုတော့ ညီ တကယ်ကို မေတ္တာရှိတာပါ။ တကယ်ချစ်တာပါ။ ဒါကြောင့် အချစ်ကိုလည်း သနားလို့ အဲဒီလက်စွပ် ပေးလိုက်တာပါ"

"မင်းကမင်းကိုယ်ကို ရေးခေတ်ကဘုရင်လို့ ထင်လို့ လက်စွပ်ပေးလိုက်တာလား"

ဟင်း ... လက်စွပ်ပေးရသည့် ရာဇဝင်ကိုသာ ပြောရရင် အိမ်ပေါ်က အနှင်ချတောင် ခံရဦးမည်။ လုပ်လိုက်ဦးပေါ့ ချိုရီအမွှေမ။

နာမည်တောင် ပြောင်းထားလိုက်သေးသည် အချစ်တဲ့။ တတ်လည်းတတ်နိုင်သည့် ဝိုင်ချိုရီပင်။

"ဒီကိစ္စ မေမေသိလို့ မဖြစ်ဘူး။ ဒါပေမဲ့ အကြာကြီးဖုံးထားလို့လည်း ရမှာမဟုတ်ဘူး။ ဒီတော့ ဘယ်လိုလုပ်ကြမလဲ"

"ညီလည်းမသိတော့ဘူး ထန်ရာ"





"ဟော့ကောင် ... မသိလို့ မရဘူး။ ပြန်တောင်းရအောင်လည်း မကောင်းသေးဘူးကွာ၊ ဒီတော့ ဒီလိုလုပ် ... အဲဒီလက်စွပ်က ဘိုးဘွားပိုင်မို့ပါပြောပြီး ပိုက်ဆံပေးလိုက်ရကောင်းမလား၊ မေမေသိရင် ပြဿနာပိုကြီးလိမ့်မယ်"

"ဒါတော့ ရမယ်မထင်ဘူး ထန်၊ အချစ်က မာနကြီးတယ်၊ လက်စွပ်သာ ပေးချင်ပေးလိုက်လိမ့်မယ်၊ ပိုက်ဆံပေးရင်တော့ ယူမှာမဟုတ်တာ သေချာတယ်"

"အေး ... ငါလည်း သိပါတယ်။ သူက ဆိုင်မှာအလုပ်သမားပေမယ့် ကိုယ့်ကိုယ်တော့ ယုံကြည်မှုအပြည့်ရှိပုံပဲ"

ရှိမှာပေါ့ သူက ပိုင်ရှင်ပဲဟာကို။ ထူးသည် တော်တော်လေး စိတ်ညစ်နေပါသည်။ ဒါအမွှေမဝိုင်ချိုရီ ကြွားချင်စိတ်နဲ့ လက်စွပ်ကို ဝတ်ပြထား၍ ဖြစ်ရသည့် ပြဿနာ။

"ထားတော့ကွာ၊ ဒီပြဿနာကို ငါပြေလည်အောင်ဖြေရှင်းပေးမယ်။ မင်း နောက်တစ်ခါ ဒီလိုအမှားမျိုး ထပ်မမှားမိစေနဲ့"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ထန်သည် သူ့ရှေ့တွင် မျက်နှာငယ်ငယ်နှင့် ရှိနေသော ညီဖြစ်သူကို ကြည့်လိုက်သည်။ ငယ်ရွယ်တဲ့အသက်အရွယ်ဆိုတော့ အမှားဆိုတာတော့ ရှိမှာပဲ။ အချစ်ဆိုတဲ့ ကောင်မလေးမှာလည်း အခက်အခဲလေးတွေ ရှိနေမှာပဲ။

ကောင်မလေးရဲ့ အခက်အခဲလေးတွေ ဖြေရှင်းပေးပြီး ထူးလက်စွပ်လေးကို ချော့မော့ပြီး တောင်းယူရမည်။ ဒီစိန်လက်စွပ်က ဘွားဘွားပေးခဲ့သည့်အမွေ၊ ကိုယ်ပိုင်ပစ္စည်းဖြစ်ပြားလည်း ဘိုးဘွားပိုင်အမွေမို့ ထိန်းသိမ်းရမည့်တာဝန်က ရှိသေးသည် မဟုတ်လား။

"ကဲ ... ကဲ ... သွားတော့၊ မေမေမေးရင် သိမ်းထားတယ်ပဲပြော၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ ထန်"

ထူးသည် ထန့်ရှေ့က ရိုရိုကျိုးကျိုးလေး ထွက်လာခဲ့သည်။ နင် တော်တော်မွေတာပဲ ဝိုင်ချိုရီ။

○ ❦ ○





## ၁၅

ဒီနေ့ အိမ်မှာမောင်နှမတွေ စုံကြသည်။ ချိုရီက ထုံးစံအတိုင်း ပါးစပ်မပိတ်နိုင်အောင် ပျော်နေမိသည်။ မမတို့ ကိုကိုတို့ကို မောင်နှမအရင်းသာဖြစ်ရင် ကောင်းမှာပဲလို့ စိတ်ကူးယဉ်မိသည်။ မောင်နှမအရင်းဆိုလျှင် အချိန်တန် အိမ်ပြန်စရာမလို အမြဲအတူနေရမည်လေ။



www.burmeseclassic.com

www.burmeseclassic.com



မမတို့က ဒါတောင် အိမ်မှာ တစ်ပတ်မျိုး နှစ်ပတ်မျိုး လာနေသေးသည်။ ကိုကိုကြီးနဲ့ ကိုသွေးကတော့ တစ်ရက်နှစ်ရက်လောက်သာ အိမ်မှာလာနေတတ်သည်။ ဒါတောင် ချိုရီ ဆွဲထားလို့။ မေမေက ညီအစ်မသုံးယောက်ထဲတွင် အငယ်ဆုံးဖြစ်ပြီး နောက်ဆုံးမှ ဒယ်ဒီနဲ့အိမ်ထောင်ကျကာ ချိုရီ့ကိုမွေးသော်လည်း ကလေးယူနောက်ကျသော မာမိကြီးနှင့် မာမိလတ်တို့ရဲ့ သားသမီးတွေနှင့် ချိုရီနဲ့အသက်အများကြီး မကွာပါ။

မာမိကြီးကမွေးသည့် ကိုကိုကြီးက နှစ်ဆယ့်လေးနှစ်။ မာမိလတ်က မွေးသည့် မမနိုက နှစ်ဆယ့်သုံးနှစ်နှင့် ကျန်ဝမ်းကွဲတွေကတော့ တစ်ယောက်နှင့်တစ်ယောက် တစ်နှစ် နှစ်နှစ်လောက်သာ ကွာကြပြီး အငယ်ဆုံးချိုရီက ဆယ့်ခုနစ်နှစ်ရှိပြီဖြစ်သည်။

"ဘယ်လိုလဲ စားကောင်းလား ချိုရီ"

မမနိုက လက်ဖက်သုပ်ကို လက်ကဖွန်းမချတမ်း စားနေသော ချိုရီ့ကိုကြည့်ကာ မေးလိုက်၏။

"သိပ်ကောင်းတာပေါ့၊ မမနိုလောက် လက်ဖက်သုပ်တာ တော်တာ ဒီကမ္ဘာမှာ ရှိတော့မှာ မဟုတ်ဘူး"



"ပိုပြန်ပြီ"

မမနိုက ချိုရီ့ပါးတစ်ဖက်ကို လိမ်ဆွဲပြီး ချစ်စနိုးနဲ့ ပြောလိုက်သည်။

"ချိုရီ ဆိုင်မှာနေရတာ အဆင်ပြေလား"

မေကိုက ဘာတိုင်သံတောသံမှ မကြားရဘဲ မြေနီကုန်းက White Heart မှာ အေးအေးဆေးဆေးရှိသော ချိုရီ့ကို သက်ဘမကင်းဟန်ဖြင့် မေးလိုက်၏။

"ပြေတာပေါ့၊ ချိုရီက ကလေးမှမဟုတ်ဘဲ၊ ပြဿနာရှာလို့ ဘယ်ဖြစ်မလဲ၊ စီးပွားရေးလုပ်နေတာလေ"

မေကို၊ မေနိုနှင့် မေမိုတို့က တစ်ယောက်နှင့်တစ်ယောက် ကြည့်လိုက်ကြသည်။ မွေးကတည်းက ပြဿနာတစ်ခုခု တက်လိုက်ရမှ စားဝင်အိပ်ပျော်သော trouble maker လေးသည် သူ့အကျင့်ကို အချိန်အနည်းငယ် အတောအတွင်း ဖျောက်ဖျက်နိုင်သည်မှာ အံ့သြစရာ သိပ်ကောင်းနေသည် မဟုတ်လား။

"ဟုတ်မှလဲ ပြောစမ်းပါ ချိုရီရာ၊ ဟိုတလောက ကိုကိုကြီးက ငါတို့ကိုမေးတယ်၊ White Heart မှာ နင့်နာမည် အချစ်လို့ ပြောင်းထားတယ်ဆို၊ အဲဒါက ဘယ်လိုဖြစ်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ်ရှယ်ချက်မှ မရှိပါဘူး၊ ကိုယ့်ကိုယ်ကိုယ် အခြားသူ တစ်ယောက်လို ခံစားမိအောင် လုပ်ကြည့်တာပါ"

ချိုရီက မျက်နှာအတည်နှင့် လေးလေးနက်နက် ပြော၏။ မေကိုတို့ညီအစ်မများမှာ မယုံသော်လည်း ဘာမှလက်ဆုပ်လက်ကိုင်ပြစရာ သက်သေမရှိတာမို့ ယုံချင်ယောင်ဆောင်လိုက်ရပါသည်။ နောက်တော့မှ ဘာပြဿနာတွေ ထ,တက်မည်မသိ။

"ဟော့ ... ချိုရီ၊ မေကို၊ မေနီ၊ မေမိ ငါ့ညီမတွေကို ငါ့ချစ်သူအသစ်စက်စက်လေးနဲ့ မိတ်ဆက်ပေးဦးမယ်"

ကိုကိုကြီးက ချိုရီတို့အုပ်စုထဲ ဝင်လာပြီး ပြောလိုက်သည်။

"မိတ်မဆက်ပေးနဲ့ ကိုကိုကြီး၊ ကိုကိုကြီးတို့ မင်္ဂလာဆောင်ဖြစ်မှပဲ မိတ်ဆက်ပေးတာ ကောင်းမယ်"

"ဟင် ... ဘာဖြစ်လို့လဲ ချိုရီရဲ့၊ နင့်ကြောင့် သူနဲ့ငါ ဆုံတွေ့ရတာလေ"

"ချိုရီက အကောင်းပြောတာ ကိုကိုကြီးရဲ့၊ တကယ်လို့ ကိုကိုကြီးတို့ အကြောင်းတစ်ခုခုကြောင့် ဝေးသွားခဲ့၊ ကွဲသွားခဲ့ရင် ချိုရီတို့က မျက်နှာပူနေရမှာလေ"





"ဖွဟဲ့ ... အခုမှ ချစ်သူပူပူနွေးနွေးပဲ ရှိသေးတယ်၊ နိမိတ်မရှိ နမာမရှိ"

"ကိုကိုကြီး ချိုရီ့အကြောင်းရော ယုသံစဥ်ကို ပြောလိုက်သေးလား။ မပြောနဲ့နော်၊ ဒီအတိုင်းပဲ တိုက်ဆိုင်စွာတွေ့တယ်လို့ပဲ ထားလိုက်၊ သူသိသွားရင် ကိုကိုကြီးကိုတစ်မျိုးထင်သွားလိမ့်မယ်"

ကျော်သက်သည် ချိုရီ့စကားကို စဥ်းစားသွားသည်။ တကယ်တော့ သံစဥ်ကို ပိုင်ချိုရီဆိုသော ညီမလေး၏ကောင်းမှုကြောင့် သူတို့ ဆုံတွေ့ဖြစ်သည့်အကြောင်း ပြောပြီးဖြစ်သည်။ သံစဥ်က သူ့အသိထဲတွင် ပိုင်ချိုရီ၏နာမည်မရှိဟုဆိုသည်။ ပိုင်ချိုရီနှင့် တွေ့ချင်သည်ဟုလည်း ပူဆာလာပြန်သည်။ ပိုင်ချိုရီကလည်း မိတ်မဆက်ပေးဖို့ ငြင်းဆိုပြန်သည်။ ဒါသည် သွေးရိုးသားရိုးတော့ မဟုတ်။ တစ်ခုခုတော့ မှားယွင်းနေသည်။

"တကယ်တော့ ငါပြောပြီးပြီ ချိုရီ၊ သံစဥ်က နင့်ကို လုံးဝမသိဘူးလို့ ပြောတယ်၊ နင်က ဘာလို့ သူ့ကိုလည်းသိ၊ သူ့အိမ်လိပ်စာနဲ့ ဖုန်းနံပါတ်ပါ သိနေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုကြီး စကားကြောင့် မောင်နှမတွေအားလုံး ချိုရီကို စုပြုံကြည့်လာသည်။ ချိုရီက ကိုကိုကြီး၏မထင်မှတ်သော မေးခွန်းအတွက် အဖြေကျပ်လို့နေသည်။

"ပြီးတော့ သူ ဗုဒ္ဓဟူးနေ့တိုင်း ဘုရားသွားတာရော နင် ဘယ်လိုသိလဲ"

"သူငယ်ချင်းတစ်ယောက်ဆီကနေ သိတာပါ။ ယုသံစဉ် တစ်ယောက်တည်း အကြောင်းသိတာ မဟုတ်ဘူး။ နောက်ထပ် သုံးလေးယောက်အကြောင်းလည်း သိသေးတယ်။ အစစအရာရာ ပြည့်စုံတဲ့ မိန်းမတွေရဲ့အကြောင်းပေါ့ ...

ဘာကြည့်နေကြတာလဲ၊ ချိုရီက စေတနာနဲ့ ကိုကိုကြီးရဲ့ဖူးစာဖက်ကို ရွေးပေးနေတာ၊ ယုသံစဉ်နဲ့ အဆင်မပြေရင် အချိန်မရွေးပြောနော်၊ ချိုရီ့ဆီမှာ ညချမ်းရီတို့၊ မေဇလတ်တို့၊ ကေသွယ်ဖူးတို့ရဲ့ အချက်အလက်တွေ ရှိသေးတယ်"

ချိုရီသည် သူမကို သံသယမျက်လုံးများဖြင့် ဝိုင်းကြည့်နေကြသော အစ်ကိုအစ်မတို့ကို ခပ်တည်တည်နှင့် ဖြီးလိုက်သည်။





သူ့စကားနှင့်သူကတော့ ဟုတ်နေတာမို့ ဘယ်သူမှ သူမစကားကို စောဒကမတက်ကြပါ။ သို့သော် သူမအပေါ်တွင်ရှိသော သံသယများကတော့ ပြယ်လွင့်မသွားသေး။

"အေးလေ ... ဘာပဲဖြစ်ဖြစ် သံစဉ်နဲ့ ငါနဲ့ နီးစပ်အောင် ကြိဆောင်ပေးတဲ့ နင့်ကို ကျေးဇူးပဲ ချိုရီ၊ တခြားမိန်းမတွေရဲ့အချက်အလက်တွေတော့ ငါ့အတွက် မလိုအပ်တော့ဘူး ချိုရီ၊ ဘာဖြစ်လို့လဲဆိုတော့ ယုသံစဉ် တစ်ယောက်တည်းကိုပဲ ငါချစ်ပြီး၊ ဘယ်သူနဲ့မှ ယှဉ်မရတဲ့ ပြည့်စုံမှုတွေကို သူ ပိုင်ဆိုင်ထားလို့ပဲ"

ချိုရီသည် ကိုကိုကြီးစကားကို ရင်ထဲက လှောင်ရယ်ရယ်မိသည်။ ထန်ကလည်း ထိုမိန်းမကို အစစအရာရာ ပြည့်စုံသူမို့ ဦးနှောက်နှင့် ရွေးချယ်ထားသည်တဲ့။ ယောက်ျားတွေက ဘာကြောင့် ရုပ်ရည်ချောမောလှပ မိန်းမပီသပြီး ပညာတတ်သော၊ အသိုင်းအဝိုင်းတောင့်တင်းသော၊ နာမည်ပျက်မရှိသော မိန်းမတို့ကို ပြည့်စုံသူဟု သဘောပိုက်ထားကြတာလဲ။

တကယ်တော့ အားလုံးပြည့်စုံဖို့ဆိုတာ ဘယ်မှာလာပြီး ဖြစ်နိုင်မှာတဲ့လဲ။ ဒါတွေပြည့်စုံပြီး စိတ်ပိုင်းဆိုင်ရာ ချို့တဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



မိန်းမတွေလည်း အများကြီးပဲ။ တချို့က အတင်းပြောတတ်သည်။ တချို့က ဆရာလုပ်လွန်းသည်။ တချို့က အငှားအရမ်းဝါသနာ ထုပြီး၊ တချို့က ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ မနေတတ်။ တချို့ကတော့ သဝန်တိုတတ်သည်။

ထင်ထင်သာသာကြီး ပေါ်လွင်နေတဲ့ အချက်တွေ မဟုတ်တော့ မြုပ်နေကြပေမင့် ဒီအသေးအမွှားချို့ယွင်းချက်လေးတွေကလည်း ပတ်သက်မိသူကို စိတ်ဒုက္ခရောက်စေသည် မဟုတ်လား။

ဆရာလုပ်ခံချင်သူအတွက် ဆရာလုပ်တာဟာ စိတ်ဒုက္ခရောက်စရာ မဟုတ်ပေမယ့် သေးသေးတင်တောင် အတင်မခံနိုင်သူအတွက်ကတော့ စိတ်ပျက်စရာ အကျင့်တစ်ခုဖြစ်မည်လေ။ နောက်ဆုံး အဆုံးသတ်လိုက်တော့ "ရှမ်းကြိုက်လျှင် နွားချောသည်"ဆိုသလို "ကိုယ်ထင်ရင် ခုတင်ရွှေနန်း"ဆိုသလို ကိုယ်ကြိုက်ရင်တော့ ကောင်းသည်ပဲပေါ့။ ဘာပဲဖြစ်ဖြစ် ဒီကိစ္စကို လှည့်ပတ်ပြီး ပြောနိုင်သည့်အတွက်တော့ ဝိုင်ချိုရီ အသက်ရှူချောင်သွားရသည်။

○ ❦ ○





## ၁၆

ဒဂုံတက္ကသိုလ်ထဲက Mr.poem တွင် ထူး၊ ဆွေသက်နှင့် ဝိုင်ချိုရီတို့ ထိုင်နေကြသည်။ ဒီနေ့ စနေနေ့ဖြစ်ပြီး ဓာတုဗေဒဘာသာရပ် ယူထားသော ဝိုင်ချိုရီသည် ပရယ်တီကယ်ရှိသည်မို့ ကျောင်းတက်ရသည်။

"ကဲ ... ပြောစမ်းပါဦး၊ ဒီအထိ ငါ့ကိုလာတွေ့တာ"



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်ချိုရီသည် ထူး ဘာကြောင့်လာမှန်း သိသိနှင့် ကလိလိုက်သည်။

"ချိုရီ ... နင် တော်တော်မွှေတာပဲ၊ နင် ထန့်ကို ဘာ ပေါက်ကရတွေ လျှောက်ပြောလိုက်တာလဲ၊ ငါဘယ်လောက် တောင် ဒုက္ခရောက်ရလဲ နင် သိလား"

ထူးသည် ဟန်ဆောင်ကောင်းသော ဝိုင်ချိုရီကို ကြည့်မရဟန်ဖြင့်ပြော၏။

"ဩော် ... ဒါလား၊ နင် ငါ့နေရာမှာဆို နင်ဘာပြောမလဲ၊ ငါလည်း အကောင်းဆုံး စဉ်းစားပြီးပြောလိုက်တာပဲ"

"နင်ပြောတာက ပြီးစလွယ်ပဲ၊ အခု ထန်က နင့်ကိုအရမ်း သနားနေတယ်၊ ပြီးတော့ ..."

"ပြီးတော့ ဘာဖြစ်လဲ"

"ပြီးတော့ လက်စွပ်က ဘိုးဘွားပိုင်ပစ္စည်းမို့ နင့်ဆီက ပြန်ယူမယ်တဲ့၊ နင့်လိုအပ်ချက်တွေ ဖြည့်ဆည်းပေးပြီးတော့ တဲ့"

"အံမာ ... ဘယ်ရမလဲ၊ ဒီလိုလုပ်လို့ မရဘူးလေ၊ ဟိုနေ့ က တမင်ဟန်ဆောင်ပြီး ပြန်ယူသွားခိုင်းတာ၊ တကယ်





မဟုတ်ဘူး၊ တကယ်ပေးရမယ်ဆို ငါ အကုန်ဖော်မှာနော် ထူး၊ နင်ပြောတော့ နင်ပိုင်ပစ္စည်း ဘာပြဿနာမှ မရှိဘူး ဆို"

ဝိုင်ချိုရီသည် ထူးက ကက်ကက်လန်အောင် ရန်တွေ့ လိုက်သည်။

"ငါ့မှာ ဒီလက်စွပ်ရဖို့ ဘယ်လောက် လုံးပမ်းခဲ့ရလဲ၊ နင် မလိုချင်တဲ့မရီးကို ငါ့ယောက်မတောင် တော်ရတော့မယ်"

"ဘယ်လို ... ဘယ်လို"

ဝိုင်ချိုရီ၏စကားကြောင့် ထူးရော သက်ဆွေပါ မျက်လုံးပြူးသွားကာ တအံ့တဩ မေးလိုက်ကြသည်။

ဝိုင်ချိုရီသည် မထူးတော့သည်မို့ ကိုကိုကြီးနှင့် ယုသံစဉ်ကို လော်ပေးခဲ့သည့်အကြောင်းကို စီကာပတ်ကုံးပြောပြ လိုက်သည်။

"တကယ်တော့ ငါတော်လို့ မဟုတ်ပါဘူး။ ကိုကိုကြီးသာ ယုသံစဉ်ကို မကြိုက်ဘူးဆို ငါလည်း နင့်လက်စွပ်ကိုရမှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်ချိုရီက အဆုံးသတ်စကားလေးကို ပြောလိုက်သည်။

"ဒီတော့ နင် ရှေ့ဆက်ဘယ်လိုစခန်းသွားမလဲ ချိုရီ မနေ့ကတောင် ထန်က နင်ဘယ်မှာနေလဲလို့ ငါ့ကိုလာ မေးနေတယ်"

"ဟုတ်တယ် ချိုရီ၊ နင် တစ်ခုခုတော့ ကြိုတင်စီစဉ်ထားမှ ကောင်းမယ်"

ဆွေသက်ကလည်း စိုးရိမ်တကြီး ဝင်ပြောလာသည်။

"ဟုတ်တယ် ... အတတ်နိုင်ဆုံး ဒီလက်စွပ်ကို ပြန်မပေး ရအောင် ကာကွယ်စောင့်ရှောက်ရမယ်၊ ဘယ်နည်းနဲ့မှအပေါ မခံနိုင်ဘူး"

"ဟိုး ... ဟိုး နေပါဦး ချိုရီရဲ့၊ နင် လက်စွပ်ရနိုင်တဲ့နည်း လမ်းတစ်ခုတော့ ရှိပါသေးတယ်"

ထူးသည် ရယ်ဟဟနှင့် ပြောလိုက်တာမို့ မဟုတ် ကဟုတ်က တစ်ခုခုမှန်း ချိုရီ သူမပြောရသေးခင် ခန့်မှန်းမိပြီး သား။





"နင် စိန်လက်စွပ်ကို လိုချင်တာ မဟုတ်လား"

"စိန်လက်စွပ်ကို လိုချင်တာ မဟုတ်ဘူး၊ အချိန်မရွေးအိမ် ကိုဝယ်နိုင်းလို့ရတယ် သိလား၊ ငါက ငါ့အစွမ်းအစနဲ့ ရလာတဲ့ အောင်မြင်မှုကို ကိုယ်စားပြုတဲ့ စိန်လက်စွပ်ကို လိုချင်တာ"

"အေးပါ ... ဟုတ်ပါတယ်၊ ငါကလည်း ဘာပြောရသေး လို့လဲ၊ နင် ထန့်ရဲ့နှလုံးသားကို ယူနိုင်ရင် ထန့်ရဲ့စိန်လက် စွပ်လည်း ရမယ်လေ၊ ငါပြောတာ သဘောပေါက်လား၊ မကြာခင်မှာ ထန်က ငါ့လက်စွပ်ကို နင့်ဆီက ပြန်ရဖို့ ကြိုးစားလိမ့်မယ်။ အဲဒါကို နင် အခွင့်ကောင်းယူပြီး ငါ့ လက်စွပ်ကိုပြန်ပေးပြီး သူ့လက်စွပ်ကို ရအောင်ယူလေ၊ ဘယ်လိုလဲ ... နင် အစွမ်းရှိရဲ့လား"

ဆွေသက်သည် စားပွဲအောက်မှနေ၍ ထူးရဲ့ပေါင်ကို လှမ်းဆိတ်လိုက်၏။ ဝိုင်ချိုရီ၏အကြောင်းကို သူမပေါင်းလာတာ ကြာပြီမို့ ကောင်းကောင်းသိသည်။ ဒီမိန်းမက စိန်ခေါ်လျှင်တိမ် ခေါ်ထိ လိုက်ချင်သည်။ အမြဲတမ်းနိုင်မည်ဟု ဘယ်သူပြောနိုင် မည်နည်း။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုများ ပြဿနာတက်လျှင် ဝိုင်ချိုရီတော့သွားပြီ။ ပြီးတော့ သူတို့တွေက ဆရာမကြီးဒေါ်စံထား၏သားတွေ။ ဝိုင်ချိုရီကလည်း ဆရာမကြီး လက်ဖျားခါလောက်အောင် ဆိုးသွမ်းစာရင်းကို ထိပ်ဆုံးကပါသူတစ်ယောက်။ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ချိုရီ့ကို ဒီကိစ္စ မြှောက်ပေးဖို့ မဖြစ်နိုင်ပါ။

"စိတ်ဝင်စားတယ်၊ ငါက ငါ့ကိုလိုက်တဲ့ကောင်တွေ စိတ်ပျက် စိတ်ကုန်သွားအောင်ပဲ လုပ်ဖူးသေးတယ်၊ ငါ့ကို လူတစ်ယောက်က ... မဟုတ်သေးဘူး၊ ငါ့ကို ဦးနှောက်နဲ့ အသက်ရှင်နေတဲ့ ယောက်ျားတစ်ယောက်က ကြွေသွားအောင် မလုပ်ဖူးသေးဘူး၊ ငါ ကြိုးစားကြည့်မယ်"

"ချိုရီ ... နင် စဉ်းစားဦးနော်၊ ထူးပြောတိုင်း လျှောက်လုပ်မနေနဲ့"

ဆွေသက်က အသည်းအသန် ဝင်ပြော၏။ ဝိုင်ချိုရီကို ပြဿနာမတက်စေချင်ပါ။ တစ်နေ့ သူမလုပ်ထားသည့်ဇာတ်လမ်းတွေ ပေါ်သွားရင် သူမတော့သွားပြီ။ သို့သော် ထူးကစိတ်အားထက်သန်နေသလို ဝိုင်ချိုရီကလည်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်နှင့်မို့ ဆွေသက်သည် နောက်ထပ်စကားကို မဆိုတော့ပါ။





ဒီပွဲမှာလည်း ဝိုင်ချိုရီပင် အနိုင်ရစေဖို့ ဆုတောင်းရုံကလွဲလို့ သူမလည်း ဘာမှမတတ်နိုင်တော့ပါ။

ထူးကတော့ ဒီပွဲလေးကို စိတ်ဝင်စားမိသည်။ ဝိုင်ချိုရီ၏အရည်အချင်းကို သိပြီးဖြစ်သလို၊ မိန်းမတွေကို ရင်ခုန်လှုပ်ရှားစိတ်မရှိသော ထန့်ကိုလည်း ယုံသည်။ ပွဲလေးက လှနေမည်မှာ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



❀ ၁၇ ❀

"ဘာဖြစ်တယ် ချိုရီ"

ဒေါ်သီဂီသည် အတည်ပေါက်နှင့် ပြောနေသော ဝိုင်ချိုရီကို သေချာအောင် ထပ်မေးလိုက်၏။

"မမမိုတို့အိမ်မှာ တစ်လလောက် သွားနေချင်လို့"





"ဘာဖြစ်လို့လဲ၊ တကယ်တော့ နေတယ်ဆိုတာ အယောင်ပြသက်သက်ပဲဖြစ်မှာ၊ ဆိုင်က ညပြန်ပြီး အိပ်ရုံလေးပဲဟာ၊ ဟိုမိန်းကလေးတွေလည်း သူတို့ကျောင်းနဲ့ အလုပ်နဲ့ အားတာမှ မဟုတ်တာ"

"မဟုတ်ပါဘူး မေမေရဲ့၊ ချိုရီ တက်ရမယ့်ကျူရှင်က မမမိုတို့အိမ်နဲ့ နီးနီးလေးမို့လို့ပါ"

"ဖြစ်ပါ့မလား ချိုရီ၊ ညည်းဒယ်ဒီက ကြိုက်မှာမဟုတ်ဘူး။ ပြီးတော့ ညည်းမာမီလတ်အိမ်က ဒီအိမ်လို ဘာမှပြည့်စုံတာ မဟုတ်ဘူး။ အရင်တုန်းက မေမိုတို့ သူတို့အိမ်လာနေဖို့ ခေါ်တုန်းက ညည်း ဘယ်နခါများ လိုက်ဖူးလို့လဲ"

"မေမေကလည်း အဲဒါ ကလေးတုန်းကပါ"

"ဒါဆိုလည်း ညည်းဒယ်ဒီကို မေးကြည့်လေ၊ သူခွင့်ပြုရင်တော့ ငါလည်း ခွင့်ပြုပါတယ်"

"မေမေကလည်း ဒယ်ဒီကို မေမေပိုင်ပါတယ်၊ ပြောပေးပါနော် ... နော်"

ချိုရီသည် မေမေ့ရင်ကို ခေါင်းတိုးဝှေ့ပြီး ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သီဂီကလည်း ဆိုင်မှာ သေသေချာချာလေး အလုပ်လုပ်ပြီး ဘာပြဿနာမှ မရှာထားသော သမီးဖြစ်သူကို သူမတက်ချင်သည့် Day မထားပေးခဲ့မိသည့်အတွက် တစ်ခါတစ်ခါ စိတ်မကောင်း ဖြစ်မိသော်လည်း အလုပ်ထဲတွင်ပို၍ အာရုံစိုက်လာပြီး ညဘက် အိမ်ပြန်ရောက်လျှင် သူ့ဒယ်ဒီနှင့် customer တွေက ဘယ်လိုအရသာမျိုး၊ ဘယ်လိုမုန့်မျိုးကို ပိုကြိုက်တာ၊ ပြီးတော့ တခြား Bakery house တွေသွားပြီး သူတို့ဆိုင်ကအပြင်အဆင်တွေ၊ အစားအသောက်တွေရဲ့အရသာတွေနဲ့ ဆိုင်ကိုပြန်နှိုင်းယှဉ်ပြတတ်တာမို့ သူတို့လင်မယားနှစ်ယောက် ဝိုင်ချိုရဲ့တိုးတက်မှုကို သဘောအကျကြီး ကျနေမိသည်။

သူ့အဖေဆို "ဒါမှ ငါ့သမီး၊ အဖေ့ခြေရာကို နင်းမယ့်သမီး" နှင့် တဖွဖွချီးကျူး၍မဆုံး။ သူမလေးက ငယ်သေးသည်။ နောက်ပိုင်းတော့ သူမအတွက် စိတ်ပူပင်ရန် မလိုအပ်တော့ပါ။ သူမဦးနှောက်ထဲတွင် စီးပွားရေးနဲ့ပတ်သက်ပြီး သူ့အဖေလို Idea ကောင်းများ စီးဝင်နေသည်ထင်သည်။

"ကဲပါ ... မေမေ ရအောင်ပြောပေးမယ်၊ ဒါနဲ့ ချိုရီတခြားဆိုင်ခွဲတွေ သွားကြည့်ဖို့ အစီအစဉ် မရှိဘူးလား"





"ရှိပါတယ် မေမေ၊ ဒီတစ်နှစ်တော့ မြေနီကုန်းမှာပဲနေလိုက်ဦးမယ်။ နောက်တစ်နှစ်ကျရင် နောက်တစ်ဆိုင်ပေါ့။ တစ်နှစ်လောက်မှ ဆိုင်ကဝန်ထမ်းတွေရဲ့အခြေအနေ၊ Baker တွေရဲ့ကြိုးစားအားထုတ်မှုနဲ့ မန်နေဂျာရဲ့စီမံနိုင်မှုတွေကို ကောင်းကောင်း သဘောပေါက်နိုင်မှာပေါ့"

"ချိုရီ တကယ်ကို အမြင်ကျယ်ပြီး တိုးတက်သွားတာပဲ"

ချိုရီက ပြုံးပြုံးလေး မေမေ့ချီးကျူးဂုဏ်ပြုမှုကို ခံယူလိုက်သည်။ တကယ်တော့ ထန့်နှလုံးသားကိုရဖို့ ဒီတစ်နှစ်တော့ ဒီဆိုင်မှာနေမှရမည် မဟုတ်လား။ ကြိုတင်စီစဉ်သောအားဖြင့် သာမန်လူတန်းစားရပ်ကွက်မှာနေသော မာမီလတ်တို့အိမ်ကို ရွေးချယ်ထားတာဖြစ်သည်။

"ဆိုင်ကိုသွားတော့ အဆင်ပြေပါ့မလား ချိုရီ၊ ကားလွှတ်ပေးရမလား"

"မလွှတ်ပေးနဲ့ မေမေ၊ ချိုရီ တက္ကစီငှားလာခဲ့မယ်"

"အို ... တက္ကစီနဲ့ တစ်ယောက်တည်းလာမှာ စိတ်မချပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဖြစ်ပါဘူး မေမေရယ်၊ သူများတွေလည်း ဒီလိုပဲ စီးနေကြတာပဲ၊ ပြန်ရင်ပဲ ကားနဲ့လိုက်ပို့ပေး"

"အလုပ်ကိုရှုပ်တယ်၊ ဒဂုံမှာနေမယ်ဆိုလည်း စောစောပြန်၊ ညမှမပြန်နဲ့၊ ငါ စိတ်ပူလို့ အသက်ထွက်လိမ့်မယ်"

"ဟုတ်တယ် ... စောစောပြန်မယ်၊ စောစောပြန်ရင် လိုက်ပို့စရာ မလိုတော့ဘူးပေါ့"

ဒေါ်သိင်္ဂီသည် မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်သည်။ မွေးထားသည့်သမီးမို့ သူမဆီက ပြဿနာရှာတော့မည့် အရိပ်အယောင်ကို မြင်နေရသလိုပင်။ သို့သော် ဘာမသက်ာစရာမှလဲ မရှိတော့ စွပ်စွဲရခက်သည်။

လောလောဆယ်တော့ ချိုရီက အလိမ္မာဆုံးသမီးလေး ဖြစ်နေသည် မဟုတ်လား။

"ချိုရီ ... မေမေပြောတာ သေချာနားထောင်နော်၊ သမီးအရင်တုန်းက အကျင့်တွေပြင်ပါ။ ဘာပြဿနာမှ မရှာပါနဲ့"

"အင်းပါ မေမေရယ်၊ ချိုရီ လူကြီးဖြစ်ပါပြီ"





ချိုရီသည် ပေါ့ပေါ့ပါးပါးပြောရင်း သူမအခန်းထဲ ပြေးဝင်သွားသည်။ မမမိတို့အိမ်သွားဖို့ ပစ္စည်းပစ္စယတွေ ထည့်ရမည်လေ။ ဝယ်ထားသော နာမည်ကြီးတံဆိပ်တွေ အကုန်ထားခဲ့ရမည်။ အလုပ်လုပ်တယ်ဆိုတာ ဗိုရိုသေသပ်မှ တော်ကာကျမည် မဟုတ်လား။

○❦○

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၈

ထန်သည် နေ့လယ်ထမင်းစားပြီးချိန်လောက် တစ်နေ့တစ်ခေါက်ဆိုသလို White heart ကို ရောက်ခဲ့ပါသည်။ သူ လာတိုင်း အချစ်က သူမှာထားတာတွေကို လာချပေးသည်။ သူမ၏ချစ်စဖွယ်အပြုံးလေးကိုမြင်တိုင်း သူ အားနာနေရသည်။ ထူးက သူမလေးအသည်းကို ခွဲခဲ့သည် မဟုတ်လား။





"ဦးလေး ... အခုချပေးတဲ့မုန့်ဖိုး ပေးစရာမလိုဘူး"

ထန်က သူမှာထားတာက ကော်ဖီအေးတစ်ခွက် လာချတော့ ကော်ဖီအေးရော၊ ချိစ်ကိတ်ပါ တွေ့လိုက်တာမို့ တစ်ခုခုပြောဖို့ အားယူနေချိန်တွင် အချစ်စကားကြောင့် သူ အံ့သြသွားသည်။

"ဘာဖြစ်လို့လဲကွ၊ ဒီမုန့်မှ ငါမမှာထားတာ"

"ဒီနေ့ အချစ် လစာထုတ်တယ်လေ၊ ဦးလေးက အမြဲတမ်း ဖောက်သည်မို့ အချစ် မုန့်ဝယ်ကျွေးချင်လို့ပါ"

ထန်သည် သူမလေးစကားကြောင့် ရင်ထဲတွင်တစ်မျိုးလေး ဖြစ်သွားသည်။ သူမမျက်နှာကို ကြည့်လိုက်တော့လည်း ပကတိရိုးသားဖြူစင်နေသည်၊ ဒီလောက် ချစ်စရာကောင်းတဲ့ ကောင်မလေးကို ဟိုကောင် ထူးက ထားသွားခဲ့သည်။

"ဒီတစ်ခါတော့ ရှိပါစေကွာ၊ နောက်ဆိုရင်တော့ ဒီလို မလုပ်နဲ့ အချစ်၊ မင်းလခက ဘယ်လောက်ရလို့လဲ"

"လေးသောင်းခွဲရတယ် ဦးလေး"

ချိစ်ကိတ် ဗိုက်ဆံရသည့်အတွက် ဝမ်းသာဟန်ပုံမျိုးဖြင့် ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ကို ပြန်ပေးရသေးလား၊ အဲဒီလောက်ပိုက်ဆံနဲ့ မင်း တစ်လသုံးလို့ လောက်ရဲ့လား"

"အိမ်ကိုတော့ ပြန်ပေးချင်တယ်၊ ဒါပေမဲ့ ပြီးခဲ့တဲ့လက ကျောင်းအပ်တာနဲ့ အသုံးလိုလို့ သူများဆီက ပိုက်ဆံချေး ထားတာတွေက ရှိသေးတော့ ဒီလတော့ ပြန်ပေးဖြစ်မှာ မဟုတ်ဘူး"

ဝိုင်ချိုရီက ညိုးငယ်သောမျက်နှာလေးဖြင့် ပြောလိုက်သည်။

ထန်သည် သူမ ဘယ်လက်သူကြွယ်မှာ ဝတ်ထားသော စိန်လက်စွပ်ကို စိတ်ပူပန်သောအကြည့်ဖြင့် ကြည့်မိသည်။ ဒီလက်စွပ်ကိုများ သူမ တကယ်ကို အရမ်းကျပ်တည်းလာရင် တစ်ခုခုလုပ်လိုက်လျှင်တော့ သွားပါပြီဟူသော နမြောတသသော အကြည့်တို့နှင့်ပေါ့။ ဒါကို အချစ်က သဘောပေါက်သည်ထင့်။

"ဦးလေး စိတ်ချပါ၊ အချစ် ဒီလက်စွပ်လေးကို အသက်နဲ့ လဲပြီး ကာကွယ်မှာပါ၊ ဘာမှမလုပ်ပါဘူး"

"ဒီလိုလည်း မဟုတ်သေးဘူးလေ အချစ်၊ မင်းက ငယ်သေး တယ်၊ ဒီလက်စွပ်ကို ထိန်းသိမ်းနိုင်မှာ မဟုတ်ဘူး၊ ပြီးတော့ ..."





ထန့်စကား မဆုံးသေး မန်နေဂျာက သူတို့နှစ် ယောက်ကိုကြည့်ပြီး လှမ်းအော်လိုက်သည်။

"ဟေ့ အချစ် ... ဘာလုပ်နေတာလဲ၊ ဒီမှာ customer တွေ ကျနေတယ်လေ"

"အချစ် ရှော့ ... ဒါ တို့ရဲ့ Visiting card အကူအညီ လိုရင် အချိန်မရွေး ဖုန်းဆက်လိုက်နော်"

ဝိုင်ချိုရီသည် ထန့်၏ Visiting card ကို ဖျတ်ခနဲ လှမ်းယူလိုက်ပြီး ကောင်တာဘက်သို့ ခပ်သုတ်သုတ်လေးလျှောက် သွားသည်။

ဘာရယ်မဟုတ် ထန်သည် သူမလေး၏ဘဝကို စိတ်ဝင်စားမိသည်။ သူမလက်ထဲမှာ ဝတ်ထားသော လက်စွပ် အတွက် သူ့မှာတာဝန်ရှိသည်။ တကယ်ဆို သူမ ထိုလက်စွပ်ဝတ် ထားတာကို တွေ့ကတည်းက ညီ့လက်စွပ်ဆိုပြီး ပြန်တောင်းယူ လို့ရသည်။ သို့သော် ငယ်ရွယ်သော မိန်းကလေးတစ်ယောက်ဆီ က သူ့ချစ်သူပေးခဲ့သောလက်စွပ်ကို အတင်းအကျပ် ဖိအားပေး ပြီး ယောကျာ်းတန်မဲ့ သူ မယူလိုပါ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့လည်း သူမလေးကို မျက်ခြည်မပြတ် စောင့်ကြည့်ရတော့မှာပေါ့။ လက်စွပ်တစ်ခုခုဖြစ်ရင် ချက်ချင်းသိနိုင်အောင်ပေါ့။ ဟူး ... တော်တော်မလွယ်ပါလား။ ထန် စိတ်မောနေမိသည်။ သူမလေး ဘယ်မှာနေတယ်၊ ပေါင်းသင်းတဲ့အသိုင်းအဝိုင်း ပတ်ဝန်းကျင်က ဘယ်လိုမျိုးလဲ အားလုံးကို သိထားမှ ရမည်။

ထန်သည် လိပ်ပြာမလေးတစ်ကောင်လို လူးလာခေါက်တုံ့ ဟိုဟိုဒီဒီ စားပွဲထိုးနေသော အချစ်ကို လိုက်ကြည့်နေမိသည်။

အမှန်က ဒီအရွယ်ဆိုတာ အိမ်ကမိဘဆီမှာ မုန့်ဖိုးတောင်းပြီး လူငယ်သဘာဝ ပျော်ပျော်ရွှင်ရွှင် သွားသွားလာလာနှင့် ဝတ်ဟယ်စားဟယ် ရှိရမည့်အရွယ် မဟုတ်လား။

"ချိုရီလေး ... ဟိုအင်ဂျင်နီယာလေးက ညည်းကိုမေးလှချည်လား"

မန်နေဂျာဦးထွေးနိုင်က စတီးဗန်းကိုင်၍ ကောင်တာဘက် လျှောက်လာသော ဝိုင်ချိုရီနားကပ်ပြီး ပြောလိုက်သည်။





"ဦးထွေး ... ချိုရီ တစ်ခါတည်း ပြောထားမယ်နော်။ ဒီ White heart မှာ ချိုရီဆိုတာ မရှိဘူး၊ အချစ်ပဲရှိတယ်။ ဆင်းရဲတယ်၊ ဆွေမျိုးနီးစပ်အိမ်မှာ ကပ်နေရတဲ့ ကိုယ့်ဝမ်းကိုယ်ကျောင်းနေရတဲ့ သနားစရာကောင်မလေးတစ်ယောက်လေ"

"ဟား ဟား ... ရယ်စရာ တော်တော်ကောင်းတာပဲ"

ဦးထွေးနိုင်က ဝိုင်ချိုရီ့အပြောကို ရယ်ချင်လာပြီး ရယ်မောမိသည်။

"ဦးထွေးနော် ... ဟိုတစ်ယောက် ကြည့်နေတယ် မဟုတ်လား၊ ခပ်တည်တည်နေပေးပါ၊ ခုနင်ကတုန်းက ချိုရီ့ကို လှမ်းခေါ်လိုက်တာ ကောင်းတယ်၊ သူ ပိုယုံသွားတာပေါ့"

ဦးထွေးနိုင်သည် ဝိုင်ချိုရီ တစ်ခုခု ကြံစည်နေမှန်း သိထားသော်လည်း ဆိုင်ကိုလာနေကျ ဆိုင်မျက်စောင်းထိုး Top construction group က အင်ဂျင်နီယာကောင်လေးနှင့် ပတ်သက်နေသည်ကို အခုမှ သေသေချာချာ သိလိုက်ရသည်။ မဆိုးပါ၊ trouble maker လေးက အရွေးတော်သားပဲ။ ဒီကောင်လေးက ချောမောခန့်ညား တည်ကြည်ပြီး စိတ်ရင်းကောင်းဟန်ရှိသည်။

○ ❦ ○



www.burmeseclassic.com

www.burmeseclassic.com



## ၁၉

ထန်သည် သုံးရက်ဆက်တိုက် အချစ်ကို White Heart တွင် မတွေ့ရတာမို့ ဒီကောင်မလေး ဘာဖြစ်နေလဲ အသည်းအသန်ကို သိချင်လာသည်။ ပထမတစ်ရက်နှင့် ဒုတိယတစ်ရက်မှာ စိတ်ကိုချုပ်ထိန်းနိုင်သလောက် သုံးရက်မြောက်နေ့



တွင်တော့ မနေနိုင်တော့၍ တစ်ယောက်ယောက်ကို အရဲစွန့်ပြီး မေးဖို့ဆုံးဖြတ်လိုက်သည်။

မန်နေဂျာကိုမေးရင် ပိုအဆင်ပြေမည် ထင်တာကြောင့် ဆိုင်ထဲကထွက်ခါနီး ဆိုင်တံခါးဝနားတွင် ရပ်နေသော မန်နေဂျာကို ယဉ်ကျေးစွာမေးလိုက်သည်။

"အစ်ကို ... အချစ်ကိုမတွေ့တာ သုံးရက်တောင်ရှိပြီ၊ သူ ဘာဖြစ်လို့လဲ၊ အလုပ်ထွက်သွားလို့လားဟင်"

"သူ့ နေမကောင်းလို့ ခွင့်ယူထားတယ် ညီလေးရဲ့၊ သူက အဒေါ်တစ်ယောက်ရဲ့အိမ်မှာ ကပ်နေရတာလေ၊ ဝန်ထမ်းတွေအားလုံးထဲမှာ အငယ်ဆုံးမို့ အားလုံးက သူ့ကိုပ,စားပေးကြပါတယ်။ တစ်ရက်ကတောင် လူကြုံနဲ့ သူ့အတွက် ဆေးဖိုးထည့်ပေးလိုက်သေးတယ်"

"ဪ ... ဟုတ်လား၊ စိတ်မကောင်းလိုက်တာဗျာ၊ ဒါနဲ့ သူနဲ့ဆက်သွယ်လို့ရမယ့် လိပ်စာလေး ပြောပြနိုင်မလား"

"ဒါက ဒီလိုရှိတယ် ညီလေး၊ ဘယ်လိုမှတော့ သဘောမထားပါနဲ့၊ အစ်ကို့မှာ ပြောပိုင်ခွင့် မရှိလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... ကျွန်တော် နားလည်ပါတယ်၊ ခွင့်ပြုပါဦး"

"ကောင်းကောင်းသွားပါ ညီလေး"

ဦးထွေးနိုင်သည် တံခါးတွန်းဖွင့်ပေးရင်းက ပြောလိုက်သည်။

ကောင်လေးကြည့်ရတာ ချိုရီ့ကို တော်တော်စိုးရိမ်နေပုံပေါ်သည်။ ဗရုတ်သုတ်ခ ချိုရီမကတော့ ပင်ပန်းလို့ဟု အကြောင်းပြကာ သုံးလေးရက်လောက်တော့ မလာနိုင်ဟုဆိုသည်။ ထန်ဆိုသော အင်ဂျင်နီယာကောင်လေး မေးခဲ့ရင် အဆင်ပြေအောင် ကြည့်ဖြေလိုက်ပါလို့လည်း မှာတမ်းခြွေခဲ့သေးသည်။

"အေး ... ချိုရီလေး၊ ထန်ဆိုတဲ့ကောင်လေး ခုနင်ကတုန်းက ညည်းကို လာမေးသွားတယ်"

ပိုင်ချိုရီသည် ကိုသွေး ခွဲနေသော ဖွန်းခြစ်စားလို့ရသည့်အရွယ် အုန်းသီးနုနုကို အာသာငမ်းငမ်း ကြည့်နေရာမှ ဦးထွေးနိုင် ဖုန်းဝင်လာသဖြင့် ကိုသွေးနားက လှစ်ခနဲနေအောင် ခပ်ဝေးဝေးခြံထဲတစ်နေရာသို့ ထွက်သွားလိုက်သည်။

"ဟုတ်လား ... ဦးထွေး ဘာပြောလိုက်လဲ"





"နင် နေမကောင်းလို့ စားစရာ သောက်စရာ ဆေးကုစရာ မရှိလို့ ဆေးဖိုးတောင် လူကြုံနဲ့ပေးလိုက်ရတယ်လို့ ပြောလိုက်တယ်"

"ရက်ရက်စက်စက်ကို ပြောပစ်လိုက်တာပဲ"

ချိုရီသည် မျက်နှာလေးမဲ့ကာ ဦးထွေးနိုင်ကို လှမ်းထေ့လိုက်သည်။

"ကောင်လေးမျက်နှာဆိုတာ ပြိုတော့မယ့်မိုးလို မှောင်သွားတာပဲ၊ ဒါပေမဲ့ သူ နင့်လိပ်စာကိုမေးတော့ ငါမပြောလိုက်ပါဘူး"

ချိုရီသည် ဦးနှောက်ကို အတင်းဖျစ်ညှစ်ပြီး ရလာသောအခွင့်အရေးကို အမိအရ ဖမ်းဆုပ်နိုင်ဖို့ တွေးတောနေသည်။ ခွင်တော့ ဝင်စ,ပြုလာပြီ။

"ကျေးဇူးပဲ ဦးထွေး၊ ဦးထွေး ချိုရီကို ကူညီတာများပြီ၊ ချိုရီ အောင်မြင်တဲ့တစ်နေ့မှာ ဦးထွေး အတွက် စပါယ်ရှယ်လက်ဆောင်တွေ ပေးဦးမှာ"

"အံမယ်လေး ... မယ်မင်းကြီးမလေး၊ ငါ့အတွက် စပါယ်ရှယ်လက်ဆောင်ဆိုတာ မလိုပါဘူး၊ တစ်ခုပဲ ငါ့ရဲ့မန်နေဂျာရာထူးလေး ညည်းကောင်းမှုကြောင့် မပြုတ်ပါရစေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"တွေ့လား ... ဦးထွေးတို့ကတော့ လုပ်ပြီ၊ ချိုရီ့ကြောင့် ဘယ်နှခါများ ဦးထွေး အကျိုးယုတ်ဖူးလို့လဲ၊ ဒါဝဲနော် ဦးထွေး၊ ချိုရီ လုပ်စရာလေးတွေရှိလို့ ဖုန်းချလိုက်ပြီနော်"

ချိုရီသည် ဖုန်းချပြီး တစ်ခုခုကို တွေးတောနေသည်။ ခဏနေတော့ သူမမျက်နှာက ဖျတ်ခနဲ ပြုံးသွားသည်။ ဘာခက်လို့လဲ၊ ဦးထွေး ခင်းပေးသောလမ်းပေါ် လိုက်လျှောက်ရုံပေါ့။ သူ့ကို ဖုန်းဆက်ဖို့ အကြောင်းပြချက် ခိုင်ခိုင်လုံလုံလည်း ရှိသွားပြီလေ။

ချိုရီသည် အလွတ်ရနေသော ထန့်၏ရုံးဖုန်းနံပါတ်တစ်ခုကို နှိပ်လိုက်သည်။

"ဟယ်လို ... Top construction group ကပါရှင်၊ ဘာအကူအညီများ လိုအပ်ပါသလဲ"

"ဟုတ်ကဲ့ ... design team က ထန်နဲ့ပြောချင်လို့ပါ"

"ဟုတ်ကဲ့ ... ခဏကိုင်ထားပါ၊ ဖုန်းလွှဲပေးလိုက်ပါ့မယ်"

စာရေးမတစ်ယောက်၏ ချိုသာသောအသံကို ကြားရပြီး သိပ်မကြာခင်မှာပင် ထန့်အသံကို ကြားလိုက်ရသည်။

"ဟုတ်ကဲ့ ... အမိန့်ရှိပါ၊ ဘာလိုအပ်ပါလဲ ခင်ဗျာ"





တော်တော်ယဉ်ကျေးသည့် ကုမ္ပဏီပဲ။ အချိုးပြေလိုက်ကြတာ၊ အခုနေ အိမ်အလှဆင်မည့်သူတို့၊ အိမ်ဆောက်မည့်သူတို့ဆို တော်တော်ကို ဘဝင်ခိုက်သွားကြမှာပဲ။

"ဟို ... ဦးလေးလား၊ အချစ်ပါ"

"ဩော် ... ပြော အချစ်"

ထန်၏ဝမ်းသာအားရစကားသံကြောင့် သူ့စားပွဲနှင့်ဆေးချင်းကပ် ဟိုဘက်ဒီဘက် ထိုင်နေကြသော စီနီယာနှစ်ယောက်က ပြုံးစိစိ ဖြစ်နေကြတာမို့ ထန်က တစ်ခုခုကို တွေးမိဟန်ဖြင့် မျက်နှာရဲခနဲဖြစ်သွားကာ ဖုန်းကို လက်တစ်ဖက်နှင့် အုပ်လိုက်ပြီး ...

"အဲဒါကလေ သူ့နာမည်အရင်းပါ၊ တမင်ခေါ်တာမဟုတ်ပါဘူး"

သူ ပြောလိုက်ကာမှ ထိုအစ်ကိုကြီးနှစ်ယောက် ခပ်ဟဟရယ်နေကြတာမို့ ထန် ခေါင်းအနည်းငယ်ထွက်သွားသည်။

"ဦးလေး အချစ်ပြောတာ ကြားလား"

"ပြန်ပြော၊ ပြန်ပြော ဘာပြောလိုက်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အချစ်နေမကောင်းတာ သုံးရက်ရှိပြီ၊ ဆေးခန်းလည်း နေ့တိုင်းသွားရတယ်၊ ဆိုင်က မန်နေဂျာလည်း အချစ်ကို လူကြုံနဲ့ ဆေးဖိုးပေးလိုက်ပါတယ်၊ ဒါပေမဲ့ ..."

"ဒါပေမဲ့ ဘာဖြစ်လဲ၊ ပြောစမ်းပါ"

"ဆေးဖိုးတစ်ခုတည်းနဲ့ ဘယ်ရမှာလဲလို့၊ အချစ်မှာလိုအပ် တာတွေအများကြီးပဲ၊ ဒီတော့ ..."

"အချစ် ... တို့ပြောမယ် သေချာနားထောင်၊ ဒီတစ်ရက် တော့ သည်းခံလိုက်၊ လက်စွပ်ကို ဘာမှမလုပ်နဲ့နော်၊ မနက်ဖြန် တနင်္ဂနွေနေ့ တို့အားတယ်၊ အချစ်ကို ဘယ်မှာ လာတွေ့ရမလဲပဲပြော"

ဟုတ်ပြီ၊ ချိုရီ လိုချင်တာ ဒီစကားပဲ၊ တနင်္ဂနွေနေ့ သူက တစ်နေကုန်အားသည်။ သူမက မနက်တစ်ချိန် ပရက်တီ ကယ်ပြီးတာနှင့် ထွက်လို့ရသည်။ တကယ်တော့ ထူးပေးသည့် အကြံကို လက်ခံလိုက်တာ လက်စွပ်တစ်ခုတည်းကြောင့်မှမဟုတ် တာ။ ချောမောတည်ကြည်ခန့်ညားသော ထိုလူကြီးကို တိတ်တိတ် လေး စိတ်ဝင်စားမိတာလည်း ပါသည်ပေါ့။





"မနက်ဖြန် ကျောင်းတက်ရမယ်လေ၊ chemistry ဆောင် ရှေ့ကိုလာခဲ့ပေးပါ၊ ပရက်တီကယ်တစ်ချိန်ပဲ သွားလုပ်မှာ မို့လို့"

"ကောင်းပြီလေ၊ ရုံးချိန်မှာ ရုံးဖုန်းနဲ့ personal ကိစ္စတွေ ပြောခွင့်မရှိဘူး ကလေးမ၊ တို့ ဟန်းဖုန်းဆက်လိုက်လို့ ရသားနဲ့"

ဟင့်အင်း ... ဘယ်ရမလဲ၊ ဆက်လိုက်ရင် ဒီက ဟန်းဖုန်းနံပါတ်ကြီး ပေါ်သွားမှာပေါ့။ ချိုရီက တုံးမို့လို့လား။

"နင် ဘာတွေလုပ်နေတာလဲ ချိုရီ"

နောက်နားဆီမှ ကိုသွေး အသံကြောင့် ချိုရီတုန် သွားသည်၊ သို့သော် ချိုရီ့မှာက ဖြေစရာက အသင့်ရှိပြီးသား မဟုတ်လား။

"သူငယ်ချင်းတစ်ယောက်ရဲ့ဘဲကို ဖုန်းဆက်ပေးတာပါ။ သူငယ်ချင်းက နေမကောင်းဖြစ်နေလို့ အကြောင်းကြားခိုင်း လို့"

○ ❦ ○



www.burmeseclassic.com

www.burmeseclassic.com



## ၂၀

အချစ်ဖုန်းချသွားတော့မှ ဘယ်အချိန်လဲ၊ Chemistry ဆောင်က ဘယ်နားမှာလဲ မမေးလိုက်မိသည့်အတွက် ထန် ကိုယ့်ကိုယ်ကိုယ် စိတ်တိုသွားမိသည်။ အခုတော့ သူ့မှာ သူမလေး ကိုတွေ့ဖို့ အရေးကြီးသည်မို့ စောစောစီးစီးထကာ ဒဂုံတက္ကသိုလ် ဘက်သို့ ထွက်ခဲ့သည်။





အချိန်တွေတော့ ကုန်ပါပြီ။ ဒါတွေအားလုံး "ထူး" ဆတ်ဆော့လို့ ဖြစ်ရသည့်ကိစ္စ၊ အခုဆို အလုပ်က လုပ်ဖော်ကိုင် ဖက်တွေက White Heart က စားပွဲထိုးကောင်မလေးနှင့် ၁၃၃ ကို ဘာလိုလိုထင်လာပြီး စ,ချင်ကြသည်။

ဒီလို ကလေးပစ်လေးနှင့် အစ,ခံရတာကိုက ရှက် စရာကောင်းလှသည်။ ဘာပဲဖြစ်ဖြစ် ဒီနေ့တော့ လက်စွပ်ကို ထို ကလေးမလေး လိုလိုချင်ချင်နဲ့ ပြန်ပေးအောင် ကြိုးစားရမည်။ ဒါဆို သူလည်း ထိုကောင်မလေးကို မျက်ခြည်မပြတ် စောင့်ကြည့် နေစရာမလို။

ကျောင်းထဲရောက်ပြီး ဟိုမေးဒီစမ်းနှင့်ပင် chemistry ဆောင်ရှေ့သို့ သူ ရောက်လာသည်။ ကားထိုးရပ်ထားလိုက်ပြီး ကားသော့ကိုယူကာ သူ ကားထဲမှဆင်းလာသည်။ ကောင်မလေး ၏အရိပ်အယောင်ကိုမတွေ့ရ။ ပရက်တီကယ်လုပ်တဲ့ lab အခန်း ဘယ်မှာမှန်းလဲ သူမသိတာကြောင့် ကားထဲပြန်ဝင်ထိုင်နေလိုက် သည်။ တော်တော်ဒုက္ခပေးတဲ့ ကောင်မလေး၊ တကယ်ဆိုပြည့်ပြည့် စုံစုံ ပြောသွားပါလား။



www.burmeseclassic.com

www.burmeseclassic.com



ချိုရီ မနက်စောစောထပြီး ပြင်ဆင်သင့်တာကို ပြင်ဆင်နေခဲ့သည်။ မမမိုရဲ့ mascara နှင့် မျက်တောင်ကော့ပြီး မျက်တောင်ကို တဖျပ်ဖျပ် ခတ်လိုက်သည်။ mascara ဆေးစက်လေးတွေက အောက်မျက်ခမ်းတွင် စွန်းပေသွားသည်။ ချိုရီသည် ပေါင်ဒါရိုက်သည့် pad လေးနှင့် ထိုအမည်းစက်လေးတွေကို အောက်မျက်ခမ်းတလျှောက် ညီအောင်ဆွဲပွတ်လိုက်သည်။

ချိုရီ့မျက်နှာသည် ချက်ချင်းမျက်ကွင်းညိုနေသော လူမမာရုပ်ပေါက်သွားသည်။ မျက်ကွင်းက သိသိသာသာကြီး မည်းနေတာမို့ ချိုရီ သူမမျက်နှာတစ်ပြင်လုံးကို ပေါင်ဒါခပ်ပါးပါး ဖို့လိုက်သည်။ ပြီးတော့ နှစ်ခြိုက်စွာ သူမ၏မှန်ထဲမှ လူမမာပုံကို ကြည့်လိုက်သည်။

"သမီး ချိုရီ၊ ခုနင်က သီဂီဖုန်းဆက်တယ်၊ သမီး ဖုန်းပိတ်ထားလို့တဲ့၊ ဒီနေ့ ကျောင်းသွားဖို့ ကားလွှတ်ပေးရမလားတဲ့"

မာမီလတ်က ချိုရီ့ဘေးနားလာ၍ ပြောသဖြင့် ချိုရီ ခေါင်းခါပြလိုက်သည်။





"ဟင့်အင်း ... နီးနီးလေးပဲဟာ၊ မေမေတို့က ပိုကိုပိုတယ်၊ ချိုရီနဲ့ စကားများရမှာစိုးလို့ ဖုန်းပိတ်ထားတာတောင် မရဘူး"

"ချိုရီလေးကလည်း အဲဒီလို မပြောရဘူးလေ"

ဒေါ်နေခြည်သည် တူမချောကို ပခုံးလေးဖက်ကာ ပြောလိုက်၏။

"ဟင် ... ချိုရီ၊ မျက်ကွင်းတွေလည်း ညိုလို့ပါလား၊ ညက မအိပ်ရလို့လား"

မေမိုက ညီမဖြစ်သူမျက်နှာကို အလန့်တကြားကြည့်ကာ ပြောလိုက်သည်။ မေမို့စကားကြောင့် အိမ်သားအားလုံးတို့၏ အကြည့်က ချိုရီ့မျက်နှာပေါ်မှာ။

"ဟုတ်တယ် ... ညကသိပ်အိပ်လို့မပျော်ဘူး။ ဆိုင်အကြောင်း စဉ်းစားနေတာလည်းပါတယ်"

"တယ်ဟုတ်ပါလား၊ ဆိုင်အကြောင်း ဘာတွေများ စဉ်းစားနေလို့လဲ"

အတွင်းသိအဆင်းသိမို့ မေကိုက တမင်ကို ချိုရီ့ကို ဒီမေးခွန်း မေးလိုက်၏။ ပိုင်ချိုရီ ဆိုသော သင်းက အိပ်ရာပေါ်



www.burmeseclassic.com

www.burmeseclassic.com



ရောက်ပြီး ခေါင်းအုံးနှင့် ခေါင်းနှင့် ထိလိုက်တာနဲ့ အိပ်ပျော်တတ်တဲ့ မိန်းမလေး။ အအိပ်ကြမ်းလိုက်တာလည်း လွန်ပါရော။ သူမတို့အိမ်သွားလည်သည့်အခါတိုင်း ချိုရီနှင့်အိပ်ဖို့ ဘယ်သူမှစိတ်ကူးမရှိကြပါ။ ကန်သည်၊ ခွသည်။ တစ်ခါတလေ အိပ်မက်,မက်သည်ဟုဆိုကာ ဆံပင်တွေကို ဆောင့်ဆွဲတတ်တာမို့ သူမလေးကို အားလုံးက လန့်ကြပါသည်။

"ဩော် ... ဘယ်လိုများ ဒီ့ထက်ပိုပြီး တိုးတက်အောင် လုပ်ရမလဲလို့ပေါ့"

ချိုရီကလည်း သူမကို တမင်ရွဲ့မေးမှန်းသိသိနှင့် ခပ်တည်တည် တုံ့ပြန်လိုက်ကာ ကျောင်းချိန်နီးပြီမို့ မမမို၏ဖိုင်အဟောင်းတစ်ခုထဲ စာအုပ်နှစ်အုပ်သုံးအုပ်ထည့်ကာ ကျောင်းသွားရန် ဟန်ပြင်နေသည်။

"ဟင် ... အကျီမလဲတော့ဘူးလား၊ ဒါနဲ့သွားမှာလား၊ ဒီအိတ်အစုတ်ကို ကျောင်းကိုယူသွားမှာ၊ နင့်ပုံစံလည်း နင်မှန်ထဲပြန်ကြည့်ဦး ချိုရီ၊ ဘာပုံပေါက်နေလဲ"

မေနိုတို့ ညီအစ်မသုံးယောက်က ချိုရီ့ကို ခြေဆုံးခေါင်းဆုံးကြည့်ကာ မေးလိုက်ကြသည်။





မေနိုနှင့်မတော်တော့သည့် အရောင်မရှိ အဆင်းမရှိ မြန်မာအကျီလက်တိုရင်ဖုံးနှင့် ချိတ်နှင့်ထဘီစကတ်ဝမ်းဆက်ကို ညက ကြိုက်လှပါချည်ရဲ့လို့ဆိုကာ တောင်းပြီး ဒီမနက်မှာ ကျောင်းသွားဖို့ ဝတ်ထားသည်။ မေမို၏မသုံးတော့သော အနည်းငယ်စုတ်နေသော ဖိုင်အဟောင်းကိုလည်း ယူသွားမည့်ပုံပေါ်သည်။

"ငါ နင့်ကို မသကာတော့ဘူး ချိုရီ၊ မေမေ ... မေမေ့တူမ ဘာတွေမွှေမလို့လဲ မသိဘူး။ ပုံကိုလည်းကြည့်ဦး၊ တော်တော်ကြာ မာမီလေးနဲ့ စကားပြောနေရဦးမယ်"

မေကိုက အမေဖြစ်သူဘက်လှည့်ကာ ပြောလိုက်သည်။

"ဘာဖြစ်လို့လဲ၊ ဒီလိုဝတ်တာ ဘာအပြစ်ရှိလို့လဲ၊ မမကိုကလေ ... ဒီက ချစ်လို့လည်း လာနေရသေးတယ်"

"မပြောပါနဲ့ မေကိုရယ်၊ ချိုရီလေး စိတ်ချမ်းသာရာလုပ်ပါစေ၊ ကဲ ... သမီးလေး၊ မာမီလတ် ကားပေါ်လိုက်တင်ပေးမယ်နော်"

"ဟာ ... ရတယ် မာမီလတ် ရတယ်၊ ချိုရီ့ဘာသာပဲ သွားလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ကုပ်ချောင်းချောင်းနှင့် ထွက်သွားသော ချိုရီ့ကျော ပြင်ကို သူမတို့အိမ်သားများ သက်ပြင်းချကာ ကြည့်ကျန်ခဲ့ကြသည်။

"သေချာတယ်၊ ဒီမိန်းမ ငါတို့မသိတဲ့ တစ်ခုခုကိုလုပ်နေတယ်"

မေကိုက အစ်မနှစ်ယောက်ကို ပြောလိုက်သည်။

"ဟုတ်တယ်၊ ငါလည်း သူ့ကိုမသင်္ကာတာကြာပြီ၊ ဒီမိန်းမ ငါတို့ကို ဘာမှလဲမပြောဘူး၊ တစ်ယောက်တည်း လှုပ်ရှားနေပုံပဲ၊ အရင်ကဆို သူ ဘယ်သူနဲ့ ဘာဖြစ်ထားလို့ ဘယ်ဇိုပညာပြန်ပေးမယ် ဘာညာနဲ့ ပြောသေးတယ်၊ အခု ဘာတစ်ခွန်းမှ ထွက်မလာဘူး၊ မထူးဆန်းဘူးလား"

မေမိုကလည်း မေကို့စကားကို ထောက်ခံလိုက်သည်။

"တော်ပြီ ... ဈေးသွားတဲ့သူကသွား၊ ချက်တဲ့သူကချက်၊ လျှော်မယ့်သူကလျှော်"

ဒေါ်နေခြည်က သမီးသုံးယောက်ကို အမိန့်ပေးလိုက်သည်။ သူမက သိပ်ကျန်းမာတာ မဟုတ်ဘူး။ အခုလိုအားလုံး နားရသည့် တနင်္ဂနွေနေ့မှမခိုင်း ဘယ်အချိန် သူတို့ကိုခိုင်းရမှာလဲ။





"သင်တန်းသွားရဦးမယ် မေမေ"

မေကိုနှင့် မေမိုက အထွန့်တက်လိုက်ကြသည်။

"မသွားခင်လုပ်သွား၊ စကားမရှည်နဲ့"

ညီအစ်မသုံးယောက်တို့ လူစုခွဲလိုက်ကြသည်။ သို့သော် ချိုရီ့ကို ပြန်စုံစမ်းထောက်လှမ်းဖို့ သုံးယောက်စလုံး၏ ရင်ထဲတွင် ဆန္ဒကိုယ်စီရှိကြလေသည်။

ချိုရီသည် လူက ပရက်တီကယ်သာ လုပ်နေရသော်လည်း စိတ်ကဂနာမငြိမ်နိုင်။ သူ လာရောလာပါ့မလား။ အချိန်လည်း သေချာမပြောလိုက်ရ။ သူ လာမှာပါ။ ချိုရီသည် ကိုယ့်ကိုယ်ကိုယ် ပြန်အားတင်းလိုက်သည်။ ပရယ်တီကယ်ပြီးလို့ အခန်းထဲက ထွက်လာသည်နှင့် အဆောင်ဘက်ပြန်ပြေးရသည်။ ချိန်းထားတာက Chemistry ဆောင်ရှေ့၊ အဆောင်ရှေ့မှာ ဆလွန်းအဖြူလေး ရပ်ထားတာ တွေ့တော့မှ ရင်ထဲကအလုံးကြီး ကျသွားသည်။

အမြန်လျှောက်လာသော ခြေလှမ်း၏အရှိန်ကို လျှော့ချလိုက်သည်။ နေမကောင်းဘူးလေ၊ သုံးရက်နေ မကောင်းထားတာဆိုတော့ အမူအရာပါ ပြောင်းရမည်ပေါ့။ ချိုရီသည် ကားရပ်ထားရာဆီသို့ တစ်လှမ်းချင်း လျှောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... မေ့များ မေ့သွားပြီလားလို့၊ ဒီမှာစောင့်နေတာ တစ်နာရီတောင် ကျော်သွားပြီ"

ထန်က ကားဘေးနားလာရပ်သော ကောင်မလေးကိုကြည့်ကာ စိတ်တိုတိုနှင့်ပြောပြီးကာမှ တကယ့်လူမမာရုပ် ညစ်စုတ်စုတ်ပုံ ပေါက်နေသော ကောင်မလေးမျက်နှာကိုကြည့်ကာ သနားသွားမိသည်။

"ကဲ ... ပြော၊ ဘယ်လိုဖြစ်လို့ ဒီရုပ်ပေါက်သွားရတာလဲ"

ထန်သည် ကားမောင်းလာရာမှ သူ့နံဘေးက ကောင်မလေးကို မေးလိုက်သည်။

"နေမကောင်းလို့ပေါ့ ဦးလေးရဲ့"

"မင်း ဘာလို့ ငါ့ကို ဦးလေး ... ဦးလေးလို့ ခေါ်နေတာလဲ"

ထန်သည် ရုတ်တရက် သူ့ကို ဦးလေးလို့ ခေါ်သူ တစ်ယောက်ကို ပြန်အမှတ်ရမိကာ ဘေးနားမှာရှိသော အချစ်ကို ဖျတ်ခနဲ အကြည့်ပို့မိသည်။

"ဩော် ... ဒါကြောင့် မင်းကို ငါ တွေ့ဖူးပါတယ်လို့ ထင်နေတာကိုး၊ City mart မှာတုန်းက ငါ့ဖိနပ်ကိုတက်နင်းတာ မင်း မဟုတ်လား၊ နေပါဦး ... အဲဒီတုန်းက မင်းပုံစံလေးက သူဌေးသမီး ခပ်ဆိုးဆိုးပုံလေးပါ"





"အခုရော သူဌေးသမီးပုံ ပေါက်သေးလား"

ထန် ဘာမှပြန်မဖြေမိပါ။ သူမလေး ဝတ်ထားတဲ့ ဝမ်းဆက်လေက ခပ်နွမ်းနွမ်းလေးဖြစ်နေပြီး ကိုင်ထားတဲ့ ဖိုင်လေးကလည်း နည်းနည်းစုတ်နေသည်လေ။ သူ ကောင်မလေးကို အားနာသွားမိသည်။

"အဲဒီတုန်းက အပြင်ထွက်မှာဲဆိုတော့ ဝမ်းကွဲအစ်မရဲ့ အဝတ်အစားတွေ ဝတ်ထားတာ၊ အခုတော့ အချစ် စည်းကမ်းရှိသွားပြီ၊ သူများအဝတ်အစား ဘယ်တော့မှ ငှားမဝတ်တော့ဘူး။ ဆင်းရဲတာ ရှက်စရာမှ မဟုတ်ဘဲ"

ထန် ပါးစပ်ပိတ်နေလိုက်သည်။ အသက်ငယ်သော်လည်း သူမလေးက အသိတရားရှိဟန်ရှိသည်။ တကယ်တမ်း အမှန်အတိုင်း ပြောရမည်ဆိုလျှင် ထိုကောင်မလေးက ခပ်မိုက်မိုက် ခပ်လန်းလန်း အဝတ်အစားလေးတွေနှင့် ပို၍လိုက်ဖက်သည်။

"ကဲ ... ပြော၊ ဘယ်သွားချင်လဲ၊ ဘာစားချင်လဲ၊ နေမကောင်းတာဆိုတော့ ပါးစပ်ပျက်နေမှာပဲ၊ ပြီးတော့ ဖုန်းထဲမှာ မင်းပြောတဲ့ လိုအပ်တာတွေ အများကြီးပဲဆိုတာ ဘာတွေလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးကလည်း လောကြီးလိုက်တာ အရမ်းပဲ၊ ပြောမှာပေါ့၊ လောလောဆယ်တော့ အချစ် တစ်ခုခုစားချင်တယ်"

"အေးလေ ... ပြော ဘာစားမှာလဲ၊ ကြေးအိုးလား၊ ဆီချက်လား၊ ဘဲကင်လား ဘာစားချင်လဲ"

"စားချင်တာ တကယ်ပြောရမလား ဦးလေး"

"အေး ... ပြောပါဆို"

ချိုရီသည် ဒီထန်ဆိုသောလူကြီး အလိုလိုက်တာကိုခံရတာ ရင်ထဲမှာ ဘယ်လိုကြီးရယ်မသိ၊ မိုးပေါ်ခုန်တက် က, ချင်လောက်အောင် ပျော်နေသလိုပင်။

"အချစ်စားချင်တာက ချဉ်ချဉ်ငန်ငန်စပ်စပ် အသုပ်"

"ဟာ ... ဒါတော့ မရဘူး၊ အခုမှ နေမကောင်းပြီးစ,ကို ဒါကျွေးလို့တော့ မဖြစ်ဘူး"

"ဟာ ... မသိဘူး၊ အချစ် ဒါပဲစားချင်တယ်"

"ကျွတ် ... ခက်လိုက်တာကွာ"

ထန်သည်လည်း ရင်ထဲတွင် တစ်မျိုးလေးခံစားရသည်။ သူ့ကို ဒီလိုနွဲ့ဆိုး,ဆိုးသည့် မိန်းကလေးမျိုး မရှိခဲ့ဘူးပါ။ ယုနဲ့တုန်းကလည်း ယုက ကလေးမဆန်ဘဲ တည်ငြိမ်တာမို့ သူတို့နှစ်ယောက်ကြားထဲတွင် ဒီလိုအဖြစ်အပျက်မျိုး မရှိခဲ့ဘူးပါ။





စုပုပ်ပုပ်မျက်နှာကလေးနှင့် ဘာစကားမှ ဆက်မပြောတော့သော ကလေးမလေး၏အလိုကို လိုက်ခြင်းအားဖြင့် သူသည် (၇/၈)လမ်းဆုံနားက အသုပ်၊ မုန့်ဟင်းခါးရောင်းသော ဆိုင်တစ်ဆိုင်ရှေ့သို့ ကားထိုးရပ်လိုက်သည်။

"ကဲ ... မယ်မင်းကြီးမလေး ဆင်းတော့၊ ဒါပေမဲ့ အခုကတည်းက ပြောထားမယ်နော်၊ ဒါစားပြီးတာနဲ့ မဟုတ်ကဟုတ်ကတွေ မပူဆာနဲ့တော့"

"ဟုတ်ကဲ့ပါ ဦးလေး"

"လာပြန်ပြီလား ဒီဦးလေး"

ထန်က မကျေနပ်သလို ပြောလိုက်တာမို့ ချိုရီသည် ဇက်ကလေးပု၊ လျှာလေးထုတ်လိုက်ကာ ဘေးတံခါးကိုဖွင့်ပြီး အသုပ်ဆိုင်ထဲ ဝင်ထိုင်လိုက်သည်။ ထန်လည်း သူမလေးနောက်မှ လိုက်ဝင်လိုက်သည်။

"ဦးထန်ရော ဘာစားမလဲ"

"ဟင့်အင်း ... မင်းပဲစား"

"ယော့ ... ရှုတ်၊ ဒီကို အစုံသုပ်တစ်ပွဲ ချဉ်ငန်စပ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ချိုရီက စားပွဲထိုးကောင်လေးကို လှမ်းမှာပြီး ဒီဘက် ပြန်လှည့်တော့ သူမကို စိုက်ကြည့်နေသော ထန့်အကြည့်နှင့်ဆုံသွားတာမို့ ဒိတ်ခနဲ ရင်ခုန်သွားသည်။

"ဦးထန် ဘာလို့ အချစ်ကို ကြည့်နေတာလဲ"

"ငါ စဉ်းစားနေတာ အချစ်၊ ဘာလို့ ငါ့ညီထူးက မင်းကို ထားခဲ့တာလဲဆိုတာ"

"သူ့အကြောင်း မပြောပါနဲ့တော့ ဦးထန်"

ချိုရီက ဝမ်းနည်းဟန်ဖြင့် ပြောလိုက်သည်။

ခဏနေတော့ စားပွဲထိုးကောင်လေးက အသုပ်တစ်ပွဲ လာချပေးသည်။ ဝိုင်ချိုရီသည် အသုပ်ကို အားရပါးရစားတော့ မည့်ဟန်ဖြင့် အသုပ်တစ်ဇွန်းကို ပါးစပ်ထဲထည့်ဝါးလိုက်တာနှင့် ဘာဆိုဘာမှ အရသာမရှိတာကို လျှာက သူမကို ချက်ချင်းသတင်းပို့လေ၏။

ချိုရီ၏ပြဿနာရှာတတ်သောစိတ်တို့သည် ချက်ချင်း ခေါင်းပြူထွက်လာပါတော့သည်။ ထန်သည် အချစ်မျက်နှာအလို မကျဟန်ပေါက်နေကတည်းက ဒီအသုပ်မှာ ပြဿနာရှိနေပြီမှန်း ချက်ချင်းသိလိုက်သည်။





"ဟော့ ... ဟော့ ... ခဏလာဦး"

ဝိုင်ချိုရီက စားပွဲထိုးကောင်လေး တစ်ယောက်ကို လှမ်းခေါ်လိုက်တာမို့ စားပွဲထိုးကောင်လေးသည် သူတို့စားပွဲဆီသို့ လာရပ်သည်။

"ပါးစပ်ဟ"

စားပွဲထိုးကောင်လေးသည် မထင်မှတ်သောစကားကြောင့် ကြောင်တောင်တောင် ဖြစ်သွားကာ ပါးစပ်ဟလိုက်၏။ ထန်ကတော့ အခုအချိန်အထိ သူမလေး ဘာလုပ်မှန်းမသိဘဲ စိတ်ဝင်တစား ကြည့်နေမိသည်။

"ရော့ ... စားကြည့်၊ ဘယ်လိုနေလဲ"

ဝိုင်ချိုရီသည် သူမစားနေသော အသုပ်ပန်းကန်ထဲမှ အသုပ်တစ်ဇွန်းကိုခပ်၍ ဟထားသောစားပွဲထိုးပါးစပ်ထဲ ထည့်ကျွေး၏။

"ကောင်းလား"

ဟု စိတ်တိုသံဖြင့် ထပ်မေးပြန်သည်။

"မကောင်းဘူး"

စားပွဲထိုးကလည်း နဝေတိမ်တောင်ဖြင့် ပြန်ဖြေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အချိုမှုန့်လည်းမပါ၊ ငံပြာရည်လည်းမပါ၊ အချဉ်လည်းမပါ၊ ဘယ်လိုသုပ်ထားတာလဲ"

စားပွဲထိုးလည်း အသုပ်ပန်းကန်ကိုယူပြီး အသုပ်သုပ်နေသည့် အမျိုးသမီးကြီးထံ ပြေးသွားလေတော့သည်။

ထန်လည်း အခုမှ သူမလေးလုပ်ရပ်ကို သဘောပေါက်မိပြီး အလွန်သဘောကျသွားကာ သူမခေါင်းကလေးကို ချစ်ကြည်စွာ တစ်ချက်ပုတ်လိုက်သည်။

"အချစ် ဘာလို့တခြားမိန်းကလေးတွေနဲ့ မတူတာလဲ၊ အချစ်က တခြားမိန်းကလေးတွေထက် သတ္တိပိုရှိနေသလိုပဲ၊ ဘာကိုမှလဲ ကြောက်ပုံမရဘူး၊ အတွေးအခေါ်ကလည်း ထူးဆန်းတယ်"

"ဦးထန်က လာမြှောက်ပြန်ပြီ"

"မဟုတ်ဘူး၊ တကယ်ပြောတာ၊ ထူးနဲ့ကိစ္စကိုပဲကြည့် တခြားတစ်ယောက်နဲ့ တွဲသွားပြီး လက်စွပ်ပေးခဲ့တာ၊ တကယ်တမ်း တွေးကြည့်မယ်ဆိုရင်တော့ ကိုယ့်အချစ်ကို စော်ကားတာနဲ့ တူမနေဘူးလား။ ဒါပေမဲ့ အချစ်က သူ့ကို သွားခွင့်ပေးပြီး လက်စွပ်ကို သူ့ကိုယ်စား လက်မှာ အမြဲဝတ်ထားတယ် ..."





ဒီတော့ ဘာလုပ်မှာလဲ၊ ဒီလက်စွပ်က အချစ်အတွက် အကျိုးမှမရှိဘဲ၊ white heart မှာ ပင်ပင်ပန်းပန်း အလုပ်လုပ်ရတာကိုလည်း တို့သဘောမကျဘူး။ ဒီတော့ အချစ် ပညာတစ်ခုခုသင်၊ ဥပမာ ကွန်ပျူတာတို့၊ LCCI တို့ ဒါမှမဟုတ်လည်း မိတ်ကပ်အလှပြင်သင်တန်းတို့၊ အပ်ချုပ်သင်တန်းတို့ပေါ့၊ ကျောင်းပြီးတဲ့အချိန်မှာ ဒီဘက်ကသင်ထားတဲ့ ပညာလည်း တတ်ပြီးသားဖြစ်နေတာဆိုတော့ ကိုယ်ပိုင်အလုပ် လုပ်လို့ရတာပေါ့"

ပိုင်ချိုရှိသည် စားပွဲထိုးကောင်လေး ဒုတိယအကြိမ် လာချပေးသော အသုပ်ပန်းကန်ကို တွေတွေလေး ကြည့်နေမိသည်။ သူ တကယ်တော့ သူမကို အလိုလိုက် အကြိုက်ဆောင်တာ သူမဆီမှာရှိနေတဲ့ စိန်လက်စွပ်ကြောင့်ပေါ့။

သူ့အကြံက သူမကို ဒီသင်တန်းတွေတက်ဖို့ ပိုက်ဆံအလုံအလောက် ထုတ်ပေးပြီး ဒီလက်စွပ်ကို ပြန်ယူမည်ပေါ့။ ပြီးတော့ white heart ကလည်း ထွက်သွားဆိုသည့် သဘောပေါ့။ ဒါဆို သူနှင့်သူမ တွေ့စရာအကြောင်းလည်း ရှိတော့မည်မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ချိုရီသည် ပထမတော့ ဒီလက်စွပ်ကို ဗန်းပြပြီး သူ့ သူမကို စိတ်ဝင်စားအောင် ကြံဆောင်မည်ဟု ကြံစည်ထားသော်လည်း တဖြည်းဖြည်းနှင့် ဒီလိုလုပ်ရတာကို မှန်းမိသလို ခံစားရသည်။ သူမကို ကလေးတစ်ယောက်လို ချော့မော့ပြီး လက်စွပ်ကို ပြန်ရဖို့ ကြိုးစားနေသော ထန့်ကိုလည်း ရုတ်တရက် သနားသွားမိသည်။

အသိဉာဏ်လေး ရှိစမ်းပါ ဝိုင်ချိုရီ၊ နင့်ကြောင့် သူ့ဘဝအတွက် အသင့်တော် အကောင်းမွန်ဆုံး သူ ရွေးချယ်ထားသည့်မိန်းမနဲ့လည်း စေ့စပ်ပွဲပျက်ပြီးပြီပဲ။ နင်လည်း အပင်ပန်းမခံသင့်တော့ဘူး။ သူ့မျက်ဝန်းထဲမှာ နင်ဟာ တကယ့် ပိဘိကလေးတစ်ယောက်ပဲ။ သူ့ညီနဲ့ ပတ်သက်ခဲ့ဘူးတဲ့ မိန်းကလေးငယ်ငယ်တစ်ယောက်ကို သူ စိတ်ဝင်စားလာလိမ့်မယ်လို့ နင် ဘာလို့ ရူးမိုက်စွာ တွေးမိတာလဲ။

"ဟော့ ... စားလေ၊ ဘာထိုင်စဉ်းစားနေတာလဲ"

ဝိုင်ချိုရီသည် တစ်ထိုင်တည်းမှာပဲ ဆုံးဖြတ်ချက်ချမိသည်။ ထူးရဲ့လက်စွပ်ကို ပြန်ပေးလိုက်တော့မည်။ ဒီနေ့တစ်နေ့တော့ သူမ စိတ်ဝင်စားမိသည့် ထန့်အနားမှာ တစ်နေ့လုံးနေလိုက်ဦးမည်။





အသုပ်,သုပ်သည့် မိန်းမက သူမကို အမြင်ကတ်သည်ထင့် ပြန်သုပ်ပေးလိုက်သော အသုပ်က တကယ်ချဉ်တူးငန်စပ်နေသည်။ ချိုရီလည်း အသုပ်ကို ကြိုးစားပန်းစား စားပစ်လိုက်သည်။

"ကဲ ... ကောင်မလေး ပြော၊ လိုအပ်တာ ဘာရှိသေးလဲ"

"အချစ်ပြောရင် ဦးထန် စိတ်ဆိုးမှာလား"

"လာပြန်ပြီ၊ ဘာမဟုတ်တာ ပူဆာဦးမလို့လဲ"

"Shopping ထွက်ချင်တယ်၊ သူများမိန်းကလေးတွေ shopping ထွက်တာမြင်တော့ အားကျတယ်"

"သွားလေ ... ဘယ်သွားမလဲ၊ တော်ဝင်စင်တာလား"

"ဟုတ်ကဲ့ ... ဒါနဲ့ ဦးထန် အားပါတယ်နော်"

"အားတာတော့ မအားဘူး၊ တို့မှာ လုပ်စရာအလုပ်တွေက အမြဲအသင့်ရှိတယ်၊ ဒါပေမဲ့ မင်းသွားချင်တယ်ဆိုရင်တော့ လိုက်ပို့ပေးမယ်လေ"

ဘာကြောင့်လဲ ဦးထန်၊ လက်စွပ်ကြောင့်လား၊ ဒါမှမဟုတ် ညီထားခဲ့တဲ့ ဆင်းရဲတဲ့ကောင်မလေးကို သနားလို့လား။ ဝိုင်ချိုရီ ရင်ထဲက တိတ်တိတ်ကလေး မေးနေမိသည်။ ။



www.burmeseclassic.com

www.burmeseclassic.com



ရဲ့တန်ဖိုးရှိတဲ့အချိန်ကို လုယူလိုက်သလို ဖြစ်သွားတဲ့အတွက် ချိုရီ တောင်းပန်ပါတယ် ထန်။

ချိုရီလည်း ပင်ပန်းပါတယ်။ တစ်နေ့နေ့ အလိမ် ပေါ်သွားရင်လည်း ဦးထန်က ချိုရီ့ကို မုန်းသွားမှာပဲ။ ဒီတော့ အချစ်ဆိုတဲ့ ဇာတ်ကောင်တစ်ခုကို ရပ်သိမ်းဖို့ အချိန်တန်ပြီလေ။ အဲဒါဆို အားလုံးပြီးဆုံးသွားမှာပါ။

တစ်ခုပဲ ... ယုသံစဉ်ကို ဦးထန်နားရောက်အောင် တော့ လုပ်မပေးနိုင်တော့ဘူး။ ဘာလို့လဲဆိုတော့ ကိုကိုကြီးက အဲဒီမိန်းမကို တကယ် မြတ်မြတ်နိုးနိုး ချစ်နေလို့ပဲ။

"ဟော့ကောင်မလေး၊ ရုပ်က ဘာဖြစ်နေတာလဲ၊ နေမကောင်း ဘူးလား"

"မဟုတ်ပါဘူး ဦးထန်၊ ဟိုရောက်ရင် ဘာဝယ်ရမလဲ စဉ်းစားနေတာ၊ ဦးထန်မှာ ပိုက်ဆံရှေပါရဲ့လား"

"ပါပါတယ်၊ ဟိုရောက်ရင် မင်းကြိုက်တာမှန်သမျှဝယ်"

"တစ်ခုလောက် အချစ်မေးလို့ရမလား ဦးထန်"

"မေးလေ ... ဘာမေးမှာလဲ"

"ဦးထန် ဘာလို့ အချစ်ကို အလိုလိုက်တာလဲဟင်"





မမျှော်လင့်သော အချစ်မေးခွန်းကြောင့် ထန် ဘာ ဖြေရမှန်းမသိ ဖြစ်သွားသည်။ သူမလေးကို သနားတာလည်းပါ သည်။ သူမလေး လိုချင်တာ ဝယ်ပေးချင်မိသည်။ ပြီးတော့ လက်စွပ်ကြောင့်လည်းပါသည်။ ဘာခေါင်းစဉ်တပ်ရမလဲတော့ မပြောတတ်ပါ။

"ရော့ ... ဦးထန်"

ဝိုင်ချိုရီက သူမဘယ်လက်သူကြွယ်တွင် ဝတ်ထား သော စိန်လက်စွပ်လေးကိုချွတ်၍ ထန့်ကိုပေးလိုက်သည်။

"ဟာ"

တော်ဝင်စင်တာကားပါကင်တွင် ကားထိုးရပ်လိုက် ပြီးပြီးချင်းမှာပဲ သူမလေးက ကားပေါ်မှ မဆင်းသေးဘဲ လက်စွပ် ကိုချွတ်ပြီး လှမ်းပေးလိုက်တာကြောင့် သူ တော်တော်အံ့ဩသွား သည်။

"ဦးထန် ဒီလက်စွပ်ကို ပြန်လိုချင်မှန်းသိသိနဲ့ မပေးဘဲနဲ့ ဦးထန်ကို စိတ်အနှောင့်အယှက် ပေးမိတဲ့အတွက် ခွင့်လွှတ် ပါ"

"ဟာ ... ဒီလိုမဟုတ်ပါဘူး အချစ်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ယူပါ ဦးထန်၊ အချစ်က ဘာနဲ့တူနေသလဲဆိုတော့ ပိုက်ဆံမှာ ကြိုးလေးချည်ပြီး ချုံအကွယ်ကနေ ပိုက်ဆံလိုချင်သူကို စ,ရအောင် ကြိုးဆွဲနေတဲ့လူနဲ့တူတယ်၊ ပိုက်ဆံလိုချင်တဲ့သူကတော့ အဲဒီနောက် တကောက်ကောက်လိုက်တာပေါ့၊ ချုံအကွယ်ကလူက သူက အဲဒီလူကို လှည့်စားနိုင်တယ်လို့ထင်တယ် ...

ဒါပေမဲ့ သူ မတွေးမိတာက သူ လှည့်စားနိုင်တာ သူ့ကြောင့်မဟုတ်ဘဲ ပိုက်ဆံကြောင့်ပဲ၊ လိုချင်တပ်မက်ဖွယ် တန်ဖိုးရှိတဲ့ အရာကြောင့်ဆိုတာပဲ"

"အချစ် ဘာကိုဆိုလိုတာလဲ၊ အချစ်ကို တို့ တရင်းတနီး ဆက်ဆံတာ ခင်မင်တာတွေဟာ လက်စွပ်ကြောင့်လို့ ပြောချင်တာလား"

ပိုင်ချိုရီသည် သူ့အမေးကို ပြန်မဖြေပါ။ ပြန်ဖြေစရာလည်း အင်အားမရှိတော့ပါ။ လက်စွပ်ကြောင့် သူ့ဆန္ဒမပါဘဲ သူမအနားကို မလာစေချင်တော့ပါ။ ရင်ထဲမှာ မျက်ရည်လေး ခံစားနေရသည်။ ထန့်လက်ကိုဆွဲယူပြီး လက်စွပ်လေးကိုထည့်ပေးကာ ကားတံခါးဖွင့်ပြီး ဆင်းလာလိုက်သည်။





"အချစ် နေဦးလေ ... အချစ်"

သူမနောက်မှ ခြေလှမ်းကျဲကျဲနှင့် ပြေးလိုက်လာသော ထန့်ခြေသံကို ကြားနေရသည်။ ချိုရီသည် တော်ဝင်စင်တာထဲသို့ မဝင်ဘဲ စင်တာရှေ့မှ တက္ကစီတစ်စီးကို တားပြီးစီးခဲ့သည်။

တက္ကစီပေါ်ရောက်တော့ ထိန်းထားသည့်မျက်ရည်တွေ ကျလာခဲ့သည်။ တကယ်တော့ ဒီနေ့လေးကို ထန်နဲ့အတူ ပျော်ရွှင်စွာကုန်ဆုံးဖို့ ရည်ရွယ်ထားခဲ့ပေမင့် ဖြစ်မလာခဲ့ပါ။ ချိုရီ သတိမထားမိလိုက်သည့် အချိန်တိုအတွင်းတွင် ချိုရီသည် ထန့်ကို ချစ်မိသွားလေသည်။

"ကလေးမ မျက်နှာမှာ အမည်းတွေ ဖြစ်နေတယ်"

တက္ကစီဒရိုင်ဘာက မနေနိုင် မထိုင်နိုင်ပြော၏။ ချိုရီက ဖိုင်ထဲမှာထည့်ထည်းသော တစ်ရှူးစနဲ့ တို့သုတ်ပစ်သည်။ ဒါတွေလည်း မလိုအပ်တော့ပါဘူး။ ထန်နဲ့ပတ်သက်ပြီး ချိုရီ ဘာမှကြိုးစားတော့မှာမဟုတ်ဘူး။

ဒီနေ့လို နွေးထွေးကြင်နာတဲ့ ထန့်စကားလေးတွေကိုလည်း ချိုရီ ဘယ်တော့မှ ကြားနိုင်တော့မှာ မဟုတ်ဘူး၊ ဘာလို့လဲဆိုတော့ ထန်နဲ့နီးတဲ့ white heart ကနေ ချိုရီ ထွက်သွားမှာမို့လို့လေ။



www.burmeseclassic.com

www.burmeseclassic.com



အရင်ကလို ယုံကြည်ချက်တွေ ချိုရီ့မှာ ရှိမနေဘဲ ထူးဆန်းစွာ ပျောက်ဆုံးနေပါသည်။ မနိုင်တော့မယ့်ပွဲကို ဘာလို့ ဆက်ပြီးကစားတော့မှာလဲ။ ဆက်ကစားလေ ရှုံးလေပဲဖြစ်တော့မှာပေါ့။ ဦးထန်က ချိုရီ့နှလုံးသားကို အပိုင်စားရသွားပြီပဲ။ ဦးထန်ကို မေ့လိုက်ဖို့ ချိုရီ အချိန်တော်တော်တော့ ယူရပါဦးမည်။

○ ❦ ○





❖ ၂၁ ❖

တော်ဝင်စင်တာက ပြန်လာပြီးကတည်းက ထန် နေလို့ထိုင်လို့မရ ဖြစ်နေသည်။ အချစ်ဆိုသော ကောင်မလေးကို သူ ဘယ်လိုမှ နားမလည်နိုင်ပါ။ သူမ ဘာဖြစ်လို့ သူ့ကို လက်စွပ်ပေးပြီး ထွက်ပြေးသွားရတာလဲ။

www.burmeseclassic.com



သူ့ခေါင်းတွေ ချာချာလည်နေသည်။ ဘယ်လိုပဲ စဉ်းစား စဉ်းစား အချစ်ကို လုံးဝနားမလည်နိုင်ပါ။ လက်စွပ်ကိစ္စ ပြောလိုက်လို့ စိတ်ဆိုးသွားတာလား။ ဒီလက်စွပ်ကို သူမ ဒီလောက် တန်ဖိုးထားမှန်း သူ မသိ၍ ပြောခဲ့ခြင်းဖြစ်သည်။

"ဟော့ကောင် ထူး"

ထူးသည် သူ့အခန်းဝတွင် လာရပ်သော ထန့်ကို အံ့ဩဟန်ဖြင့် ကြည့်လိုက်သည်။

"လာလေ ထန်၊ ဘာခိုင်းမလို့လဲ"

"မဟုတ်ဘူး၊ မင်းကို ငါမေးစရာရှိလို့၊ မင်းနဲ့ အချစ်နဲ့ အကြောင်း ငါသိချင်တယ်"

ထူး အတော်ကို စိတ်ညစ်သွားပါသည်။ အမွှေမ ဝိုင်ချို့ရီက ဘယ်လိုပြောထားသည် မသိ၊ ကြိုလည်းမပြောထား၊ သူက စိတ်ကူးထဲရှိတာ ပြောလိုက်မှ တော်ကြာအလိမ်ပေါ်သွား ကာ ပြဿနာတက်နိုင်သည်။

"ဘာလုပ်မလို့လဲ ထန်၊ သူနဲ့ကိစ္စက လုံးဝပြီးသွားပြီပဲ"

"မဟုတ်ဘူး ထူး၊ ငါ သိရမှဖြစ်မယ်"





ထန်က အတင်းအကျပ်ကြီး ပြောလာတော့ ထူး စိတ်ပျက်မိသည်။ ထန်ကလည်း ဇွတ်ပင် သူ့ကြည့်ရတာတစ်ခုခု ကြောင့် စိတ်ရှုပ်နေဟန်ရှိသည်။

"မင်းတို့နှစ်ယောက် သိပ်ချစ်ခဲ့ကြသလား ထူး"

ထူးက ခေါင်းခါလိုက်သည်။ ဟုတ်မှာပါ။ တကယ် ချစ်ခဲ့ရင် ဒီကောင်မလေးကို ထားခဲ့ပါ့မလား။

"ဒါဆို ဘာရည်ရွယ်ချက်နဲ့ လက်စွပ်ပေးခဲ့တာလဲ"

"ညီပြောပြီးသားပဲ ထန်၊ ညီ တကယ်ချစ်တဲ့သူနဲ့တွေ့လို့ သူ့ကို သနားတာနဲ့ ပေးခဲ့တာ"

ထူး စာကြည့်စားပွဲ ကုလားထိုင်တွင် ထိုင်နေရာမှ သူ မတ်တတ်ထရပ်လိုက်သည်။ ဒီကိစ္စ အဲဒီလောက် မရိုးရှင်းတာ သူ ခံစားသိရှိနေလေသည်။ ထူး အမှန်မပြောဘူးဟု သူ ခံစား နေရသည်။ ဒါဆို အချစ်ရော။ ထန်သည် ထူးကိုလက်စွပ်ပေး လိုက်သည်။

"ဟင် ... ထန်၊ ဒါ ဘယ်လိုရလာတာလဲ"

"အချစ် ပေးလိုက်တာလေ"

"ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ထူးက ခေါင်းတစ်ခါခါဖြင့်ပြော၏။ ချိုရီ့စကားတွေကိုလည်း ပြန်ကြားယောင်မိသည်။

"မဖြစ်နိုင်ဘူးလို့ မင်း ဘာလို့ပြောနိုင်ရတာလဲ ထူး"

ထူးက ခေါင်းတွေတဗျင်းဗျင်း ကုတ်နေသည်။ ဘာစာတ်လမ်း ထွင်ပြန်ပြီလဲ ပိုင်ချိုရီ။ သူ တကယ်ကို ပိုင်ချိုရီ့ကို လိုက်မမီတော့ပါ။

ထန်က ထူးကို တစ်ချက်ကြည့်ပြီး ဘာမှမပြောတော့ဘဲ အခန်းထဲက ပြန်ထွက်သွားသည်။ သူ့မျက်ဝန်းထဲတွင် အချစ်ပုံရိပ်တွေသာ မြင်ယောင်နေမိသည်။ အချစ်သိအောင် သူ ပြောပြချင်ပါသည်။

အချစ်ကို သူ့ လက်စွပ်တစ်ကွင်းကြောင့် ရင်းနီးခင်မင်ခဲ့တာ မဟုတ်ပါ။ သူမလေးက ဒါကို အထင်လွဲသွားတာလား။ သူ့ချစ်သူပေးတဲ့လက်စွပ်ကို ပြန်တောင်းချင်တာကို စိတ်ခုသွားတာလား။ ဘာပဲဖြစ်ဖြစ် မနက်ဖြန်တော့ သူမလေးကို စကားတော့ ပြောရဦးမည်။

ထန် ဒီနေ့ စိတ်တွေကို ဘယ်လိုမှ စုစည်းလို့ မရပေ။ စာအုပ်ဖွင့်တော့လည်း အချစ်မျက်နှာ၊ အချစ်ပုံရိပ်။





ကွန်ပျူတာကိုင်တော့လည်း သူမကိုပဲ မြင်ယောင်နေတာမို့ ဘာဆိုဘာမှ လုပ်၍မရတော့တာနှင့် စိတ်ပျက်ပျက်နှင့် အိပ်ရာထဲ လှဲနေလိုက်သည်။

မနက်ဖြန်ကို မြန်မြန်ရောက်စေချင်လှသည်။ ဒီလိုခံစားမှုမျိုး သူ့ဘဝတွင် ပထမဆုံးအကြိမ် ခံစားမိခြင်းပင်။ မနက်ဖြန် white heart ဝန်ထမ်းဝတ်စုံလေးနှင့် သူမလေး သူ့ကို ချစ်စဖွယ်ပြုံးလေးနှင့် ဆီးကြိုနေမှာလား။ ဒါမှမဟုတ် စူပုပ်ပုပ်မျက်နှာလေးနှင့် ရှောင်ဖယ် ရှောင်ဖယ် လုပ်နေမှာလား။ သူတွေးရင်းက ရင်မောလှပါသည်။

အတူတူအိပ်သော မမကို မသိအောင် ချိုရီ တိတ်တိတ်လေး မျက်ရည်ကျနေမိသည်။ ထန် သူမကို စိတ်ဆိုးကျန်ခဲ့မလား သူမ သိချင်သည်။ ထန်နဲ့တွေ့ခဲ့တဲ့ နေ့ရက်လေးတွေကို သူမ မြင်ယောင်တမ်းတနေမိသည်။ ဒီ့ထက်ပိုကြာတဲ့ ရင်းနှီးခွင့်လေး ရချင်သေမယ့် ချိုရီ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ပျောက်ဆုံးနေပါသည်။

ဘာပဲဖြစ်ဖြစ် မနက်ဖြန်တော့ white heart က ဝန်ထမ်းတွေကို သွားနှုတ်ဆက်ရင်း ထန့်ကိုလည်း နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



အနေဖြင့် ကြည့်သွားချင်သည်။ ဝိုင်ချိုရီသည် သူမ၏ မပြတ်သား သောစိတ်ကို ဒေါသထွက်မိသည်။

"ချိုရီ ဟိုလိုမှ ဒီလိုမှနဲ့ မအိပ်သေးဘူးလား"

မေကိုက ချိုရီ မအိပ်သေးတာကို အံ့သြဟန်ဖြင့်မေး၏။ ချိုရီ ပြန်မဖြေပါ။ တော်တော်လေး ငိုထားတာမို့ ပုံမှန်အသံဖြင့် ပြန်မပြောနိုင်တာမို့ တိတ်တိတ်လေး နေမိသည်။ ယောက်ျား လေးတစ်ယောက်နဲ့ ပတ်သက်ပြီး နင့်နင့်နဲနဲ ခံစားရပြီး မျက်ရည်ကျခဲ့ရတာ ဒါ ချိုရီ့ဘဝမှာ ပထမဆုံးအကြိမ်ပါ ဦးထန်။

○❦○





## ၂၂

"ဦးထွေး ... ချိုရီ နှုတ်ဆက်ခဲ့ပါတယ်။ ချိုရီ ဒီ white heart မှာ နေခဲ့ရတဲ့ ကာလလေးကို ဘယ်တော့မှ မမေ့ပါဘူး"

"စောစောစီးစီး ဘာလာနှောက်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ချိုရီက ပြုံးလိုက်သည်၊ မဟုတ်တာ လုပ်တာတွေများတော့ ဒီလိုပဲ လူတွေက အယုံအကြည်မရှိကြတော့ဘူးပေါ့။

"မမိုး၊ မသစ္စာ၊ မချယ်ရီ ချိုရီ နှုတ်ဆက်ခဲ့ပါတယ်နော်။ ချိုရီ သွားတော့မယ်"

ချိုရီ ဆိုင်ထဲကို ဝေ့ဝဲကြည့်လိုက်သည်။ ထန့်ကို မတွေ့ရပါ။ ချိုရီ နာနာကျင်ကျင် ပြုံးလိုက်သည်။ ကံကြမ္မာက ချိုရီ့ကို ထန်နှင့်နောက်ဆုံးအနေနဲ့တောင် တွေ့ခွင့်မပေးတော့ဘူးပဲ။

ချိုရီ ဆိုင်တံခါး တွန်းဖွင့်လိုက်သည်။ မျက်နှာချင်းဆိုင် တွေ့လိုက်ရသူက ဦးထန်။ ချိုရီက သူမကို ရီဝေသောအကြည့်ဖြင့် ကြည့်လာသော ထန့်အကြည့်ကြောင့် ရင်တွေ ပန်းတွေတုန်သွားသည်။ ချိုရီကြောင်၍ ရပ်နေစဉ်တွင် သူက ချိုရီဖွင့်ထားသောတံခါးမှ ဆိုင်ထဲလှမ်းဝင်လာသည်။ ဒီတော့မှ ချိုရီလည်း အပြင်ထွက်ဖို့ သတိရကာ ခြေလှမ်းပြင်လိုက်စဉ်တွင် ထန့်အသံကို ကြားလိုက်ရတာမို့ တံခါးလက်ကိုင်ကို လွှတ်လိုက်မိသည်။

"အချစ် ဘယ်သွားမလို့လဲ"





ဦးထွေးနိုင်နှင့် ဆိုင်ဝန်ထမ်းများသည် ချိုရီဆိုင်က ထွက်သွားမှာကို မလိုလားကြပါချေ။ ချိုရီက ဆိုးသည်၊ မွှေသည် ဆိုပေမယ့် စိတ်ရင်းတော့ တော်တော်ကောင်းလှသည်။ လကုန်တိုင်း ဆိုင်ဝန်ထမ်းတွေကို လက်ဆောင်လည်း ပေးတတ်သေးသည်။ အားလုံးသိထားကြတာတော့ ချိုရီသည် ဗိသုကာအင်ဂျင်နီယာကောင်လေးကို စွဲလမ်း၍ ဓာတ်လမ်းဆင်နေသည်ဟုပင်။

"အလုပ်ထွက်မလို့တဲ့လေ၊ ဒီအလုပ်မှာ ဒီလောက်အဆင်ပြေနေတဲ့ဟာ"

ဦးထွေးနိုင်က ဝင်ပြောလိုက်သည်။

"အစ်ကို ... ကျွန်တော် သူနဲ့စကားနည်းနည်းပြောလို့ရမလား"

ထန်သည် ဦးထွေးနိုင်ဘက် လှည့်မေးလိုက်တော့...

"ရတယ် ... ပြော၊ ဒီဆိုင်မှာ သူ ပြန်အလုပ်လုပ်ရင်ပြီးရော"

ဟု ဦးထွေးနိုင်က အတိုင်အဖောက်ညီညီ ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထန်သည် ဆတ်ခနဲ ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်နေသော အချစ်၏ လက်လေးတစ်ဖက်ကိုဆွဲကာ ထောင့်ကျသော စားပွဲဝိုင်းတစ်ခုဆီ ဆွဲခေါ်သွားတာမို့ ချိုရီ သူ့လက်ထဲက မသိမသာ ရုန်းမိသော်လည်း မြဲမြဲသော်သူ့လက်ထဲမှ လွတ်ထွက်မသွားပါလေ။

"တို့ကိုထားခဲ့ပြီး ထွက်သွားမလို့လား အချစ်"

သူက ချိုရီ့မျက်နှာကို စေ့စေ့ကြည့်ပြီး နူးညံ့စွာမေး၏။ ချိုရီ ရင်တွေခုန်လွန်း၍ စကားပင်မပြန်နိုင်မိပါ။

"အချစ် ပြောလေ၊ မနေ့က အရမ်းစိတ်ဆိုးသွားတာလား၊ တို့ တောင်းပန်ပါတယ်။ တကယ်တော့ အချစ် တို့ကို အထင်လွဲသွားတာပါ။ လက်စွပ်ကြောင့်လည်း ပါမယ်၊ အချစ်အနားကို ရောက်လာတာ အချစ်ကို တကယ် သံယောဇဉ်ရှိလို့ပါ"

ထန့်ဆီက ဒီလိုသိမ်မွေ့နူးညံ့သော စကားလေးတွေ ကြားရလိမ့်မယ်လို့ ချိုရီ ဘယ်တုန်းကမှ အိပ်မက်မမက်ခဲ့ဖူးပါ။ ထန်က ရုတ်တရက် သူ့ဘယ်ဘက်လက်သူကြွယ်မှာ ဝတ်ထားသော စိန်တစ်ပွင့်လက်စွပ်လေးကို ချွတ်လိုက်ပြီး သူမ၏ဘယ်ဘက်လက်လေးကို ဖျတ်ခနဲဆွဲယူလိုက်ကာ လက်သူကြွယ်မှာဝတ်ပေးမည်လုပ်ပြီးမှ လက်စွပ်က အနည်းငယ်ကြီးနေတာမို့ လက်ခလယ်တွင် ဝတ်ပေးလိုက်ပြီး ...

"တို့အချစ်ကို လက်ခံရင် ဒီလက်စွပ်လေးကို ဒီအတိုင်းလေးပဲ ဝတ်ထားပါ။ လက်မခံဘူး ဆိုရင်တော့ ဒီလက်စွပ်ကို ပြန်ချွတ်လိုက်ပါ"

ဟု ခပ်တိုးတိုးပြောကာ ချိုရီ့လက်ကလေးကို ခပ်ဖွဖွလေး လွှတ်ပေးလိုက်လေသည်။

ချိုရီ့ညာဘက်လက်က လက်စွပ်ဆီ ရောက်သွားတာမို့ ထန် မျက်နှာပျက်သွားသည်။ ညီချစ်ခဲ့ဖူးသော ကောင်မလေးကို သူ ချစ်နေမိတာ သူ့ကိုယ်သူ သိလိုက်ရသည့်အချိန်မှာ သွေးပျက်မတတ် တုန်လှုပ်မိသည်။ သို့သော် ကြိုးစားခွင့်တော့ ရှိသည်ဟု ယုံကြည်တာကြောင့် သူမလေးကို ပရိုပို့စ်လုပ်မိခြင်းဖြစ်သည်။

"ကိုယ့်ကိုမချစ်တဲ့လူရဲ့ လက်စွပ်ကို ဝတ်ထားမယ့်အစား ကိုယ့်ကိုချစ်တဲ့လူရဲ့ လက်စွပ်ကို ဝတ်ထားတာ ပိုအဓိပ္ပာယ်ရှိပါတယ်"






www.burmeseclassic.com

www.burmeseclassic.com



ချို့ရီက ခပ်ပြုံးပြုံးလေးပြောကာ ညာဘက်လက်ကို ရုပ်သိမ်းလိုက်သည်။

"တို့ အရမ်းပျော်တယ် အချစ်၊ တို့အနားမှာ အမြဲထာဝရ နေပေးပါ"

"ပိုပြီ ... မနေ့ကတုန်းကတော့ white heart မှာ အလုပ် လုပ်ရတာ ပင်ပန်းတယ်၊ သင်တန်းတက်ဆိုလို့ အလုပ် ထွက်မလို့ လုပ်တဲ့ဟာကို"

"ဟုတ်တယ်၊ တို့ ပြောခဲ့ပါတယ်၊ ဒါပေမဲ့ ညက သေချာ ပြန်စဉ်းစားကြည့်တော့ မင်းမျက်နှာလေးကို တစ်ရက်တစ်ခါ မမြင်ရတော့ရင် ငါ ရူးလိမ့်မယ်"

"ဦးထန်ကလေ မထင်ရဘူး၊ တော်တော်စကားတတ်တာပဲ"

"အချစ်က သင်ပေးတာလေ"

ချို့ရီနှင့် ဦးထန်သည် တစ်ယောက်ကိုတစ်ယောက် မြတ်နိုးခုံမင်စွာ ငေးစိုက်ကြည့်နေမိကြသည်။ အချစ်မျက်ဝန်းထဲ က အချစ်တွေကို သူ လှမ်းမြင်နေရသည်။ သူ့မျက်ဝန်းထဲက မြတ်နိုးရိပ်ကိုလည်း အချစ် ဖမ်းမိမည်မှာ သေချာပါသည်။





## ၂၃

ဆွေသက်မွန်က ချို့ရီပြောပြသော ထန်နှင့်ငြိသွားကြပုံကို ပါးစပ်အဟောင်းသားဖြင့် နားထောင်နေ၏။

"ဟယ် ... ရိုမန့်စ် ဖြစ်လိုက်တာ၊ တော်သေးတာပေါ့၊ နှင့် လက်ဆစ်တွေက ကြီးနေတာ၊ နို့မို့ ဟိုကလက်ဖွပ်လည်း



www.burmeseclassic.com

ဝတ်ပေးရော ချောင်ကလေးလောင်နေရင်တော့ ရှိမန့်စ်မဖြစ်ဘဲ ဖန်နီဖြစ်သွားဦးမယ် ...' ဟား ဟား ဟား"

ထူးကတော့ ဝိုင်ချိုရီ့ဘက်မှာ ကံတရားက လုံးလုံးလျားလျား ရှိနေတာကို ကျေနပ်ဟန်မပြပေ။ ထန်က သူမကို တော်တော်ကို ကြွေသွားတာပဲ။ ယုံချင်စရာ လုံးဝမကောင်းပါ။ သို့သော် သူမလက်ခလယ်တွင် ဝတ်ထားသော ထန့်လက်စွပ်လေးက သက်သေခံနေသည်လေ။

"ဒါပေမဲ့ ငါ အခုကြောက်နေတယ် ဆွေသက်၊ ငါ ဦးထန်ကို တကယ်ချစ်တာပါ။ ဘာအကြောင်းနဲ့မှ ဝေးမသွားချင်ဘူး။ တစ်နေ့မဟုတ်တစ်နေ့ ငါ့ဓာတိရုပ်အမှန် ပေါ်လာမှာပဲ။ အဲဒီအခါ သူ ငါ့ကိုမုန်းသွားမှာ ငါကြောက်နေတယ်။ ထူး ... နင်လည်း နည်းနည်းကြံပေးဟာ၊ ငါ သူ့ကိုအားလုံး ဖွင့်ပြောလိုက်ရမလား"

"နင့်သဘောပဲ ချိုရီ၊ ဒါပေမဲ့ ငါ တစ်ခုတော့ သတိပေးချင်တယ်။ ထန်က မရိုးသားတာဆို သိပ်မုန်းတာ၊ နင့်ကို သူက တကယ့်ဆင်းရဲတဲ့ တောသူမ၊ ကိုယ့်ဝမ်းကိုယ်ကျောင်းနေရတယ်လို့ ထင်နေတာ၊ ငါလည်း အကြံမပေးတတ်ဘူး။





နင့်ကိစ္စပေါ်လာရင် ငါလည်း အေးအေးဆေးဆေး နေရမှာ မဟုတ်ဘူး"

"ဟုတ်တယ် ... ငါလည်း သိပါတယ်၊ အခြေအနေကြည့်လုပ်ကြတာပေါ့ဟာ၊ ထူး ... နင့်ကို ငါကတိပေးပါတယ်၊ ငါ နင့်မရိုးဖြစ်ရင် ငါနဲ့နင် ဘာပြဿနာမှ မတက်စေရဘူး"

"ငါ့ကိုလာမပြောနဲ့ ချိုရီ၊ နင်နဲ့ ငါဆိုတာ ဆွေသက်ကနေ တစ်ဆင့်ခင်တဲ့ သူငယ်ချင်းပေမယ့် သူငယ်ချင်းအရင်းလိုပဲ၊ နင် ကြောက်ရမှာက ငါ့အမေ"

"အေး ... ဟုတ်တယ် ချိုရီ၊ ဆရာမကြီးက နင့်ကိုလက်ခံပါ့မလား"

ချိုရီသည် အကြီးအကျယ်ကို စိတ်ပျက်သွားမိသည်။ ဟုတ်ပါ့ ... ဒါကို သူမ ဘာလို့မတွေးမိခဲ့ရပါလိမ့်။ ထန်ကတော့ ချစ်သူသက်တမ်း တစ်နှစ်ပြည့်ရင် သူ့အမေနဲ့ ပေးတွေ့မည်ဟု ပြောဖူးသည်။ ဝေးသေးတော့ သိပ်မကြောက်ပါ။ သို့သော် အနာဂတ်သည် ချိုရီ့အတွက် ရင်မအေးနိုင်စရာကိစ္စတွေနှင့် စောင့်ကြို့နေဟန်ရှိသည်။

www.burmeseclassic.com



ချိုရှိသည့် သက်ပြင်းသဲ့သဲ့ ချမိသည်။ လောကကြီးထဲမှာ ချိုရှိကြောက်သော အရာများလည်း ရှိနေသေးသည်ပဲ။ ချိုရှိ ထန်နဲ့ဝေးရမှာ သေအောင်ကြောက်ပါသည်။

၀ ❦ ၀





## ၂၄

"သား ... ထန်၊ အခုတလော တစ်ခုခုပြောင်းလဲနေသလို ပဲ"

မိသားစုလေးယောက် ညနေစာထမင်းစားပြီး ဧည့်ခန်းထဲမှာ ကော်ဖီထိုင်သောက်နေချိန်တွင် ဒေါ်စံထားက သားကြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သူကို ပြောလိုက်သည်။ အရင်ကဆို ထန်က တနင်္ဂနွေပိတ်ရက်ဆို အိမ်မှာနေတာများသည်။ ယုသံစဉ် အိမ်ကိုဝင်ထွက်တုန်းကသာ ဈေးသွားဝယ်ကြ၊ ဟိုနား ဒီနားထွက်တတ်ပြီး အိမ်ကိုချက်ချင်း ပြန်ရောက်လာတတ်သည်။

အခုတော့ ဒီလိုမဟုတ်။ တနင်္ဂနွေ မနက်စောစောက ထန်အိမ်ကထွက်သွားတတ်ပြီး ညဘက်ရောက်မှ ပြန်ပြန်လာတတ်သည်။ ထူးက ထန့်အဖြေကို နားစွင့်နေသည်။ ထန့်လိုလူမျိုးကို ပြုစားနိုင်သော ဝိုင်ချိုရီ၏ပညာက မသေးလှပါ။

"ဘာတွေမေးနေတာလဲ အမေကြီးရဲ့၊ သူလည်း လူငယ်ပဲ၊ အမြဲတမ်းကြီး အိမ်ထဲမှာပဲ စာထိုင်ဖတ်နေရမှာလား"

"ပြောစမ်း ထန်၊ သား ရည်းစားတွေ ဘာတွေ ရနေပြီလား"

ဒေါ်စံထားသည် ရှက်ရယ်ရယ်နေသော ထန့်ကိုကြည့်ကာ သူမမှန်းဆတာ မှန်နေပြီမှန်း သိလိုက်ရသည်၊

"ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘာလုပ်လဲ၊ သူ့ရဲ့မျိုးရိုးကရော ဘာလဲ"

ဒေါ်စံထားသည် မေးခွန်းတွေကို အဆက်မပြတ် မေးနေမိသည်။





"မေမေနဲ့သူ့ကို ကျွန်တော် မိတ်ဆက်ပေးမှာပါ"

ထန်သည် ကော်ဖီတစ်ငုံသောက်လိုက်ရင်း မေမေ့မေးခွန်းကို ပြန်ဖြေလိုက်သည်။ မေမေက အချစ်ကို သဘောကျမှာတော့ မဟုတ်ပါ။ အချစ်က ငယ်လည်းငယ်သေးသည်။ လုပ်တော့လည်း waitress ၊ မိသားစုမျိုးရိုးကလည်း တောက သာမန်လက်လုပ်လက်စား။

ဘယ်လိုပဲဖြစ်ဖြစ် အချစ်ကိုပဲ သူချစ်သည်။ အရင်က သူ စံ့ထားခဲ့သော မိန်းမတစ်ယောက်ပုံမျိုး အချစ်မှာ ရှိမနေခဲ့ပါ။ သို့သော် အချစ်ကိုချစ်သော အချစ်တို့က သူ့ရဲ့စံတွေကို အလဲထိုး အနိုင်ယူခဲ့သည်။

ထူးက အစ်ကိုဖြစ်သူကို လှမ်းကြည့်လိုက်သည်။ ဝိုင်ချိုရီမှန်းသိရင် မေမေ လုံးဝသဘောတူမှာ မဟုတ်တာသေချာသည်။ ထန်တော့ သနားစရာကောင်းလှသည်။ ဘာမှသိသည့်ပုံမပေါ်။ ချိုရီ ပြောသလိုပင် တစ်နေ့နေ့တော့ ချိုရီ့ဘဝမှန်ကို ထန်သိလိမ့်မည်။ အဲဒီအခါ ထန် အရမ်းအခံရခက်ပြီး ဒေါသထွက်သွားမှာလည်း သူ ကြိုသိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း မဖြေသေးဘူးနော် ထန်"

ခေါ်စံထားသည့် သူ့မေးခွန်းကို ပြန်မဖြေသေးသော ထန့်ကို အသည်းယားလာဟန်ဖြင့်ပြော၏။

"အချိန်မတန်သေးလို့ပါ မေမေရယ်"

"အမေကြီးလည်း ဘယ်လိုဖြစ်သလဲ မသိဘူး။ သားထန်က ကလေးမှမဟုတ်တာ၊ သူ့မှာ စဉ်းစားတတ်တဲ့ ဆင်ခြင်တုံတရား ရှိပါတယ်"

ဦးနောင်လတ်က သား မဖြေချင်မှန်း သိတာကြောင့် ဇနီးဖြစ်သူကို ဝင်ပြောလိုက်သည်။

ထူးကတော့ ထန့်ကို နားလည်ပါသည်။ အခုအချိန်တွင် ထန့်၏ဒဿနများလည်း အချစ်ကြောင့် ပြောင်းလဲနေလောက်ပြီ။ တင်းမာနေသော မျက်နှာထားနှင့် မေမေ့ကို တောင်းပန်ဟန် ထန် တစ်ချက်ကြည့်၍ စည့်ခန်းထဲက ထွက်သွားသည်။

"မင်း ငါ့ကို ဘာပြောချင်လို့လဲ ညီ"

ထန်က သူ့အခန်းထဲအထိ လိုက်လာသော ထူးကို မေးလိုက်၏။





"ထန် ဟိုကောင်မလေးနဲ့ ငြိသွားတာလား"

"ဟုတ်တယ် ထူး၊ မင်းရင်ထဲမှာ သူ ရှိမနေတော့တာ သေချာလို့ ငါ ကြိုးစားလိုက်တာပါ။ အဲဒီလိုပဲ သူ့ရင်ထဲမှာလည်း မင်း ရှိမနေခဲ့ဘူးဆိုတာ ငါ ယုံကြည်တယ်"

"ထန်ပြောတဲ့ အစစအရာရာ ပြည့်စုံတဲ့ မိန်းကလေးထဲမှာ သူ မပါဘူး ထန်"

"ဒါကြောင့် မင်း သူ့ကို စွန့်လွှတ်ခဲ့တာလား။ လူတစ်ယောက်ကို လူတစ်ယောက်က တကယ် ရင်ထဲက မြတ်မြတ်နိုးနိုး ချစ်ခဲ့မယ်ဆိုရင် ကိုယ်ချစ်တဲ့သူရဲ့ အခက်အခဲ၊ ဒုက္ခ၊ မပြေလည်မှုတွေကလည်း ဝေမျှခံစားနိုင်ရမယ်။ အထူးသဖြင့် ယောကျ်ားတစ်ယောက် ဖြစ်နေတဲ့အတွက် ကိုယ့်ချစ်သူရှေ့က မားမားမတ်မတ် ကာကွယ်ရပ်တည်နိုင်ရမယ်"

"ဒါ ထန့်ရဲ့ဒဿနအသစ်ပေါ့နော်"

ထူးက ရယ်ဟဟလေး ပြောလိုက်သည်။

"ပြောတော့ ဟောကောင်၊ မင်းပြောရင်လည်း ငါခံရမှာပဲ၊ ငါ အချစ်ကို သိပ်ချစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ထူးသည် ဝိုင်ချိုရီ၏သရုပ်မှန်ကို ထန့်ကိုပြောပြဖို့ စဉ်းစားလိုက်သည်။ သူလည်း အပြောခံအဆိုခံထိမယ်မှန်းလည်း သိပါသည်။ ထန့်ကို ဒီ့ထက်ပိုပြီး လိမ်ထားဖို့မကောင်းဟု သူ ထင်မိသည်။

"အချစ်က ရိုးသားဖြူစင် ပွင့်လင်းတယ်၊ တစ်ခါခါ သူ ပြောတာ သူလုပ်တာတွေဟာ ငါ့အတွက်တော့ စိတ်ဝင် တစားနဲ့ သဘောကျ ခုံမင်စရာတွေချည်းပဲ"

ထူး ပါးစပ်ပိတ်ထားလိုက်သည်။ ဒီအချိန်ပြောလို့ မဖြစ်သေးဘူးလေ။

○ ❦ ○





## ၂၁

ချိုရီသည် ထန်ဝယ်ပေးသောပစ္စည်းများကို မယူလိုပါ။ သို့သော် ချိုရီ ငြင်းလျှင် ထန် မျက်နှာညိုတတ်တာမို့ သူဝယ်ပေးသမျှကို လက်သင့်ခံမိပါသည်။ သူနဲ့တွေ့တိုင်း ချိုရီ့ဘဝသရုပ်မှန်ကို ပြောချင်၍ ပါးစပ်တပြင်ပြင် ရှိသော်လည်း သူ မုန်းသွား



www.burmeseclassic.com

www.burmeseclassic.com



မှာကို ကြောက်သည်နှင့်ပင် စိတ်လျှော့ရသည်ကလည်း အကြိမ်ကြိမ်ပင် ရှိနေပြီ။

“အချစ် ... တို့စိတ်ထဲမှာ ထူးဆန်းတယ်လို့ထင်တာတွေ ရှိတယ်”

“ဟုတ်လား ဦးထန်၊ ဘာတွေများလဲ”

“အချစ်နဲ့ တို့ အခုအချိန်အထိ ဘယ်တော့မှ အလုပ်ဆင်းရင် မဆုံဖြစ်ကြဘူးနော်”

“ဪ ... ဦးထန်ကလည်း ဘာထူးဆန်းလို့လဲ၊ ဦးထန်တို့က ညနေ(၅)နာရီ ရုံးဆင်းတယ်၊ အချစ်တို့က ည(၇)နာရီအထိ ဝင်ရတာလေ”

“ထားတော့၊ အချစ် ဘာလို့ တို့စောင့်နေမယ်၊ လိုက်ပို့ပေးမယ်လို့ပြောတိုင်း ငြင်းရတာလဲ၊ ပြီးတော့ ပြီးခဲ့တဲ့ ကြာသပတေးနေ့က အလုပ်တွေကျလို့ တို့(၇)နာရီမှရုံးဆင်းတယ်၊ ဆိုင်ကိုလာတော့ အချစ်(၅)နာရီတည်းက ပြန်သွားတာတဲ့၊ ဘာလို့ တို့ ညနေရုံးဆင်းချိန်တိုင်း လွဲနေရတာလဲ”



ချိုရီ ပြန်မဖြေမိပါ။ ထန်က ကြာရင်တော့ ရိပ်မိလာနိုင်တယ်ဆိုတာ သိပြီးဖြစ်သည်။ အိမ်က အကြွေးလွှတ်သည့်တစ်ခါတစ်ရံ မေမေကိုယ်တိုင် ဝင်ခေါ်သည့်ကားပေါ် သူမပါသွားတာကို သူ့ကိုမမြင်စေလိုပါ။

ကျောင်းတက်တော့လည်း တနင်္ဂနွေ တစ်ရက်ဆိုလိုက်မပို့ဖို့နှင့် လာမကြိုဖို့ အကြောက်အကန် ပြောတတ်သောသူမကို မေမေကလည်း မသင်္ကာတော့။

ကြည့်နေသည့် ရုပ်ရှင်ထဲတွင် ချိုရီ စိတ်မဝင်စားနိုင်တော့ပါ။ ချိုရီ ထန့်ကို ဒီထက်ပိုပြီး မဖုံးထားချင်တော့။ ဒီနေ့အားလုံးကို ဖွင့်ချပစ်မည်။ ပြီးတော့ သူပေးတဲ့အပြစ်ဒဏ်ကိုခံမည်။ နို့မို့ ချိုရီ ပင်ပန်းလွန်းလို့ ရူးသွားနိုင်သည်။

ထန်သည် အမှောင်ထဲမှာမို့ အချစ်မျက်နှာပေါ်က အရောင်ကို မဖတ်နိုင်ခဲ့ပါ။ သေချာတာကတော့ အချစ်မှာ သူ့ကိုလျှို့ဝှက်ထားသော ကိစ္စတစ်ခုတော့ ရှိနေသည်။

သူမ မပြောချင်သောကိစ္စမို့ သူအလိုက်သိစွာ ဆက်၍မမေးတော့ပါ။ သူ့ကို သူမလေး တကယ်ချစ်သည်ဆိုတာကိုတော့ သူ အကြွင်းမဲ့ ယုံကြည်ပါသည်။ ချိုရီသည် ထန့်ပခုံးပေါ်

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းမို့ပြီး ရုပ်ရှင်ကို ဆက်ကြည့်နေသည်။ စိတ်ထဲမှာတော့ သူ့ပြောမည့် စကားလုံးတွေ စီလို့ပေါ့။

ရုပ်ရှင်ရုံက ထွက်လာတော့ အဲယားကွန်းကြောင့် အေးစက်နေသော ချိုရီ့လက်လေးတွေကို ထန်က သူ့လက်များဖြင့် ဆုပ်နယ်ပေးနေသည်။

"ဟော့ ချိုရီ ... ရုပ်ရှင်လာကြည့်တာလား"

ချိုရီသည် သူမနာမည်ကို ဘေးနားကပ်ပြီး အခေါ်ခံလိုက်ရတာမို့ လန့်ဖျပ်သွားလေသည်။ ကြည့်လိုက်တော့ ကိုကိုကြီး။ သူ့နောက်နားမှာတော့ ယုသံစဉ်။

"ဟာင် ... ထန်"

ယုသံစဉ်သည် ထန့်ကို ကိုသက်ညီမလေး ဝိုင်ချိုရီနှင့် ပူးကပ်စွာ တွေ့လိုက်ရတာမို့ အရမ်းကို အံ့ဩသွားမိသည်။

"အချစ် ... သူက ဘယ်သူလဲ"

ဒီနေ့ဟာ သူမ၏နောက်ဆုံးနေ့မှန်း ကောင်းကောင်းသိလိုက်ရ၏။

"ချိုရီ ... သူက ဘယ်သူလဲ နင့်ဘဲလား၊ ငါ့ညီမတောင် ရည်းစားထားတတ်နေပြီပဲ၊ သံစဉ် လာလေ"





ယုသံစဉ်က နေရာမှမရွေ့သဖြင့် ကိုသက်က လှမ်းခေါ်လိုက်၏။

"ဟာင် ... ယု"

ထန်သည် သူ့ကို တအံ့တဩကြည့်နေသော ယုသံစဉ်ကို တွေ့လိုက်တာမို့ မျက်နှာပျက်သွားမိသည်။

"သံစဉ် ... ဒါ ကိုသက် ပြောပြောနေတဲ့ ကိုယ်တို့ရဲ့မြားနတ်မယ်လေး ဝိုင်ချိုရီလေ"

ချိုရီ ခေါင်းကိုငုံ့ထားမိသည်။ ထန်၏စူးရဲသောအကြည့်ကို ရင်မဆိုင်ရဲပါ။

ထန်က ဝိုင်ချိုရီဟုခေါ်သော ကောင်မလေးကို ဓေ့ဓေ့ကြည့်လိုက်သည်။ ရှက်စရာပဲ ကိုယ်နဲ့ချစ်နေတဲ့ ကောင်မလေးရဲ့နာမည်အရင်းကိုတောင် မသိရတဲ့ အဖြစ်ပါလား။ မင်း သိပ်ရက်စက်တယ် အချစ်။

မင်း ငါ့ကို ဘာကြောင့် လှည့်စားခဲ့ရတာလဲ။ ထန် အံကိုတင်းတင်းကြိတ်ရင်း လှည့်ထွက်သွားသည်။

"ထန် ... ထန် ... ဦးထန်"



www.burmeseclassic.com

www.burmeseclassic.com



ချိုရီသည် ခြေလှမ်းကျဲကြီးတွေနှင့် ထွက်သွားသော ထန့်နောက်သို့ အပြေးလိုက်သွားလေသည်။ ကိုသက်နှင့် ယုသံစဉ် ကတော့ သူတို့ ဘာဖြစ်သွားကြလဲဆိုတာ လုံးဝနားမလည်နိုင်ပါ။

ချိုရီ ထန်နဲ့အမီ လိုက်ခဲ့ကာ Juction မော်တင် ကားပါကင်ထဲက သူ့ကားလေးထဲကို အမောတကောနှင့် ကား တံခါးဆွဲဖွင့် ဝင်ထိုင်လိုက်သည်။

"ပြောပါဦး ဝိုင်ချိုရီ ခေါ် အချစ်၊ ဒီကိစ္စ ဘယ်လိုဖြစ်ရ တာလဲ"

ချိုရီက ထန့်၏ဒေါသမျက်ဝန်းကို မခံနိုင်စွာ ခေါင်းငုံ့ လိုက်သည်။ ပြီးတော့ ဓာတ်လမ်းအစကနေအဆုံး တစ်လုံးမကျန် ပြောပြနေမိသည်။

ချိုရီအဆုံးသတ်တော့ ထန်က ခြောက်ကပ်ကပ်နှင့် ရယ်သည်။ ကောင်မငယ်ငယ်လေးတစ်ယောက်၏ လှည့်စားတာ ကို မရှုမလှကြီး ခံလိုက်ရတာပဲ။

"အချစ် ဦးထန်ကို တကယ် ရင်ထဲက ချစ်တာပါ"

"မင်းပါးစပ်ကို ပိတ်ထားစမ်း ဝိုင်ချိုရီ၊ မင်း ငါ့ဆီကနေ မေတ္တာတွေ၊ အချစ်တွေကို နည်းမျိုးစုံနဲ့ လိမ်ညာယူခဲ့တာ"





"မဟုတ်ဘူး ဦးထန်၊ ဦးထန် စွပ်စွဲသလို မဟုတ်ဘူး၊ ဦးထန် မုန်းသွားမှာစိုးလို့ အချစ် မပြောရဲခဲ့တာ"

"ဟား ဟား ... သိပ်ကောင်းတဲ့ စကားလေးပဲ၊ မင်းအစ်ကို နဲ့ မတွေ့ခဲ့ဖူးဆိုရင် မင်း ငါ့ကိုဘယ်အချိန်ထိ ဆက်လိမ် ထားမှာလဲ၊ တစ်နှစ်လား၊ နှစ်နှစ်လား၊ ဟင် ... မင်းပြောလေ"

"ငါ့မှာတော့ ငါတို့နှစ်ယောက် အနာဂတ်အတွက် စိတ် ကူးတွေယဉ်ထားလိုက်ရတာ၊ အစစအရာရာ မင်းမျက်နှာ ငယ်မှာစိုးလို့ အလိုလိုက်ခဲ့ရတာ၊ မင်းကတော့ နောက်ကွယ် မှာ ငါ့ကို ငတုံးကောင်ဆိုပြီး ဟားတိုက်ပြီး ရယ်နေမှာပဲ"

"ဦးထန် ကြိုက်သလိုပြောပါ၊ ဒါပေမဲ့ ဦးထန် သိထားရ မှာက အချစ်က ဦးထန်ကို အသက်တမျှ ချစ်ပါတယ်"

"သွားစမ်းပါ၊ ငါ လုံးဝမယုံတော့ဘူး၊ မင်းက သိပ်ကြောက် စရာကောင်းတဲ့ အဆိပ်ပြင်းတဲ့ ဝိုင်တစ်ခွက်ပဲ"

"ဦးထန် အချစ်ကို ကြိုက်တဲ့အပြစ်ပေးပါ"

"မင်း ငါ့ရှေ့မှာ ဘယ်တော့မှ ပြန်မပေါ်လာပါနဲ့ ဝိုင်ချိုရီ"

ထန်က မေးကြောများထောင်ပြီး အံတင်းတင်းကြိတ် ကာ တစ်လုံးချင်း ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ချိုရီ့အသည်းတွေ တစ်စစီပဲ့ကြွေသွားသည်။ ဒီထက် ပြင်းထန်တဲ့အပြစ်ဒဏ် ရှိတော့မည်မဟုတ်ပါ။ ချိုရီ ခေါင်းငိုက် စိုက်ချထားမိသည်။ ဒီလိုပဲ ဖြစ်လာလိမ့်မည်ဆိုတာ သိထားနှင့်ပြီး သားပါ။ တကယ်လက်တွေ့မှာတော့ ထန့်ရဲ့ရာဇသံက သံရည်ပူ နယ်နားထဲသို့ ပူလောင်စွာ စီးဝင်လာပြီး နလုံးသားကို လောင် မြိုက်စေပါသည်။

ချိုရီသည် ထန့်ကို နောက်ဆုံးကြည့်ခြင်းအနေနဲ့ တစ်ချက်ကြည့်လိုက်သည်။ ဖြူဝင်းသော သူ့မျက်နှာက ဒေါသ စိတ်ကြောင့်လား၊ ရှက်စိတ်ကြောင့်လားမသိ ရဲရဲနီနေသည်။ သူ့ မျက်ဝန်းမှာ မျက်ရည်စတွေ ရှိနေကြသည်။

ခွင့်လွှတ်ပါ ချစ်သူ။ ချစ်သူရဲ့အမိန့်ကို တစ်သဝေ မတိမ်း နာခံပါ့မယ်။ ဘယ်သောအခါမှ ချစ်သူရှေ့မှောက် ရောက် မလာစေရပါဘူး။ ဒါဟာ ချစ်သူကို လှည့်စားမိခဲ့တဲ့အပြစ်အတွက် ချိုရီ ကတိပေးလိုက်တာပါ။ ချိုရီသည် ကားတံခါးဖွင့်ကာ ဆင်း လိုက်ရင်း ဦးထန်နှင့် ဝေးရာဘက်သို့ လျှောက်နေမိသည်။





## ၂၆

ထိုနေ့ပြီး နောက်တစ်နေ့မှစ၍ အချစ်ဟုခေါ်သော waitress ငယ်ငယ်လေးတစ်ယောက် မြေနီကုန်း white heart က ပျောက်ကွယ်သွားခဲ့လေသည်၊ ထို့အတူ ထန်ဟုခေါ်သော ဗိသုကာ အင်ဂျင်နီယာကောင်လေးတစ်ယောက်သည်လည်း white heart နှင့် ကင်းကွာသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်ချူရီသည် မြေနီကုန်း white herat မှလွဲ၍ တခြား white heart ဆိုင်ခွဲများတွင် သွားရောက်နေထိုင်ခဲ့ပြီး၊ အရင်ကထက်ပိုပြီး တည်ငြိမ်လာကာ မိဘများအားကိုးရသည့် စီးပွားရေးတိုင်ပင်ဖော် တိုင်ပင်ဖက်ရသည့် မိန်းကလေးတစ်ယောက် ဖြစ်လာခဲ့သည်။

ဝိုင်ချူရီသည် ပန်းချီသင်တန်းနှင့် အခြားသင်တန်း မျိုးစုံလည်း တက်ရောက်နေသေးသည်။ ကိုယ့်ကိုယ်ကိုယ် လုံးဝ မနားမအားရအောင်ကို ခိုင်းထားမိသည်။ ဒါမှ ထန့်အကြောင်း မတွေးနိုင်မှာပေါ့။ သို့သော် ပန်းချီသင်တန်းတက်ရခြင်း၏ ရည် ရွယ်ချက်ကတော့ နှလုံးသားထဲမှာရှိနေသော ထန့်ပုံရိပ်ကို ရေးဆွဲ ချင်၍ဖြစ်သည်။ လူပုံတူပန်းချီ (portrait)ကို အဓိကထား သင် ကြားခဲ့လေသည်။ အခုဆို ထန့်ပုံကို တော်တော်တူအောင် ဆွဲတတ် ခဲ့သည်။

ထန့်ကိုသတိရတိုင်း ထန့်ပုံတူပန်းချီကားတစ်ချပ် ဆွဲမိသည်။ ထန့်အကြောင်းကို ခွေသက်မွှန်နဲ့ ထူးတို့ဆီကကြား ရတိုင်း မျက်ရည်ချက်ချင်းကျတတ်တာမို့ နောက်ပိုင်း ထူးနဲ့ ခွေသက်မွှန်က ထန့်အကြောင်း သူမရှေ့တွင် ဘာမှမပြောရန် ဆင်ခြင်နေကြသည်။





ဒီနေ့ မိုးရွာနေသည်။ ချူရီလည်း နေလို့သိပ်မကောင်း တာမို့ ဆိုင်မသွားဖြစ်ခဲ့။ သူမအခန်း မှန်ပြတင်းမှာ အပြင်က မိုးသည်းသည်းရွာနေသည်ကို ငေးကြည့်နေမိသည်။ ဘာကြောင့် ရယ်မသိ ထန့်ကို အရမ်းလွမ်းမိသည်။

ထန့်ကိုမေ့နိုင်ဖို့ ကြိုးစားရတာလောက် ဘယ်အရာမှ ပင်ပန်းမှာ မဟုတ်ပါဘူး။ ထန့်ပုံတူပန်းချီကားလေးတစ်ချပ် ဆွဲ မိပြန်သည်။ ဆွဲနေရင်းနှင့် ချူရီ့မျက်လုံးတွေဝါးကာ မျက်ရည် တစ်စက် ထန့်ပုံပေါ် ကျသွားသည်။

ဖုန်းမြည်သံကြားတာမို့ ချူရီ ခဲတံကို အသာချလို့ ဖုန်းကိုင်လိုက်သည်။ ဆက်တဲ့သူက သူငယ်ချင်း ခွေသက်။

"ချူရီ ... ဆိုင်ကို ဖုန်းဆက်သေးတယ်၊ နင် ဆိုင်မလာ ဘူးဆိုလို့ ဟန်းဖုန်းကို ဆက်လိုက်တာ"

"အေး ... သူငယ်ချင်း၊ ဘာပြောမလို့လဲ"

တစ်ဖက်က အသံတွေမှု တိတ်နေတာမို့ ချူရီ စိတ်ပူသွားမိသည်။ ထန်များ တစ်ခုခု ဖြစ်နေပြီလား။

"နင့်ကို မငိုနဲ့လို့ပြောလည်း နင် ငိုမှာပဲ ချူရီ၊ နင့်ရဲ့ဦးထန် အိမ်ထောင်ပြုတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်"

ချိုရီ ဒီတစ်လုံးသာ ပြောနိုင်ပါသည်။ ထန်များ တစ်နေ့ သူမဆီ စိတ်ပြန်လည်မလားလို့ တိတ်တဆိတ် မျှော်လင့်မိသော မျှော်လင့်ချက်အလင်းရောင်လေး အမှောင်ကျသွားလေသည်။

"ဘယ်သူနဲ့လဲဟင် ဆွေသက်"

ချိုရီသည် အသံကို အသာထိန်းရင်း မေးလိုက်သည်။

"ဆရာဝန်မတစ်ယောက်တဲ့ဟာ၊ ထူး ပြောတာပဲ၊ တော်တော်ချောပြီး သဘောကောင်းတယ်တဲ့"

"ကောင်းပါတယ်ဟာ၊ သူ လိုချင်တဲ့ အစစအရာရာ ပြည့်စုံတဲ့ မိန်းမတစ်ယောက်မို့ ငါ သူ့အတွက် ဝမ်းသာပါတယ်"

"ထူးက နင့်ကို ပြန်မပြောဖို့ ငါ့ကိုတားထားတယ်၊ နင် အရမ်းခံစားသွားရမှာ စိုးလို့တဲ့"

"ဟောအေး ... နင် ပြောပြတာကို ငါ အရမ်းကျေးဇူးတင်တာပါဟာ၊ ဒါပဲနော် ဆွေသက်"





ချိုရီသည် ဖုန်းကို ချက်ချင်းချပစ်လိုက်ရင်း အိပ်ရာထက်တွင် အားလျားမှောက်၍ ရှိုက်ကြီးတငင် ငိုကြွေးမိပါသည်။ ဒီဘဝတော့ ဒီမျှပေါ့ ဦးထန်ရယ်။ ဦးထန်ကိုပေးခဲ့တဲ့ ကတိကြောင့် အချစ် ဦးထန်ကို နောက်ဆုံးအနေနဲ့ မြင်ချင်မိပေမယ့် မဖြစ်နိုင်ဘူးလေ။ လက်ဖွဲ့တော့ ဆွေသက်ကနေတစ်ဆင့် ရောက်အောင် ပို့ပေးမှာပါ။ ချစ်တဲ့ဦးထန် သာယာပျော်ရွှင်ဖွယ်ကောင်းတဲ့ အိမ်ထောင်တစ်ခုကို အောင်မြင်စွာ တည်ဆောက်နိုင်ပါစေ။

အပြင်ကမိုးတွေက တဖြည်းဖြည်းနှင့် သည်းလာပါသည်။ ချိုရီ့မျက်ရည်တွေကလည်း အပြင်ကမိုးနှင့်အပြိုင်အဆိုင်၊ နာရီကြာမြင့်စွာငိုပြီး ချိုရီမောကာ အိပ်ပျော်သွားသည်။

အိပ်မက်ထဲတွင် ထန်ရှိသည်။ ဟိုအရင်ကလို ပြုံးချိုသောမျက်နှာလေးနှင့် ချိုရီ့ကို ချစ်ကြည်စွာ ငေးစိုက်ကြည့်နေသည်။ ချိုရီ သူ့အနားသို့ အပြေးလေးသွားပြီး သူ့မျက်နှာလေးကို သူ့ရှေ့တည့်တည့်ကထိုင်ကာ ငေးနေမိသည်။ ရုတ်တရက် ဦးထန် ချိုရီ့ရှေ့မှ ပျောက်သွားသည်။

"ဦးထန် ..."



www.burmeseclassic.com

www.burmeseclassic.com



ချိုရီ အသံကုန် အော်ဟစ်လိုက်သည်။ အပြင်မှာ မိုးစဲနေပြီ။ မှောင်စလည်းပြုနေသည်။ ချိုရီသည် ဦးထန်ကို အိပ်မက်ထဲတွင် တွေ့လိုက်ရသဖြင့် နှာကျင်ကြေကွဲစွာ ပြုံးနေမိသည်။ အိပ်မက်ထဲကို မကြာမကြာ လာလည်ပါလား ဦးထန်ရယ်။

○❦○

ဝေဖန်စာ၊ အကြံပြုစာ၊ ဓိတ်ဆောက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။





❦ ၂၇ ❦

"ထန် ... ငါ သတိထားမိတာကြာပြီ၊ မင်း white heart က ကောင်မလေးနဲ့ အဆင်မပြေဘူးလား၊ ငါတို့ အဲဒီဆိုင်ကိုသွားဖို့ခေါ်တိုင်း မင်း အကြောင်းတစ်ခုခုပြပြီး ငြင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုမျိုးထွန်းရဲ့အမေးစကားကို ထန် ပြန်မဖြေမိပါ။ သူမ white heart မှာ မရှိတော့တာတော့ သူ အတပ်ပြောရဲပါသည်။ ကောင်မငယ်ငယ်လေးတစ်ယောက်၏ အလှည့်စားခံရတာကို တွေးမိတိုင်း အသည်းနာလှသည်။

"ဘာဖြစ်လို့လဲ ထန်၊ အဲဒီကောင်မလေးကို လက်တွဲဖို့ သတ္တိမရှိလို့လား"

ကိုသက်နိုင်ရဲ့စကားက သူ့မျက်နှာပေါ်တွင် မဲပြုံးလေးတစ်ခု ဖြစ်ပေါ်သွားစေသည်။

သိပ်သတ္တိရှိတာပေါ့၊ ဘဝတစ်ခုလုံးအတွက် ရည်ရွယ်ပြီး သူမကို ချစ်ခဲ့တာပါ။ နိမ့်ပါးတဲ့သူမဘဝလေးကို မြှင့်တင်ကူညီပေးမလိုစိတ် အပြည့်ရှိခဲ့ပါတယ်။ ဒါကို white heart ရဲ့ အရှင်သခင်မလေးကတော့ လှောင်ရယ် ရယ်နေမှာပဲ။

"သတ္တိမရှိခဲ့ဘူး၊ သူက တကယ့် watiress မဟုတ်ဘူးလေ။ white heart ပိုင်ရှင်ရဲ့သမီးပဲ"

"ဟေ"

ကိုသက်နိုင်ရော၊ ကိုမျိုးထွန်းပါ သူ့စကားကြောင့် အံ့အားသင့်သွားကြသည်။ ထန် သူတို့များက ထထွက်လာခဲ့သည်။





သူတို့ပေးမည့် မှတ်ချက်တွေကို သူ မကြားချင်တော့ပါ။ သူမကို မေ့ပစ်ဖို့ သူ ကြိုးစားနေခဲ့သော်လည်း အခုအချိန်အထိတော့ မအောင်မြင်သေးပါ။

"ထန် ... ဒါတွေအားလုံးရဲ့တရားခံဟာ ညီပါပဲ။ ဒါပေမဲ့ ထန် ဒီလိုအကြာကြီး ညီ့ကို စကားမပြောတာ ညီဆက်ပြီး သည်းမခံနိုင်တော့ဘူး။ ရှိုရီကလည်း ထန့်ကိုပြောပြဖို့ ကြိုးစားပါသေးတယ်။ ထန်က မရှိးသားတာဆို သိပ်မုန်းတယ်လို့ ညီပြောလို့ သူလည်း ထန် မုန်းသွားမှာစိုးလို့ မပြောရဲခဲ့တာပါ"

"အော်ဟော် ... ပြောပြဖို့ အစီအစဉ် ရှိသေးတယ်ပေါ့။ မင်း ငါ့အခန်းထဲက ထွက်သွားပါ ထူး၊ ငါ အခုဘယ်သူနဲ့မှ စကားမပြောချင်ဘူး"

"ဒီနေ့တော့ ညီ ထန့်ကို ပြောစရာရှိတာ ပြောရမှာပဲ။ ညီ ထန်နဲ့ရှိုရီ တစ်ယောက်ကိုတစ်ယောက် ဘယ်လောက်ချစ်တယ်ဆိုတာ သိနေတယ်။ ရှိုရီ လှည့်စားခဲ့တာကိုပဲတွေးပြီး ဒေါသထွက်မနေပါနဲ့ ထန်၊ သူ ထန့်ကို ဘယ်လောက်ချစ်တယ်ဆိုတာလေးပါ တွေးပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းပါးစပ်ပိတ်ပြီး ငါ့အခန်းထဲက ထွက်သွားလိုက်ပါ ထူး"

ထန်သည် ဆက်မကြားနိုင်တော့ဟန်ဖြင့် ထူးကို အော်လိုက်သည်။ ငါ မင်းကိုမေ့ပစ်လိုက်ချင်တယ် ဝိုင်ချိုရီရယ်။

ထန်သည် ဝိုင်ချိုရီနှင့် ဝေးသွားပြီးကတည်းက စက်ရုပ်တစ်ရုပ်လို ပြန်ဖြစ်သွားတော့သည်။ အချိန်မှန် အလုပ်သွား အလုပ်ပြန်၊ အိမ်ရောက်လျှင်လည်း သူ့အခန်းထဲတွင် စာဖတ်၊ ကွန်ပျူတာကိုင်နှင့် စကားလည်း သိပ်မပြောတော့ပေ။

"ထန် ... မိဘတွေသဘောတူထားတဲ့ လူတစ်ယောက်နဲ့ ချိုရီ အိမ်ထောင်ပြုတော့မယ်။ သူ့မိဘတွေက သူ့ကို စိတ်မချလို့ စိတ်ချရတဲ့ ယောက်ျားတစ်ယောက်နဲ့ အိမ်ထောင်ပြုပေးဖို့ စီစဉ်ကြတာတဲ့"

"ဪ"

ထန်သည် မမျှော်လင့်သော စကားကြောင့် ရင်ထဲတွင် နာကျင်သွားကာ ခပ်တိုးတိုး ဆိုမိသည်။

"ထန် စိတ်မဝင်စားဘူး ဆိုတာတော့ သိပါတယ်၊ ဒါပေမဲ့ ထန် သိထားသင့်တယ်ထင်လို့ ပြောပြတာပါ"





ထန့်ရင်ထဲတွင် ဟာတာတာကြီးခံစားရကာ မျက်ဝန်းထဲတွင် သူမနှင့်အတူ ပျော်ရွှင်ခဲ့ဖူးသော ကာလတစ်ခုကို ပြန်မြင်ယောင်မိသည်။

ငါ မင်းကိုလွမ်းတယ် ဝိုင်ချိုရီ၊ ငါတို့ရဲ့တစ်ခန်းရပ်ဇာတ်လမ်းလေးက ပြီးဆုံးသွားပေမယ့် ဇာတ်လမ်းထဲက သရုပ်ဆောင်မင်းသမီးလေးမင်းရဲ့ အသက်ဝင်တဲ့သရုပ်ဆောင်ချက်တွေကို ငါ့ရင်ထဲ နှလုံးသားထဲက မေ့ပစ်လို့မရခဲ့ဘူး။

ထန်ယောက်ျားတန်မဲ့ မျက်ရည်ကျမိသည်။ ငါတို့နှစ်ယောက် ရိုးသားစွာ ဆုံခဲ့ကြရင် သိပ်ကောင်းမှာပဲ။ ထန် နာနာကျင်ကျင် တွေးမိလိုက်သည်။

ထိုနေ့နောက်ပိုင်းမှစ၍ ထန်သည် ဝိုင်ချိုရီနှင့်ဆုံစည်းခဲ့ရာ white heart ဆိုင်လေးသို့ တစ်ဖန်ရောက်ရှိသွားပြန်သည်။ ဆိုင်မှာ သူမ မရှိတော့ပေမင့် ဆိုင်ထဲကို သူရောက်တိုင်း သူမအငွေ့အသက်လေးတွေကို သူ ခံစားမိသည်။

သူမှာထားသည့် စားစရာသောက်စရာတို့ကို ဆိုင်က waitress ကောင်မလေးတစ်ယောက်က လာချပေးသည်။ သူ့ကိုလာချပေးသော ထိုကောင်မလေး၏ လက်တစ်စုံကို ကြည့်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါ အချစ်ရဲ့လက်တစ်စုံသာ ဖြစ်ခဲ့မယ်ဆို ဘယ်လောက်ကောင်းမလဲ။

အခုအချိန်ဆို အချစ် ဘာလုပ်နေမလဲ။ သူ့ကိုသတိရနေမှာလား။ မိဘတွေ သဘောတူသည့် လူတစ်ယောက်နှင့် စကားလက်ဆုံကျနေမှာလား။ အချစ်က သူ့ကို အချိန်တိုင်းစိုးမိုးထားလေသည်။

"သနားပါတယ်နော်၊ သူ ချိုရီလေးကို သတိရနေတာလား မသိဘူး"

ထွက်သွားသော ထန့်ကိုကြည့်ရင်း မမိုးက ဦးထွေးကို ပြောလိုက်သည်။ ဦးထွေးက စိတ်မသက်မသာဖြင့် ခေါင်းခါ၍နေသည်။





## ၂၀

ဦးထန်တို့အရင် ကိုကိုကြီးနှင့် ယုသံစဉ် မင်္ဂလာဆောင်ကြသည်။ ချိုရီက သတို့သမီးအရံလည်း မလုပ်ပါ။ ပန်းလည်းမကြိုပဲ၊ လက်ဖွဲ့နေရာတွင်လည်း မထိုင်ပါ။ အဘယ်ကြောင့်ဆိုသော် အကယ်၍များ ထန် ဒီမင်္ဂလာပွဲကိုလာခဲ့လျှင် ထန်ရှေ့တွင် သူမရောက်နေမှာ စိုးသောကြောင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကိစ္စကို အစ,အဆုံး သိသွားကြသော မမတို့က ချိုရီ့ကို သနားသည့်အကြည့်နှင့် ကြည့်ကြသည်။ မသိသည့်လူတွေကတော့ ချိုရီ့ကို ကတ်သည်ဟုဆိုကာ စိတ်ဆိုးကြသည်။ ချိုရီကတော့ ထန့်ကို ခေတ္တမျှတွေ့နိုင်မည့် အခွင့်အရေးလေးကို လက်လွှတ်မခံနိုင်ဘဲ အထဲက ထောင့်စားပွဲတစ်ခုတွင် မျက်စိကို အရှင်ထားကာ ဝင်လာသောဧည့်သည်တို့ကို မျက်ခြည်မပြတ် ကြည့်နေမိပါသည်။

ရုတ်တရက် မျက်လုံးထဲသို့ လိုက်ဖက်ညီသော စုံတွဲတစ်တွဲ ဝင်လာတာကို တွေ့ရသည်။ ဦးထန်နှင့် သူ့ဇနီးလောင်းပေါ့။ ချိုရီသည် ဖျတ်ခနဲ ကျောပေးထိုင်နေလိုက်သည်။ ချိုရီ့နှလုံးသားတွေ တဆတ်ဆတ် တုန်နေသည်။ ချိုရီ ဒီဘက်ကို လုံးဝလှည့်မကြည့်ရဲပါ။ မမျှော်လင့်ဘဲ ထန်နှင့် မျက်နှာချင်းဆိုင်ဖြစ်သွားမှာစိုး၍လေ။

သူ့ဘေးနားက မမက တော်တော်လှသည်။ သူတို့နှစ်ယောက် တော်တော်လည်း လိုက်ကြသည်။ ချိုရီသည် ဒီလိုပုံစံမျိုးဖြင့် ဘယ်လောက်ကြာအောင် နေရဦးမည်မသိသောကြောင့် စိတ်အိုက်လာသည်။



"ဟဲ့ ... ချိုရီ၊ ဘာထိုင်လုပ်နေတာလဲ၊ ဧည့်သည်တွေထိုင်ဖို့နေရာကို ဟိုလက်ဖွဲ့နေရာမှာ သွားနေလေ"

ကိုသွေးက ချိုရီ့နားလာပြီး အလိုက်မသိစွာပြောတာမို့ ချိုရီ နေရာက ဆတ်ခနဲထရပ်ကာ အောက်မှာခင်းထားသော ကတ္တီပါကော်ဇောကိုသာကြည့်ပြီး စိုက်စိုက် စိုက်စိုက်နှင့် လျှောက်လာသည်။ ခန်းမဝင်ပေါက်နားရောက်မှ အသက်ရှူချောင်သွားတော့သည်။

သူလည်း ချိုရီ့ကိုတွေ့မည်မထင်ပါ။ ချိုရီပြန်မှဖြစ်တော့မည်။ ဒီထက်ကြာကြာပိုနေရင် သူတို့ထွက်လာတာနှင့်တိုးရင် မခက်ပါလား။ ဒီနေ့ သူ့မျက်နှာလေးကို ချိုရီ မြင်ရတဲ့အတွက် အရမ်းကျေနပ်မိသည်။ ဒီလောက်ပါပဲ နောက်ဆို သူများယောကျ်ားဖြစ်တော့မှာမို့ ဒီလိုစိတ်မျိုးရှိလျှင် ငရဲကြီးနိုင်သည်။

"မမကို ... ချိုရီလေ နေသိပ်မကောင်းလို့ အိမ်ပြန်ချင်လို့"

"ချိုရီတို့ကတော့လုပ်ပြီ။ သော့က မာမီလေးဆီမှာ မဟုတ်လား"

"ရတယ်၊ အထဲမှာ သွားမယူတော့ဘူး၊ ချိုရီ ဆိုင်ကိုပဲသွားလိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ချိုရီသည် Sedona Hotle ထဲက ခပ်သုတ်သုတ် ထွက်လာလေသည်။ ပြီးမှ တစ်ခုခုကို သတိရဟန်ဖြင့် လက်ဖွဲ့ လက်ခံနေရာသို့ ပြန်လျှောက်လာသည်။

"ဘာတွေဖြစ်နေတာလဲ ချိုရီ"

မေကိုက ညီမဖြစ်သူကို မျက်စိနောက်ဟန်ဖြင့်ပြော လိုက်သည်။

"မမကို ... ချိုရီ့ကို ကူညီပါ"

ချိုရီသည် ပြောလည်းပြော ဘယ်ဘက်လက်ခလယ် တွင် ဝတ်ထားသော လက်စွပ်လေးကိုချွတ်လိုက်ကာ လက်ဖွဲ့စာရင်း ရေးသောစာအုပ် နောက်ကျောစာရွက်ကိုဖြဲ၍ ခပ်သော့သော့ စာ လေးတစ်ကြောင်း ရေးလိုက်သည်။

"ရော့ ... မမကို၊ အရမ်းချောတဲ့စုံတွဲတစ်တွဲလေ၊ အစ်မကြီး က ခရမ်းရောင်ဝမ်းဆက်နဲ့ အစ်ကိုကြီးက အင်္ကျီအဖြူ လက်ရှည်နဲ့လေ၊ သူ့ကို ပေးပေးပါနော်"

"အဲဒီလူက နင့်ရဲ့ထန် မဟုတ်လား၊ ဒီလူက ကြောင်ပဲ၊ နှစ်ယောက်လာတာကို လက်ဖွဲ့နှစ်ခု၊ သူ့နာမည်နဲ့တစ်ခု၊ ကောင်မလေးနာမည်နဲ့တစ်ခုနဲ့၊ ဘာကြီးလဲ မသိဘူး"

"အင်းပါ ... ဘယ်လိုပဲဖြစ်ဖြစ် သွားပေးပေးပါ"





"ချိုရီတို့ကတော့ အလုပ်ကိုရှုပ်နေတာပဲ"

မေကိုက ပြောဆိုပြီး ထလိုက်သည်။ ချိုရီကတော့ ခပ်သွက်သွက်လေး ထွက်လာခဲ့သည်။ ဒီလက်စွပ်ပိုင်ရှင်အစစ် အမှန်က ဦးထန်ရဲ့ဇနီးလောင်းပဲ ဖြစ်သင့်တာ မဟုတ်လား။ ချိုရီက ဘာလို့ ကြားထဲက အချောင်ယူထားရမှာလဲ။

ချိုရီသည် တက္ကစီတစ်စီးငှားပြီး မြေနီကုန်းက white heart သို့ သွားခဲ့သည်။ ဒီဆိုင်ကို ထန် လာမှာမဟုတ်တာ သေချာသည်ပဲ။ သူမကတော့ ဆိုင်ကဝန်ထမ်းတွေကို လွမ်းတာ ရော၊ အချစ်ဆိုသည့်အရာနှင့် စတင်ရင်းနှီးခဲ့သော ဒီဆိုင်လေးကို လွမ်းတာရောနှင့် သွားဖို့ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

"ဒီမှာရှင့် ... ရှင့်ကို ကောင်မလေးတစ်ယောက် ပေးခိုင်းလို့"

မေကိုသည် ညီမလေးဆွဲထားသော ပုံတူပန်းချီကား ထဲမှလူနှင့် ချွတ်စွပ်နီးပါးတူသော ထို ထန်ဆိုသောလူကို ခပ်တည် တည်မျက်နှာလေးနှင့်ကြည့်ကာ ချိုရီပေးခိုင်းသော စာနှင့်လက်စွပ် ကို ပေးလိုက်သည်။

လက်စွပ်ကိုမြင်တော့ ထန် မျက်နှာပျက်သွားသည်။ စာကိုဖတ်လိုက်တော့ ပို၍ပျက်ယွင်းသွားသည်။ စာလေးက တစ် ကြောင်းတည်း။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလက်စွပ်လေးကို ဖူးစာရှင်ရဲ့လက်မှာ စွပ်ပေးလိုက်ပါ"

တဲ့ ...။

ကြည့်ရတာ သူနှင့် မေယွန်းကို သူမလေး တလွဲ ထင်သွားတာဖြစ်မည်။ သူ ဟိုဟိုဒီဒီ လျှောက်ကြည့်လိုက်သည်။ ထူးဆီက ချိုရီ ဒီမင်္ဂလာပွဲတွင်ရှိမည် ဟူသော သတင်းကြောင့် သူ ဒီကိုရောက်ခဲ့ခြင်းဖြစ်သည်။ မေယွန်းက ယုနဲ့ အထက်တန်းက တည်းက ခင်လာသော သူငယ်ချင်းဖြစ်ပြီး ယု မင်္ဂလာပွဲကိုသွားဖို့ အဖော်မရှိဟုဆိုကာ သူနှင့်လိုက်လာခဲ့တာလေ။

ထူးက သူမလေးအကြောင်းတွေ သူ့ကိုအမြဲသတင်း ပေးခဲ့သည်။ ထူးပြောပြမှ သူမလေး သူ့ကိုဖွင့်ပြောပြဖို့ ကြိုးစား ခဲ့မှန်း၊ သူ့အပေါ် တကယ်နှစ်နှစ်ကာကာ ချစ်မှန်း သေချာသိ လိုက်ရသည်။ သို့သော် အချစ်ကတော့ သူမပေးထားသည့်ကတိ အတိုင်း သူ့ရှေ့မှာ ပေါ်မလာခဲ့ပါ။

အချိန်တွေ ကြာလာလေ၊ သူမကိုချစ်သော အချစ် တို့၊ လွမ်းသောဒဏ်ရာတို့ နက်ရှိုင်းလေပင်။ သို့သော် အချိန် နှောင်းသွားပြီလေ။ မကြာခင်မှာပင် မိဘတွေ စီမံမှုဖြင့် သူမလေး သူ မဟုတ်တဲ့ တစ်ယောက်သောသူ ရင်ခွင်ဆီသွားရတော့မှာ မဟုတ်လား။





သူ့ရင်တွေ ကွဲအက်နာကျင်လို့နေပါသည်။

ဒီနေ့ နောက်ဆုံးအနေနှင့် သူမလေး၏မျက်နှာကို မြင်တွေ့ချင်၍ ရောက်ခဲ့သော်လည်း သူမလေး၏အရိပ်အယောင် တောင်မှ မမြင်ရဘဲ သူ မြတ်နိုးစွာ စွပ်ပေးခဲ့သည့် လက်စွပ်လေး ကို သူ့အစ်မတစ်ယောက်နှင့် ပေးခိုင်းခဲ့သည်။ ဖူးစာရှင်ကိုစွပ် ပေးပါတဲ့လေ။ ငါ မင်းကလွဲလို့ ဘယ်သူ့ကိုမှ မချစ်နိုင်တာ မင်း မသိလို့လား။ မသိချင်ယောင်ဆောင်တာလား ပိုင်ချိုရီလို့ ခေါ်တဲ့ ချစ်သူရယ်။

"ဟဲ့ ... ထန်၊ နင် ဘာဖြစ်နေတာလဲ"

မေယွန်းက မျက်နှာပျက်နေသော သူ့ကို အကဲခတ် ဟန်ဖြင့်ကြည့်နေသည်။

"ဘာမှမဖြစ်ပါဘူးဟာ"

စကားအဖြစ်သာ ပြောလိုက်သော်လည်း သူ့စိတ်ထဲ တွင်တော့ အချစ်ကို မြင်တွေ့လိုစိတ်တွေ တဖွားဖွား ပေါ်နေသည်။ မင်းကို ငါပြောခဲ့တာတွေ သိပ်လွန်သွားမှန်းသိပါတယ် အချစ်ရယ်။ ဘယ်လိုပဲဖြစ်ဖြစ် မင်း တခြားတစ်ယောက် ရင်ခွင်ဆီ အပြီးတိုင် မသွားခင် ငါ မင်းမျက်နှာလေးကိုကြည့်ပြီး တောင်းပန်ချင်ပါတယ်။ ထန်က ရုတ်တရက် မတ်တတ်ထရပ်လိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မေယွန်း … ငါ သွားစရာတစ်ခု အရေးတကြီးပေါ်လာလို့ နင့်ဘာသာနင်ပဲ ပြန်လိုက်တော့နော်"

"ဟဲ့ … နေပါဦး၊ ယုတို့ကို နှုတ်ဆက်သွားဦးလေ"

မေယွန်းအသံက သူ့နောက်ပါးတွင် ကျန်ခဲ့သည်။ လက်ဖွဲ့လက်ခံသည့်နေရာသို့ သူ ရောက်သွားသည်။ ခုနင်က လက်စွပ်လာပေးသော အချစ်၏အစ်မဖြစ်ဟန်ရှိသော ကောင်မလေးကို မေးလိုက်သည်။

"ညီမ … ဗိုင်ချိုရီ ဘယ်မှာလဲဟင်"

အလောတကြီး လာမေးသော ထို ထန်ဆိုသော သူ့ပုံစံက ချိုရီ့ကိုတအား တွေ့ချင်နေ သည့်ပုံ။

"ဆိုင်သွားဦးမယ်လို့တော့ ပြောသွားတာပဲ"

ထိုကောင်မလေး စကားဆုံးသည်နှင့် ထန်သည် သူ့ရှပ်ပါဆလွန်းအဖြူလေးနှင့် မြေနီကုန်းက white heart ရှိရာသို့ အရှိန်မြင့်မြင့်နှင့် မောင်းနှင်သွားသည်။

○ ❦ ○





## ၂၉

"ဟယ် … ချိုရီလေး"

ချိုရီ ဆိုင်မှန်တံခါး ဖွင့်ဝင်လိုက်စဉ်မှာပင် မချယ်ရီက လှမ်းတွေ့သွားကာ ဝမ်းသာအားရ အော်လိုက်တာမို့ တခြား ဝန်ထမ်းတွေပါ ချိုရီ့ကိုလှမ်းကြည့်ပြီး ဟာအံ့တသြနှင့် ပျော်ရွှင်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ချိုရီ ... ညည်း တော်တော်ရက်စက်တာပဲ၊ ဒီဘက်ကို တစ်ခေါက်တောင် ရောက်မလာဘူး"

ဦးထွေးနိုင်က ချိုရီ့နားသို့ လျှောက်လာကာ ဝမ်းသာအားရ ဆိုလိုက်သည်။ ချိုရီက အားလုံးကိုပြုံးပြီး နှုတ်ဆက်လိုက်သည်။

ဒီနေ့ ဆိုင်မှာလူရှင်းနေသည်။ white heart က ပျော်စရာအတိတ်က အရိပ်လေးတွေ ချိုရီ့နှလုံးသားမှတစ်ဆင့် သူမမျက်ဝန်းထဲ ဖြတ်ပြေးနေကြသည်။

"ချိုရီ ... ထန်ဆိုတဲ့ကောင်လေးနဲ့ ညည်း ဘာပြဿနာဖြစ်လဲတော့ ငါတို့လည်း မသိဘူး။ ညည်း ထွက်သွားပြီး တစ်လလောက်အထိတော့ သူ ပေါ်မလာခဲ့ဘူး။ နောက်ပိုင်း နေ့ရက်တွေမှာ သူ ဒီဆိုင်ကို နေ့တိုင်းရောက်လာခဲ့တယ်"

"သူ လာခဲ့တယ် ဟုတ်လား ဦးထွေး"

"ဟုတ်တယ် ချိုရီ၊ နင်နဲ့ပတ်သက်လို့ ဘာမှတော့ မမေးပါဘူး၊ ဒီလိုပဲ ငူငူငိုင်ငိုင်နဲ့ ပြန်သွားတာပဲ"

ဦးထန် ဘာလို့ ဒီဆိုင်ကို နေ့တိုင်းလာရတာလဲ။ ချိုရီ မတွေးတတ်အောင် ဖြစ်ရပါသည်။





"ရန်ဖြစ်ထားတယ်ဆိုလည်း ပြန်ခေါ်လိုက်ပေါ့ ချိုရီရာ၊ နင် ဒီလောက် ကြိုးစားပမ်းစားနဲ့ ဇာတ်လမ်းထွင်ထားရတာပဲ၊ သူလည်း ညည်းကို ဒီဆိုင်ကိုရောက်တိုင်း သတိရနေပုံပေါက်တယ်"

"တော်ပါတော့ ဦးထွေးရယ်၊ အရာရာအားလုံးလည်း ပြီးဆုံးသွားပြီပဲ"

ချိုရီ ငိုချင်စိတ်ကိုထိန်းနေရသည်။ တကယ်သာ သူ ချိုရီ့ကို ချစ်တယ်ဆို တခြားမိန်းမတစ်ယောက်နဲ့လက်ထပ်ဖို့ စီစဉ်မှာ မဟုတ်ဘူး။

"ချိုရီ ပြန်တော့မယ် ဦးထွေး၊ မမတို့လည်း ချိုရီ နှုတ်ဆက်ပါတယ်၊ သတိရလို့ ခဏဝင်လာတာ ပြန်လိုက်ဦးမယ်နော်"

"နေပါဦး ချိုရီရယ်၊ ရောက်ပြန်ကြီး"

မမိုးနှင့် မသစ္စာက ချိုရီ့ကို အတင်းဆွဲထားသည်။ ချိုရီ ဒီဆိုင်ထဲမှာ ဆက်မနေလိုတော့ပါ။ ဦးထန့်ကို သတိရသောစိတ်၊ တမ်းတသောစိတ်က ရင်ထဲတွင် အုံကြွလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ချိုရီ ဆိုင်ထဲမှ လှစ်ခနဲ ပြေးထွက်လာခဲ့သည်။ မိုးတွေက အုံ့မှိုင်းနေသည်။ မကြာမီပဲ ရွာချတော့မည့်ဟန်။ ချိုရီ့ ရင်ထဲတွင်လည်း အလွမ်းတွေ အုံ့မှိုင်းနေသည်။ စိတ်ရှိလက်ရှိ အားရပါးရ အော်ဟစ်ငိုကြွေးလိုက်ချင်သည်။ မိုးက တဖြောက် ဖြောက်နှင့် ရွာချလာသည်။

ချိုရီ့ခြေလှမ်းတွေက ဦးတည်ရာမဲ့နေသည်။ နေရာ တစ်ခု၊ တစ်ယောက်တည်း အခုလို မိုးသည်းသည်းမှာ ရင်ထဲက ဝေဒနာတွေကို အားရပါးရ ဖွင့်ဟနိုင်မည့် နေရာတစ်ခုကို ဖျတ်ခနဲ တွေးမိသွားသည်။

"ဟင်"

ဆိုင်တံခါးကို ဆွဲဖွင့်ဝင်လာသော လူရိပ်ကြောင့် ဦးထွေးနိုင် လှမ်းကြည့်စဉ်တွင် ထန့်ကိုမြင်လိုက်ရသဖြင့် အံ့အားသင့်သွားသည်။

"အစ်ကို ... ဒီကို ချိုရီ လာသွားသေးလားဟင်"

ထန်က မှော်လင့်ချက်ပြည့်လျှမ်းနေသော မျက်ဝန်းတစ်စုံဖြင့် ကြည့်ကာမေးလိုက်သည်။





"အေး ... ခုနင်ကလေးတင်မှ ထွက်သွားတာ မတွေ့လိုက်ဘူးလား"

ဦးထွေးနိုင် စကားဆုံးသည်နှင့် သူ ဆိုင်တံခါးကို တွန်းဖွင့်ကာ ပြေးထွက်လာခဲ့သည်။ မိုးရေအထိအတွေ့က အေးမြနေသော်လည်း သူ့ရင်ထဲက ပူလောင်မှုကိုတော့ မငြိမ်းသတ်နိုင်ခဲ့ပါ။ ဘယ်မှာလဲ အချစ်ရယ် ... မင်း ဘယ်ကို ပြေးပုန်းသွားတာလဲ။ ပူနွေးသော မျက်ရည်စ,က သူ့မျက်ဝန်းမှ ခွင့်မတောင်းဘဲ နှန်ထွက်လာသည်။

အရူးတစ်ယောက်လို မိုးရေထဲ သူ လျှောက်နေမိသည်။ အချစ်နှင့်တူသော အရိပ်အယောင်လေးတောင် သူမတွေ့ရပါ။ နောက်ဆုံးတော့ white heart ရှေ့မှာရပ်ထားသော သူ့ကားလေးရှိရာသို့ စိတ်ပျက်အားလျော့သော ခြေလှမ်းတို့ဖြင့် သူ လျှောက်လာခဲ့သည်။

ငါ မင်းကို စွန့်လွှတ်လိုက်ရတော့မှာလား အချစ်ရယ်။ ငါ့ရင်ထဲ မင်း ခဏလောက် ဝင်ကြည့်စေချင်တယ်။

"ဟာ ... အတော်ပဲ ဖေကြီးရေ၊ ထန်နဲ့ပဲ ကျွန်မသွားလိုက်တော့မယ်၊ မိုးက သည်းနေတာဆိုတော့ ဖေကြီးကို အား



www.burmeseclassic.com

www.burmeseclassic.com



မမောင်းစေချင်ဘူး၊ ကျောင်းက ဆရာမတစ်ယောက် မဟာမြိုင်အထူးကုဆေးခန်းမှာ တက်နေတာ၊ အဲဒါသတင်းသွားမေးချင်လို့လေ ထန်"

"လာလေ မေမေ၊ သွားကြတာပေါ့"

"ထန် နေမကောင်းဘူးလား"

သူ့ရဲ့အနီးရောင်သမ်းနေသော မျက်ဝန်းတစ်စုံကိုကြည့်ကာ မေးလိုက်သော မေမေ့စကားကို သူ မသိဟန်ပြု၍ အိမ်ထဲမှ ခပ်သုတ်သုတ် ပြန်ထွက်လာခဲ့သည်။

ဒေါ်စံထားကတော့ မတော်လိုက်ရသော ချွေးမအတွက် ထန် ခံစားနေရသည်ဟု ထင်လိုက်မိသည်။ အင်းလေ… ယုသံစဉ်နဲ့ ထန့်ရဲ့သံယောဇဉ်ကလည်း နည်းနည်းနောနော သံယောဇဉ်မှ မဟုတ်ခဲ့ဘဲ၊ ဒီကောင်လွတ်တဲ့ငါး ပိုကြီးနေသည်ဟု ခံစားနေရဟန်ရှိသည်။

အင်းလျားကို ဖြတ်လာတော့ အချစ်ကို သူ ပိုလွမ်းမိသည်။ အင်းလျားရဲ့ညနေအလှကို သူတို့နှစ်ယောက် ချစ်စကားလုလုလေးတွေနှင့် ပိုအသက်ဝင်အောင် အားဖြည့်ခဲ့ကြသည်မဟုတ်လား။





"ဟယ် … ဟိုမှာ ကောင်မလေးတစ်ယောက်ကို လူတစ်ယောက် ဖွေ့ချီလာတယ်။ ဘေးနားမှာလည်း လူတွေအများကြီးပဲ၊ ဘာဖြစ်သလဲ မသိဘူး။ ရေများနစ်လို့ ဆယ်လာတာလား"

နောက်ခန်းမှ မေမေ့အသံကြောင့် သူ ကားမောင်းနေရာမှ အကြည့်တစ်ချက် ပို့မိသည်။

"ဟင်"

ထန်သည် မျက်နှာပြန်လွှဲမည်လုပ်ပြီးမှ တစ်ခုခုကို သတိရသွားဟန်ဖြင့် ကားကိုအရှိန်လျှော့ပြီး ထိုးရပ်လိုက်သည်။

"ဘာဖြစ်တာလဲ ထန်"

အနီရောင် … အနီရောင်ဝတ်စုံလေး၊ ရင်ထဲမှာ မှုလောင်လို့နေသည်။ သူ … သူ … အချစ်များ ဖြစ်နေမလား။ သူ ရင်မှုစွာဖြင့် မှိုးသည်းထဲ ကားတံခါးဖွင့်ပြီးဆင်းကာ နောက်ပြန်ပြေးလာခဲ့သည်။

"အနီရောင်ဆိုတာ သွေးရဲ့အရောင်ပဲ ဦးထန်၊ သွေးထွက်တယ်ဆိုတာ နာကျင်ပြီးမှ ထွက်ရတာလေ။ ဒါမှမဟုတ်လည်း ကိုယ်တွင်းရောဂါဝေဒနာတစ်ခုကြောင့် ထွက်တာ



www.burmeseclassic.com

www.burmeseclassic.com



ရတာပဲ။ အချစ်တစ်ခုခုကို ခံစားရတိုင်း အနီရောင်ကို ဝတ်ထားတယ်၊ ဦးထန် သတိထားမိလား၊ white heart က အချစ်ထွက်သွားမယ်လုပ်တုန်းက အချစ် အနီရောင်ဝတ်ထားခဲ့တယ်"

"ဒါဆို အချစ်က တစ်ခုခုကို ခံစားရတိုင်း အနီရောင်ကို ဝတ်တာပေါ့၊ တကယ်လို့ ကာလရှည်ကြာစွာ ခံစားနေရမယ်ဆို နေ့တိုင်း အနီရောင်ပဲ ဝတ်မှာပေါ့"

"ဟုတ်တာပေါ့ ဦးထန်၊ အချစ် ပျော်ရွှင်နေတဲ့ရက်တွေမှာ ဘယ်တော့မှ အနီရောင်မဝတ်တတ်ဘူး။ ဦးထန်နဲ့ လျှောက်လည်တိုင်း အချစ် ဘယ်တုန်းက အနီရောင်ဝတ်ဖူးလို့လဲ၊ ဦးထန်နဲ့ ဝေးသွားရင်သာ အချစ် အနီရောင်ဝတ်မှာ"

"ပေါက်ကရ ... ကြား,မကြားဖူးပါဘူး။ ဝမ်းနည်းကြေကွဲခြင်း အထိမ်းအမှတ်အဖြစ် အနက်တွေ၊ အဖြူတွေဝတ်တယ်ပဲ ကြားဖူးပါတယ်။ အချစ်လုပ်လိုက်မှဖြင့် မဟုတ်ကဟုတ်ကတွေပဲ"

ရင်သည် အတိုင်းအဆမရှိ အခုန်မြန်လာသည်။





အချစ်ရဲ့စကားသံလေးတွေက နားနားမှာ လာကပ်၍ပြောနေသလိုပင်။

"အချစ် ... အချစ်"

အနားသို့ရောက်လာတော့ အချစ်ဆိုတာ သေချာသွားတော့ သူစိုးရိမ်တကြီး ခေါ်နေမိသည်။ အချစ်ကိုပွေ့ချီလာသောလူ၏လက်ထဲမှ အချစ်ကို သူ အတင်းပြောင်းယူလိုက်သည်။

"ခင်ဗျားနဲ့ သိလို့လား"

မသင်္ကာတဲ့မျက်လုံးများဖြင့် ကြည့်နေကြသော မျက်လုံးများရှေ့တွင် သူ ရဲရဲရင့်ရင့် ထုတ်ဖော်လိုက်သည်။

"သူက ကျွန်တော့်ချစ်သူပါ၊ နာမည်က ဝိုင်ချိုရီ"

"မယုံလို့မေးတာ မဟုတ်ပါဘူး၊ ကျွန်တော်တို့လည်း သူလဲနေတာတွေ့လို့ ဆေးရုံပို့ပေးမလို့ လုပ်ကြတာ"

"ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ ကျွန်တော်ပဲ သူ့ကိုခေါ်သွားပါရစေ"

"ဟုတ်ပါတယ်၊ အန်တီတို့ကို စိတ်ချပါ၊ အခုလိုကူညီပေးတာ အများကြီး ကျေးဇူးတင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



မေမေက နောက်ခန်းထဲဝင်လိုက်ပြီး ချိုရီ့ခေါင်းလေးကို သူမပေါင်ပေါ် တင်ထားလိုက်သည်။ နှုတ်ခမ်းလေးတွေပြာနေသော ကောင်မလေးကို အစိုးရိမ်ပိုနေမိသည်။ သူမ၏ အေးစက်စက်လက်ကလေးတွေက ဘုရားစာရွတ်ရင်း ဆုပ်နယ်ပေးနေမိသည်။

"သူက မေမေ သိပ်တွေ့ချင်နေတဲ့ ကျွန်တော့်ရဲ့ချစ်သူပဲ မေမေ၊ ကျွန်တော် သူ့ကို သိပ်ချစ်တယ်။ သူလည်း ကျွန်တော့်ကို သိပ်ချစ်ခဲ့တယ် မေမေ"

"မပြောဘဲနဲ့ မင်းအပြုအမူကို ကြည့်တာနဲ့ သိပါတယ် သားထန်၊ ပိုင်ချိုရီက မင်းနှလုံးသားရဲ့အစိတ်အပိုင်း မဟုတ်ဘဲ အကုန်လုံးကို ပိုင်ထားပြီးပြီပဲ"

"ဒါပေမဲ့ ကျွန်တော်တို့ ကံမကောင်းခဲ့ပါဘူး မေမေ"

ထန်က အက်အက်ကွဲကွဲဖြင့် ပြောလိုက်သည်။

o ❦ o





မေမေ့အသံကြောင့် သူ လှည့်ကြည့်မိသည်။ မေမေက ထီးလေးဆောင်းပြီး သူ့နောက်မှာ။

ကားနောက်ခန်းထဲက ကူရှင်ပေါ်မှာ အချစ်ကိုတင်လိုက်သည်။ အချစ်ရဲ့အေးစက်နေသော ပါးပြင်ပေါ် သူ့မျက်ရည်ပေါက်ခနဲကျသွားသည်။

မင်း ဘာမှမဖြစ်ပါနဲ့ အချစ်ရယ်၊ မင်း အသက်ရှင်ပေးပါ။ ငါ့အတွက် မင်း ရှင်သန်နေပေးပါ ချိုရီရယ်။ အိပ်ကပ်ထဲမှာထည့်ထားသော လက်စွပ်လေးကို ထုတ်ယူပြီး အချစ်လက်ခလယ်တွင် စွပ်ပေးလိုက်သည်။

"အချစ်ရယ် ... တို့ကို ခွင့်လွှတ်ပါ"

ဆိုသော စကားတို့ကို ပါးစပ်မှ တတွတ်တွတ်ရေရွတ်နေမိသည်။

"ထန် ... မဟာမြိုင်သာ မြန်မြန်မောင်းပါ၊ သွား ... စိတ်ကိုငြိမ်ငြိမ်ထား၊ သူ အသက်ရှူနေပါတယ်။ သတိလစ်သွားတာဖြစ်မယ်။ ဘာမှမဖြစ်နိုင်ပါဘူး"

မေမေ့စကားကြောင့် သူ အသက်ပြန်ဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၃၀

"ကိုယ့်ကိုခွင့်လွှတ်ပါ ဝိုင်ချိုရီ၊ ကိုယ် တောင်းပန်ပါတယ်"

ဖြူဖွေးသန့်ပြန့်သော ခုတင်ထက်မှ ချစ်သူကိုကြည့်ကာ သူ ခပ်တိုးတိုးလေး ပြောလိုက်သည်။

"ဘာအတွက်လဲ ဦးထန်"





ဝိုင်ချိုရီက အသံတုန်တုန်ဖြင့် မေးလိုက်သည်။ မိုးသည်းသည်းမှာ ရှိက်ကြီးတငင် ငိုကြွေးခဲ့သဖြင့် သူမရင်တွေက အခုထက်ထိ နာကျင်နေတုန်းပင်။

"အားလုံးအတွက်ပဲ ဝိုင်ချိုရီ၊ ဒီလက်စွပ်ကို မင်း ပြန်ပေးစရာ မလိုပါဘူး၊ မင်းက ကိုယ့်နှလုံးသားကို ရခဲ့တာပဲ"

"ဟင့်အင်း ... ချိုရီက ကိုယ့်ကိုချစ်တဲ့သူရဲ့ လက်စွပ်ကိုပဲ ဝတ်ချင်တာ"

'ထန်'သည် ချိုရီ့ကို ငေးခနဲကြည့်လိုက်မိသည်။ ငါ့လောက် မင်းကို ဘယ်သူက ပိုချစ်နိုင်မှာလဲ ဝိုင်ချိုရီ။ တကယ်ဆို ငါ့နှလုံးသားကို နည်းမျိုးစုံနဲ့ မင်း လှည့်ဖြားယူခဲ့တာ စဉ်းစားကြည့်ရင် ခွင့်လွှတ်နိုင်စရာမကောင်းပေမယ့် မင်း ငါ့ကို တကယ်ချစ်ခဲ့တယ်ဆိုတဲ့ ယုံကြည်မှုနဲ့ ငါ မင်းကို ခွင့်လွှတ်နိုင်ခဲ့တယ်။ ဒီလောကကြီးထဲမှာ ငါ သိပ်ချစ်ရတဲ့မင်း ရှိနေတယ်ဆိုတဲ့ အသိလေးနဲ့ ငါ ဆက်ပြီးရှင်သန်နေမှာပါ။

"ဒီလက်စွပ်လေးကလေ မင်းတို့နှစ်ယောက်အတွက် ငါပေးတဲ့ လက်ဖွဲ့ပေးပါ၊ ငါ့မှာတော့ မင်းရေးခဲ့သလို ဖူးစာရှင်ဆိုတာ ရှိမှမရှိခဲ့ဘဲ"



www.burmeseclassic.com

ချိုရီ သူပြောတာတွေ လုံးဝနားမလည်နိုင်သလို အံ့အားလည်းသင့်မိသည်။ တစ်ခုခုတော့ မှားယွင်းနေသည်။

"မင်္ဂလာဆောင်မှာ ဦးထန်နဲ့တွဲဝင်လာတာ ဦးထန့်ဇနီးလောင်း မဟုတ်ဘူးလား"

"ဘယ်ကဟုတ်ရမှာလဲ၊ သူက ယုသံစဉ်နဲ့လိုပဲ တို့နဲ့ သူငယ်ချင်း၊ နာမည်က မေယွန်းတဲ့"

"ဒါနဲ့ 'ထူး'နဲ့ ဆွေသက်ပြောတော့ ဦးထန်က အိမ်ထောင်ပြုတော့မှာဆို"

"မင်းလည်း မိဘတွေ သဘောတူထားတဲ့သူနဲ့ လက်ထပ်တော့မှာဆို"

"ဟာ ... ပေါက်ကရ"

ထန်နှင့် ချိုရီသည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။ ပြီးမှ ဒါ ထူးနှင့် ဆွေသက်မွန်တို့ရဲ့ တမင်လုပ်ကြံပြီးပြောသော ဇာတ်လမ်းများဆိုတာ နှစ်ယောက်သား သိလိုက်ကြသည်။

"ဆွေသက်နဲ့ထူး အရမ်းဆိုးတာပဲ၊ ဒီမှာ လူက သေမလောက် တောင်ခံစားခဲ့ရတယ်"





ထန်က ချိုရီ၏လက်ကလေးတွေကို ဆုပ်ကိုင်ထားသည်။ သူ့ရင်ထဲမှာ ဖော်မပြတတ်အောင် ကြည်နူးနေမိသည်။

"စိတ်မဆိုးပါနဲ့ အချစ်ရယ် ... သူတို့ ဒီလိုမပြောခဲ့ရင် တို့နှစ်ယောက်လည်း တို့ရင်ထဲက အချစ်အတိမ်အနက်ကို သေချာသိနိုင်မှာ မဟုတ်ဘူး"

"ဒါပေမဲ့ 'အချစ်' ဘယ်လောက် ခံစားခဲ့ရတာ ဦးထန်သိလို့လား၊ တကယ် ဦးထန်ကို ဆုံးရှုံးရတော့မယ်ဆိုပြီး ငိုခဲ့ရတာ၊ အချစ်ကိုယ့်ကိုယ်ကိုယ် သေပြီလို့တောင်ထင်ခဲ့တာ"

ပြောရင်းက ဝိုင်ချိုရီ မျက်ရည်ကျလာသည်။

"မင်းတစ်ယောက်တည်း ဒီလိုခံစားခဲ့ရတာလား အချစ်ရယ်၊ တို့လည်း ရူးမတတ်ခံစားခဲ့ရတယ်၊ မင်းများ တစ်ခုခုဖြစ်သွားမလားဆိုတဲ့ စိုးရိမ်စိတ်နဲ့ ရင်ထဲမှာ မီးတောက်နေသလို ခံစားခဲ့ရတာ"

အချစ်မျက်ရည်တို့ကို သူ ခပ်ဖွဖွ သုတ်ပေးရင်းက တီးတိုးဆိုသည်။

www.burmeseclassic.com



"ဦးထန် ... ရက်စက်တယ်၊ အချစ် လွမ်းနေတယ်ဆိုတာ သိနေရဲ့နဲ့ နေနိုင်တယ်"

မျက်ရည်သုတ်ပေးသော ဦးထန်လက်ကို ချိုရီ ဆိတ်ဆွဲရင်း ပြောလိုက်သည်။ ဘယ်လောက် ကလေးဆန်တဲ့ အပြုအမူလေးလဲ။ လက်သည်းမတိုမရှည်လေးနှင့် ဆိတ်ဆွဲတာမို့ အရမ်းကြီး မနာကျင်သော်လည်း ဖြူသောသူ့လက်ခုံမှာ အချစ် လက်သည်းရာ နီနီလေးတွေ ထင်းသွားသည်။

"ဟင် ... ဦးထန် နာသွားလားဟင်"

ဦးထန် လက်ခုံပေါ်မှ လက်သည်းရာကို ကြည့်ပြီး ချိုရီ မျက်နှာပျက်ပျက်နှင့် မေးလိုက်သည်။

"မနာပါဘူး အချစ်ရယ်၊ အချစ်သာ တို့နားမှာရှိနေခဲ့မယ် ဆို ဘယ်လောက်နာကျင်မှုပဲရှိရှိ တို့ ခံနိုင်ရည်ရှိပါတယ်"

"ဦးထန်ပဲ အချစ်ကို ရှေ့မှာ ဘယ်တော့မှ ပေါ်မလာနဲ့လို့ ပြောခဲ့တာ"

မျက်နှာလေးအိုသွားရင်း အချစ်က စကားနာထိုး ပြန်သည်။



"ဘာလဲ ငိုဦးမလို့လား၊ အချစ်မျက်ရည်တွေကမှ တို့ကို တကယ်နာကျင်စေတာနော်၊ တို့ကို နာကျင်စေချင်တယ် ဆိုရင်တော့ ငိုလိုက်ပေါ့"

"ဦးထန်နော်"

ပိုင်ချိုရီသည် ဝဲလာသော မျက်ရည်တို့ကို ပြန်သိမ်း ဖို့ကြိုးစားနေသည်။ အချစ်ရဲ့မျက်ရည်စက်က ဦးထန်ကို တကယ် နာကျင်စေမယ်ဆို ဒီမျက်ရည်တွေအားလုံးကို တဘတမ်လေးဆောက် ပြီး သိမ်းထားပါ့မယ် ဦးထန်။

"အချစ် ... နောက်ဆို ဘယ်တော့မှ အနီရောင်မဝတ်စေရဘူး လို့ ကိုယ့်အသက်နဲ့ထပ်ပြီး ကတိပေးပါတယ်၊ တို့အသက် ရှင်သရွေ့ ကာလပတ်လုံးပေါ့"

"အချစ်လည်း ဦးထန် အချစ်နားမှာနေပြီး အချစ်တွေပေး နေသရွေ့ အနီရောင်ဝတ်ဖို့ စိတ်ကူးမရှိပါဘူး"

သူတို့နှစ်ယောက်ကို တစ်ယောက်ကိုတစ်ယောက် ရွှန်းရွှန်းစားစား ကြည့်လိုက်ကြသည်။ အခန်းထဲဝင်လာသော ဒေါ်စံထားကိုတွေ့တော့ ထန်က ...

www.burmeseclassic.com

www.burmeseclassic.com



"မေမေ ... သူက ဝိုင်ချိုရီလေ၊ အထူးတလည်တော့ မိတ်ဆက်ပေးစရာမလိုဘူး ထင်တယ်"

"ဆရာမကြီး နေကောင်းလားဟင်"

ချိုရီသည် ဒေါ်စံထားကို မရဲတရဲကြည့်ကာ မေးလိုက်သည်။

"အေး ... ကောင်းပါတယ်၊ တို့တွေ ဒီလိုပုံစံမျိုးနဲ့ ပြန်ဆုံကြလိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ထားခဲ့ဘူး ဝိုင်ချိုရီ၊ လောကကြီးက တော်တော်ဆန်းကြယ်တာပဲ"

ချိုရီ ခေါင်းငုံ့ထားမိသည်။ စိတ်လှုပ်ရှားနေ၍ လက်ကလေးတွေ အေးစက်နေသည်။

"မေမေနော် ... 'အချစ်'က မေမေ့ကိုမတွေ့ရဲဘူး ကြောက်တယ်ချည်း ပြောနေတာ၊ အချစ်ကြောက်အောင်တော့ မခြောက်နဲ့နော်၊ ကျွန်တော်တို့ တစ်ယောက်နဲ့တစ်ယောက် တကယ်မြတ်မြတ်နိုးနိုး ချစ်ကြတာမို့ ခွင့်ပြုပေးစေချင်ပါတယ်"

ထန်က သူမကို ပြုံးပြုံးလေးပြောသော်လည်း သူ့စကားအဓိပ္ပာယ်တွေက ကျယ်ဝန်းနေသည်။ ဆိုလိုတာကတော့





ဝိုင်ချိုရီ့ကို သူရွေးချယ်ပြီးပြီ။ လက်မခံလည်း သူမကိုပဲ လက်တွဲမည်ဟု တရားဝင်ကြေညာခြင်းဖြစ်သည်။

"အေးလေ ... ထန်က အသိဉာဏ်ရှိတဲ့လူပါ၊ ရွေးချယ်မှု မမှားဘူးလို့ မေမေ ယုံကြည်ပါတယ်၊ ဒါပေမဲ့ ဝိုင်ချိုရီ တို့မိဘတွေနဲ့ရော မင်း တွေ့ပြီးပြီလား"

ထန် ခေါင်းခါပြလိုက်ပြီး ချိုရီ့ကို ကြည့်လိုက်တော့ ချိုရီလည်း စိတ်ညစ်သွားမိသည်။ ထန်နဲ့ကိစ္စကို မေမေ ရိပ်မိမှန်း သိရုံကလွဲလို့ ဘာမှအတိအကျမသိပါ။

ချိုရီလည်း ဖွင့်ဟ မပြောခဲ့ပါ။ ထန့်ဘက်ကိုသာ စိတ်လောပြီး စိုးရိမ်နေမိခဲ့သည်။

"ဝိုင်ချိုရီက မေမေ့ရဲ့ကျောင်းသူဖြစ်ဖူးတာရယ်၊ ထန်ကလည်း ချစ်မြတ်နိုးတာရယ်ကြောင့် မေမေ သဘောတူလိုက်ပါတယ်၊ ဒါပေမဲ့ ဝိုင်ချိုရီတို့ဘက်က မင်းကို လက်မခံနိုင်ရင်တော့ မေမေ မတတ်နိုင်ဘူး ထန်"

"ဟို ဆရာမကြီး ... အဲဒီကိစ္စကို ချိုရီ့တာဝန်ထားလိုက်ပါ၊ ချိုရီ့မိဘတွေ ဦးထန်ကို လက်ခံနိုင်အောင် ချိုရီ အစွမ်းကုန်ကြိုးစားမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စံထား ခေါင်းအသာညိတ်လိုက်သည်။ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ကြည်နူးစွာ ပြုံးနေကြသော ထန်နှင့် ဝိုင်ချိုရှိတို့ တစ်ယောက်နှင့်တစ်ယောက် သိပ်ချစ်ကြသည်ဆိုတာ သံသယဖြစ်ရန်မလိုပါ။ သူမ မျက်မြင်ကိုယ်တွေ့ပဲ။

○ ❦ ○





## ၃၁

"အံ့ပါရောအေ ... ယောကျ်ားတစ်ယောက်အတွက်ကြောင့်များ ဆေးရုံဆေးခန်းရောက်ရတယ်လို့၊ ဘာလဲ ... ငါ့ကိုဆင်ခြေပေးဖို့ မစဥ်းစားနဲ့၊ မေကို ... ငါတို့ကိုအားလုံးပြောပြီးသား၊ ညည်းအခန်းထဲက အဲဒီကောင်လေးရဲ့ပုံတူပန်းချီကားတွေလည်း ငါ တွေ့ပြီးပြီ၊ ငါ့သမီးလေး တော်လှ



www.burmeseclassic.com

www.burmeseclassic.com



တော်လှန့် ဆိုင်မှာ အချစ်ရှာဖွေရေး သွားလုပ်နေတာကိုး၊ နေစမ်းပါဦး ကြိုက်စရာရှားလို့ အဲဒီကျောင်းဆရာမကြီးရဲ့ သားကိုမှ ဘာလို့ သွားရွေးကြိုက်ရတာလဲ"

"ဘာဖြစ်လို့လဲ မမေ ... ဦးထန်မှာ ဘာအပြစ်ရှိလို့လဲ"

"ချိုရီ ... သေချာစဉ်းစားကြည့်စမ်း၊ ယောက္ခမကို မော်မကြည့်ရဲအောင် ကြောက်နေရမယ့်အဖြစ်မျိုး သမီး လိုချင်လို့လား၊ နဂိုကတည်းက သူက သမီးရဲ့ပြဿနာရှာတတ်တဲ့ အကျင့်ကိုလည်း သိထားတော့ သမီးကို နှိပ်ကွပ်မှာ သေချာတယ်"

"ဆရာမကြီးနဲ့သမီး တွေ့ပြီးပါပြီ မမေ၊ သူ သမီးနဲ့ဦးထန်ရဲ့အချစ်ကို နားလည်တယ်၊ သမီးကို ကြည်ကြည်ဖြူဖြူနဲ့ လက်ခံတယ်"

"တော်စမ်းပါဟယ်၊ ငါတော့ မယုံပါဘူး၊ ငါတို့မှာ ဒီသမီးလေး တစ်ယောက်ပဲရှိတာ၊ ညည်းကို မျက်စိကျနေတဲ့ လူတွေလည်းအများကြီးပဲ၊ ညည်းကို သိပ်ချစ်လို့တော့မထင်နဲ့နော်၊ ငါတို့မရှိတော့ရင် ကျန်ခဲ့မယ့် အမွေတွေကို တွက်ချက်ပြီး ညည်းကို အပိုင်ကြံချင်တဲ့သူတွေချည်းပဲ"





"ဦးထန်က ဒီလိုလူစား မဟုတ်ဘူး မမေ၊ သမီးကို White heart ရဲ့ ပိုင်ရှင်မှန်းမသိခင်အချိန်ကတည်းက ချစ်ခဲ့တာ"

ချိုရီသည် ဦးထန်အချစ်ကို ယုံကြည်စွာ ရဲရဲဝံ့ဝံ့ ပြောလိုက်သည်။

"မမေ ... ဦးထန်ကို အကဲခတ်ပေးပါ၊ ချိုရီ တောင်းပန်ပါတယ်"

ဒေါ်သီဂီသည် စိတ်အားထက်သန်စွာပြောနေသော ချိုရီ့ကို တစ်ချက်ကြည့်လိုက်သည်။ အရာရာကို အလေးအနက်မထား၊ အကြောက်အရွံ့မရှိဘဲ ပြဿနာရှာတတ်သော သမီးလေးသည် ဒီကောင်လေးကိုတော့ တော်တော်အလေးအနက်ထားသားပဲ။

"အေးလေ ... ညည်း ဒီလောက်စိတ်အားထက်သန်နေတော့လည်း ငါ တွေ့ပေးရမှာပေါ့၊ ဒါပေမဲ့ သဘောတူလိမ့်မယ်လို့တော့ တရားသေတွက်မထားနဲ့နော်"

ချိုရီ ခေါင်းငုံ့ကျသွားသည်။ ဒီကိစ္စ ဒီလောက်ခက်ခဲလိမ့်မယ်လို့ ချိုရီ မထင်ထားခဲ့ပါ။ သူမကို ကျောခိုင်းထွက်သွားသော မမေ့ကျောပြင်ကို ရင်မောစွာကြည့်ကာ ချိုရီ ကျန်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို ... မောင်ထွေးနိုင် ... အစ်မပါ။ မင်း အခု ဘယ်မှာလဲ ဆိုင်မှာလား၊ အေး တော်ကြာနေ အစ်မရောက်လာမယ်"

ဒေါ်သီဂီသည် မြေနီကုန်း Whiteheart ရဲ့ မန်နေဂျာကို ဖုန်းဆက်ချိန်းဆိုလိုက်သည်။

ဦးထွေးနိုင်က ဖုန်းချပြီး ဝန်ထမ်းကောင်မလေးများကို လှမ်း၍ စိတ်ပူပန်ဟန်ဖြင့် ...

"ဟေ့ ... ဟေ့ ... မမိုးတို့၊ ချယ်ရီတို့ သစ္စာတို့ရေ ... ဒီနေ့ ဆိုင်ကို Boss မိန်းမ လာမယ်နော်၊ ကြိုပြောထားတာ၊ တကယ်လို့ ချိုရီ့အကြောင်းမေးခဲ့ရင် ကောင်းကောင်းမွန်မွန် ဖာဖာထေးထေး ပြောကြနော်"

"ဦးထွေးကလည်း သူ ဘာမေးမှန်း မသိဘဲနဲ့ ဘာကို ဖာဖာထေးထေးပြောရမှာလဲ"

"ငါလည်း သေချာအတိအကျကြီးတော့ မသိဘူး၊ ဖြစ်နိုင်တာက ချိုရီနဲ့ သူ့ကောင်လေးအကြောင်းမေးဖို့များတယ်"

"ဟာ ... ဒါတော့ စိတ်ချ၊ သူတို့နှစ်ယောက် တစ်ယောက်





ကိုတစ်ယောက် ဘယ်လောက်ချစ်တဲ့အကြောင်း ဖောက်သည်ချလိုက်ဦးမယ်"

ဟု နဂိုကတည်းက ချိုရီတို့အတွဲကို အားကျနေသော သစ္စာက ဝင်ပြောလိုက်သည်။

"ဟဲ့ ... ဟဲ့ ... Boss မိန်းမကို နင့်သူငယ်ချင်းများထင်နေလို့လား၊ သူမေးမှဖြေရမယ်၊ ဒါ နင်တို့ကို မေးချင်မှလည်း မေးမှာပါ၊ ကဲ ... ကဲ ... ကိုယ့်အလုပ်ကိုယ်လုပ်ကြ"

ဦးထွေးနိုင်သည် ဒေါ်သီဂီကို လည်တဆန့်ဆန့်နှင့် မျှော်နေမိသည်။ အိမ်မှာ ချိုရီ ပြဿနာတက်နေသည်မှာ သေချာသည်။ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် သူ ချိုရီ့ကို ကူညီမည်။

ဆိုင်မှန်တံခါးကို ဆွဲဖွင့်ဝင်လာသော ဒေါ်သီဂီကို မြင်သည်နှင့် ဦးထွေးနိုင်သည် အပြေးလေး ခရီးဦးကြို ပြုမိသည်။ ဒေါ်သီဂီက ဆိုင်အနေအထားကို ဇွဲကြည့်လိုက်သည်။ မဆိုးပါ။ လှတော်တော်ဝင်သားပဲ။

"မင်းနဲ့ စကားပြောစရာရှိလို့ မောင်ထွေးနိုင်"

"ဟုတ်ကဲ့ အစ်မ၊ ဒီဘက်ကြွပါ"



www.burmeseclassic.com

www.burmeseclassic.com



ဦးထွေးနိုင်သည် ဒေါ်သီဂီကို လွှတ်နေသော စားပွဲတစ်ခုဆီ ဦးဆောင်သွားသည်။

“အစ်မ ဘာမေးမလဲဆိုတာ မောင်ထွေးနိုင်လည်း ရိပ်မိမှာပါ၊ ချိုရီက ဆိုင်မန်နေဂျာတွေအားလုံးထဲမှာ မောင်ထွေးနိုင်ကို အရင်းနှီးဆုံးဆိုတာ အစ်မသိတယ်၊ အစကတည်းက သူ မြေနိုကုန်း White heartကို ရွေးတာ အကြောင်းရှိမယ်လို့ အစ်မ သိပေမယ့် ဘာကြောင့်ဆိုတာတော့ သေသေချာချာ မသိဘူး”

ဒေါ်သီဂီသည် စကားကို ခဏရပ်လိုက်ရင်း ဦးထွေးနိုင်မျက်နှာကို တစ်ချက်အကဲခတ်လိုက်ရင်း ဆက်ပြောသည်။

“သူနဲ့ကြိုက်နေတဲ့ ထန်ဆိုတာ ဘယ်လိုကလေးမျိုးလဲ”

“သူက Top Construction Group က ဒီဇိုင်းတွေဆွဲတဲ့ ဗိသုကာအင်ဂျင်နီယာတစ်ယောက်ပါ၊ ရိုးသားကြိုးစားတည်ငြိမ်ပြီး ချိုရီလေးကိုလည်း တော်တော်ချစ်ပါတယ်”

“ဒီလိုပဲကြားရလိမ့်မယ်လို့ ထင်သားပဲ”





“ကျွန်တော် တကယ်ပြောတာပါ အစ်မ၊ ချိုရီ ဆိုတာက ကျွန်တော့်တူမလေးလိုပါပဲ၊ တကယ်သာ သူ မဟုတ်က ဟုတ်က ကလေကချေတစ်ယောက်နဲ့ တွဲနေတယ်ဆို ကျွန်တော်လည်း ဒီအတိုင်း လက်ပိုက်ကြည့်နေမှာမဟုတ်ဘူး”

“ကဲ ... ထားလိုက်ပါ၊ ချိုရီက သူ့ကောင်လေးနဲ့ ကျွန်မကို တွေ့ဖို့ပြောလာတယ်၊ သူ့ကို လက်ခံမခံ မသေချာသေးလို့၊ တကယ်လို့ လက်မခံဖြစ်ရင် ချိုရီ ပြဿနာရှာမှာစိုးလို့ သူနဲ့ အစ်မနဲ့ နှစ်ယောက်ပဲတွေ့လို့ရအောင် မောင်ထွေးနိုင် စီစဉ်ပေးနိုင်မလား”

“ဟုတ်ကဲ့ ... ရပါတယ်၊ သူတို့ဖုန်းနံပါတ် ကျွန်တော်မှာရှိတယ်၊ အစ်မ ဘယ်တော့လောက် သူ့ကိုတွေ့ချင်လဲ”

“ဖြစ်နိုင်ရင်တော့ ဒီနေ့ပဲ”

ဒေါ်သီဂီက ခပ်မှန်မှန်လေး ပြောလိုက်၏။

“ပြီးတော့ ဒီကိစ္စ ချိုရီ့ကို မသိစေချင်ဘူး”

“စိတ်ချပါ အစ်မ”



www.burmeseclassic.com

www.burmeseclassic.com



ဦးထွေးနိုင်သည် ကောင်တာဆီသို့ လျှောက်သွားပြီး ဖုန်းနံပါတ်တစ်ခုကို နှိပ်လိုက်သည်။

ဒေါ်သီဂီကတော့ မကြာခင်တွေ့ရတော့မည့် ချိုရီ့ကောင်လေးကို မေးစရာ ပြောစရာစကားတွေကို ကြိုတင်စဉ်းစားနေသည်။

ထန်သည် မျက်နှာထားတည်တည်နှင့် သူ့ကိုကြည့်နေသော 'အချစ်'အမေရှေ့တွင် စိုးရိမ်စိတ်များစွာနှင့်အတူ ထိုင်နေသည်။ ချိုရီက ဒီနေ့ သူ့အမေနဲ့တွေ့ဖို့လည်း ပြောမထားပါ။ နေ့လယ် ထမင်းစားချိန်ကို ချိုရီ့အမေက တွေ့ချင်၍ လာခဲ့ပါဟု မန်နေဂျာ ဖုန်းဆက်၍ အပြေးလေးလာရခြင်းဖြစ်သည်။

"ဒီနေ့ မင်းနဲ့တွေ့မှာ ချိုရီ မသိဘူး"

"ဟုတ်ကဲ့ ... သူ မသိဘူးဆိုတာ ကျွန်တော်သိပါတယ်"

"ငါ့သမီးက အရမ်းပြဿနာရှာတတ်တယ်၊ တစ်ခုခုမလုပ်ရရင် စားမဝင်အိပ်မပျော်တတ်ဘူး၊ မင်း အဲဒီဒဏ်ကိုခံနိုင်ပါ့မလား၊ အခုအချိန်က အချစ်ဆိပ်တက်တဲ့ အချိန်ဆိုတော့ သူ့အကျင့်စရိုက် ငုပ်လျှိုးကောင်းငုပ်လျှိုးနိုင်တယ်၊ ဒါပေမဲ့ အချိန်တန်လို့ ဒီစရိုက်ပြန်ပေါ်လာတဲ့အခါ မင်း ဖြေရှင်းသည်းခံပေးနိုင်မလား"





တကယ်တမ်းတော့ ဒေါ်သီဂီသည် ဟိုကောင်လေးကို စတွေ့တွေ့ချင်းမှာပင် ချိုရီအတွက် အားကိုးထိုက်သော ယောကျ်ားကောင်းတစ်ယောက် ဖြစ်နိုင်သည်ဆိုတာ သိရှိပြီးဖြစ်သည်။ သို့သော် ပြဿနာရှာတတ်သော သမီးလေးကို ဘဝတစ်ခုလုံးအပ်နှံဖို့ ထိုက်တန်သည့် သည်းခံနိုင်မှု သူ့မှာ အပြည့်အဝရှိရဲ့လားလို့တော့ သံသယဖြစ်မိသည်။

"ကျွန်တော် အတတ်နိုင်ဆုံး သည်းခံပေးမှာပါ၊ အချစ် ... အဲ ... ချိုရီက ပြဿနာရှာတယ်ဆိုတာ ဟိုးအရင်ကပါ၊ သူ အခု တော့ လိမ္မာနေပါပြီ အန်တီ အသိဆုံးဖြစ်မှာပါ"

"ဟုတ်တယ်၊ ငါ သူ့အကြောင်း အသိဆုံးပဲ၊ သိလွန်းလို့ မင်းဆုံးဖြတ်ချက် မမှားရအောင် လာသတိပေးမိတာ၊ သူ စပြီး ပြောတတ် ဆိုတတ်ဖြစ်လာတဲ့အရွယ်ကစပြီး ပြဿနာရှာခဲ့တာ အခုချိန်အထိပဲ၊ ငါလိုက်ရှင်းပေးခဲ့ရတာလည်း အကြိမ်ပေါင်း မရေတွက်နိုင်အောင်ပဲ၊ ကိုယ့်အမေလည်း ကိုယ်ပြန်မေးကြည့်ပါဦး၊ ဝိုင်ချိုရီ ဘယ်လောက်ပြဿနာရှာလဲဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ သူလုပ်တာတွေက အဆိုးရွားကြီးတွေမှ မဟုတ်ဘဲ"

"ဒါ သူ့ကို မင်းချစ်နေတဲ့အချိန်မို့ ဒီစကားမျိုးပြောတာ၊ အမှန်အတိုင်းပြောရရင် မင်းကို ငါ သဘောကျပါတယ်၊ ဒါပေမဲ့ ရေရှည် ချိုရီနဲ့ လက်တွဲဖို့ အဆင်ပြေပါ့မလား၊ သမီးကို စိတ်မညစ်စေချင်သလို မင်းကိုလည်း ငါ့သမီးကြောင့် စိတ်မရှုပ်စေချင်ပါဘူး"

"အန်တီ့ကို ကျွန်တော် နားလည်ပါတယ်၊ ကျွန်တော့်အသက်နဲ့ အန်တီ့ကို ကျွန်တော် ကတိပေးပါတယ်၊ တကယ်လို့များ ချိုရီ့ကို ကျွန်တော် စိတ်ညစ်အောင်လုပ်မိရင်၊ သူ ပြဿနာရှာတာတွေကို သည်းမခံနိုင်တော့ပါဘူးလို့ပြောမိရင် ကျွန်တော့်ကို လာသတ်လိုက်ပါ"

"ဟား ... မင်းစကားကိုတော့ ကြိုက်သွားပြီ၊ ငါ စိတ်ချလိုက်ပြီနော်၊ ငါတို့ ချိုရီလေးကို မင်းဆီ ယုံကြည်စွာအပ်လိုက်ပါပြီ"

○ ❦ ○





## ၃၂

ဆယ်နှစ်ခန့်ကြာပြီးသော် ...

မူလတန်းကျောင်း တစ်ကျောင်း၏ တတိယတန်းအခန်းတစ်ခန်းထဲတွင် ကောင်မလေးတစ်ယောက် ထိုင်ခုံပေါ်တွင် မတ်တတ်ရပ်နေသည်။ နေ့လယ်က အဖြစ်အပျက်ကို သူမမျက်စိ



www.burmeseclassic.com

www.burmeseclassic.com



ထဲ မြင်ယောင်နေမိသည်။ မေမေ ဝယ်ပေးသည့် ခြောက်သောင်းခွဲတန် ထမင်းဘူးလေးကို ဘေးနားက သူငယ်ချင်းတွေကို ပြ၍ အထဲထဲတွင် ချက်ပြီးစ ထမင်းဟင်းလို ပွန့်နေသော ထမင်း၊ ဟင်းတို့ကို စားကြည့်ခိုင်းခဲ့သည်။ ဒါကို ဇင်ဇာဆွေ ဆိုသည့် မနာလိုတိုရှည်ဖြစ်နေသည့် ကောင်မက အနောက်တန်းခုံတန်းပေါ်တွင်တင်ထားသော ထမင်းဘူးထည့်သည့်ခြင်းကို တမင်သက်သက်နဲ့ တိုက်ချပစ်သဖြင့် အထဲက စပရိန်တစ်ခုပြုတ်သွားကာ ထမင်းက ခါတိုင်းလို ပူမနေနိုင်တော့ချေ။

အလိပ်လိုက်ထွက်လာသော ဒေါသတို့နှင့် အတူ ဆရာမကို သွားတိုင်ပြောသော်လည်း မတော်တဆပါ ဟူသော စကားနှင့်ပင် ဆရာမက ကျေနပ်လိုက်တာမို့ သူမ၏ သည်းခံနိုင်မှုက ဘောင်ကျော်သွားခဲ့သည်။ ပိုက်ဆံရှိသော်လည်း ကပ်စေးနဲ့သော ဇင်ဇာဆွေတွင် အဖိုးတန်ဟူ၍ ဘာမှ မရှိပါ။ ကျောင်းကိုကားအကောင်းစားဖြင့် လာကြိုတတ်သော်လည်း လက်ညှိုးထိုးပြစရာ ဘာအဖိုးတန်မှမရှိသဖြင့်၊ ဒီကောင်မကို လုပ်ကြံမည့်သူမအစီအစဉ်ကို လက်လျှော့ရမလိုတောင်ဖြစ်နေပါသည်။





"ဇင်ဇာဆွေ ... နင် ဒီနေ့ အရမ်းလှတာပဲ"

သူငယ်ချင်းကောင်မလေးတွေရဲ့စကားကြောင့် သူမ ဇင်ဇာဆွေကို ကြည့်လိုက်သည်။ နဂိုတွန့်လိမ်ကောက်ကွေးသော ဆံပင်တွေက စင်းဖြောင့်နေသည်။

"ငါ့ကို မေမေက မနေ့က တိုနီထွန်းထွန်းမှာ ဆံပင်ဖြောင့်ပေးတာ"

ဇင်ဇာဆွေက ဂုဏ်ယူဝင့်ကြွားဟန်ဖြင့် ပြောနေသည်။

"တစ်ပတ်လောက် ခေါင်းမလျှော်ရဘူး ပြောတယ်"

"ဟုတ်လား၊ ဘာဖြစ်လို့တဲ့လဲ"

ကောင်မလေးတစ်ယောက်က ဝင်မေးလိုက်သည်။

"ရေထိရင် ပျက်စီးသွားရောတဲ့"

ဇင်ဇာဆွေ၏ ညောင်နာနာအသံက သူမကို ဝမ်းသာအားရဖြစ်စေခဲ့သည်။

ဒီကောင်မတော့ သေပြီသာမှတ်။

သူမနှင့် ဇင်ဇာဆွေ တစ်တန်းတည်းထိုင်ကြသည်။ ဇင်ဇာဆွေက ပြတင်းပေါက်နားတွင်ထိုင်သည်။ သူမသည် ဝမ်း



www.burmeseclassic.com

www.burmeseclassic.com



သာအားရဖြင့် ရေဘူးထဲမှ ကျောင်းသောက်ရေခွက်ကြီးကြီးကို သွားယူပြီး ရေလောင်းထည့်ကာ ဇင်ဇာဆွေ့ဆံပင်ကို ထိထိမိမိ စိုသွားအောင် လှမ်းပက်လိုက်လေသည်။

"အား ... သွားပါပြီ၊ ကုန်ပါပြီ ... ဟီး ဟီး"

ဖြန်းခနဲ ရေပက်လိုက်သံနှင့်အတူ ခေါင်းနောက်မြမ်းတစ်ခုလုံး ရွှဲရွှဲစိုသွားတာကြောင့် ဆံပင်ဆိုင်မှ အန်တီပြောသောစကားကို ဇင်ဇာဆွေ ပြန်သတိရမိကာ ရှိုက်ကြီးတငင်ငိုကြွေးမိသည်။

"ပြောစမ်း ... ဟန်နီ၊ ဇင်ဇာဆွေရဲ့ဆံပင်တွေကို မင်းရေနဲ့ ပက်လိုက်တယ်ဆို ဟုတ်သလား"

"ဟန်နီ့ဘာသာ ရေသောက်ပြီး မကုန်လို့ ပြတင်းပေါက်ဘက်ပက်လိုက်တာ၊ သူ့ဆံပင်ကိုထိသွားတာပါ"

ဟန်နီက မျက်လုံးအဝိုင်းသားဖြင့် ဘာမှအပြစ်မလုပ်လေဟန် ပြောလိုက်သည်။

"တော်စမ်း ဟန်နီ၊ ဆင်ခြေတွေမပေးနဲ့"

အတန်းပိုင်ဆရာမက ဟန်နီ့ကို ငေါက်ငမ်းလိုက်သည်။





"မတော်တဆဆိုတာ ဖြစ်တတ်တယ်လို့ တီချယ်ပဲပြောခဲ့တယ်လေ၊ သူ့ ဟန်နီ့ထမင်းချိုင့်ကိုတိုက်မိတုန်းက မတော်တဆဖြစ်ပြီး၊ ဟန်နီ့ကျမှ ဘာလို့ဆင်ခြေဖြစ်သွားရတာလဲ"

ချက်ချက်ချာချာနှင့် ပြန်ပြောသော ဟန်နီ့စကားကြောင့် အတန်းပိုင်ဆရာမမျက်နှာက ရဲခနဲဖြစ်သွားသည်။ ဒီကောင်မလေး ပြဿနာရှာတာ အကြိမ်ကြိမ်ရှိပြီ။ ငယ်ငယ်ရွယ်ရွယ်လေးနှင့် ချည်ပြီး တုပ်ပြီး စကားတို့ကိုလည်း ပြောတတ်သေးသည်။

"ထစမ်း ဟန်နီ၊ ခုံပေါ်မှာ မတ်တတ်ရပ်နေစမ်း၊ တစ်ချိန်လုံးထိုင်ဖို့ မစဉ်းစားနဲ့"

ဟန်နီသည် မျက်နှာတစ်ချက်မပျက်ဘဲ ခုံပေါ်တွင် မတ်တတ်ရပ်နေသည်။

"ပြီးခဲ့တဲ့လကလည်း မော်မော်ထွန်းခဲတံကို ချိုးပစ်ခဲ့တယ်၊ သီရိဝင်းအင်္ကျီကို အချဉ်ရည်စွန်းအောင်လုပ်ပြီး သူ့စာမိုးလွယ်အိတ်ထဲကို အမှိုက်တွေထည့်ခဲ့တယ်၊ ပါးစပ်မဟနဲ့ ဘာဆင်ခြေမှမပေးနဲ့၊ ညည်းလုပ်တာတွေ တော်တော်များနေပြီ၊ ကျောင်းသားမိဘတွေက ငါ့ဆီပဲ ခေါင်းတည်လာတယ်၊ ဒီတစ်ခါတော့မရတော့ဘူး၊ ညည်းမိဘတွေကို အသိပေးတိုင်တော့မှ ရတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ပြော … ညည်းမိဘတွေရဲ့ဖုန်းနံပါတ်"

ဟန်နီသည် အတန်ငယ်စဉ်းစားလိုက်ပြီး တစ်လုံးချင်းပြောလိုက်သည်။

"ဦးထန် 09 x x x x x x x"

"ဒေါ်ဝိုင်ချိုရီ 09 x x x x x x x"

အသင်

၂၉-၁၀-၁၁

BURMESE CLASSIC .com

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။

www.burmeseclassic.com